# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက် | ၂၀၁၅ ခုနှစ်၊ မေ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ [၅၄]၊ အမှတ် [၂၃၄]


### အားစေ မြစေ မေတ္တာရေ

- ❖ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အားစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူ့နတ်အချစ်ဆုံး၊
- ❖ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘူလ်ဂေးရီးယားနိုင်ငံ၊ ချက်သမ္မတနိုင်ငံနှင့် ဟယ်လင်းနစ်နိုင်ငံ သံအမတ်ကြီးများ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများပေးအပ်

စာမျက်နှာ-၃၊ ၈




လွယ်ဂျယ် မေ ၂၆

အမိမြန်မာနိုင်ငံတော်၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားမှု၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ လောကပါလတရားတို့ဖြင့် လွှမ်းခြုံထားမှု အစရှိသည့် အဓိပ္ပာယ်ပေါင်းများစွာဖော်ဆောင်နေသော ခံ့ညားထည်ဝါလှသည့် ရွှေနန်းတော် မြန်မာဝင်/ထွက်ဂိတ်ကြီးကို တရုတ်နိုင်ငံနယ်စပ် မူဆယ်မြို့တွင် မကြာမီဖွင့်လှစ်တော့မည်ဖြစ်သည်။ **ဓာတ်ပုံ-ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

## ကော်မရှင်၏ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ချက်များ၊ သိရှိမေးမြန်းလိုသည့်သတင်းအချက်အလက်များကို ရန်ကုန်ရုံးခွဲ၌ ရယူနိုင်

စာမျက်နှာ-၉

## ယနေ့ မာတိကာ

### ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ

ဆောင်းပါး စာမျက်နှာ-၅

### "ရွှေ"လည်ဆွဲ၍ပြန်ခဲ့ပါ သူရဲကောင်းတို့

ဆောင်းပါး စာမျက်နှာ-၆

### ဆန်ခါတင်အလှမယ်များ၏ ကိုယ်ရည်ကိုယ်သွေး ပြိုင်ပွဲကြီး မန္တလေးမြို့တွင် ကျင်းပ

စာမျက်နှာ-၁၃




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မဲပေးဖို့ဆုံးဖြတ်ထားပြီဆိုလျှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲကြီးကျင်းပရန် တဖြည်းဖြည်း နီးကပ်၍လာပေပြီ။ အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းအတွင်း ကျင်းပသွားရန် သက်ဆိုင်ရာက ကြေညာထားသည်။ ရွေးကောက်ပွဲသည် တစ်မျိုးသားလုံး၏ အရေးကိစ္စဖြစ်သည့်အလျောက် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးရန် တာဝန်ရှိပါသည်။ သို့ရာတွင် မိမိတို့၏ အမည်ပါ၊ မပါ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများသို့ ကော်မရှင်က သတ်မှတ်ထုတ်ပြန်ထားသည့်ရက်များအတွင်း ကြို တင်သွားရောက်ကြည့်ရှုထားဖို့လိုပါသည်။ သို့မှသာ ရွေးကောက် ပွဲကျင်းပသည့်အခါ အဆင်သင့်မဲပေးနိုင်မည်ဖြစ်ပါသည်။

ကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြေညာပြီးနောက် မဲစာရင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စု များအလိုက် မဲစာရင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မ ရှင်အဖွဲ့ခွဲ(ရပ်ကျေးကော် ခွဲ) အသီးသီးက ထုတ်ပြန်ကြေညာ ပေးမည်ဖြစ်ပါသည်။ ထိုအခါ မဲဆန္ဒရှင်များအနေဖြင့် ကြေညာ သည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ဖြည့်စွက်၊ ပြင်ဆင်၊ ကန့်ကွက် ခြင်းများကို ဆောင်ရွက်နိုင်ကြပါသည်။ ဤသို့ကြေညာ သည့်အခါတွင် ပြည့်စုံမှန်ကန်သည့် မဲစာရင်းများဖြစ်စေရေး အတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာ လမှစ၍ အခြေခံမဲဆန္ဒရှင် စာရင်း ကွန်ပျူတာသွင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အသီးသီးတွင် အဆင့်လေးဆင့်ဖြင့် အင်တိုက်အားတိုက် ကြိုတင်ဆောင်ရွက်ခဲ့ကြပါသည်။

ပြုစုရရှိသည့်မဲစာရင်းများကို လေးကြိမ်ခွဲ၍ထုတ်ပြန် ကြေညာပေးရန် စီစဉ်ထားသည်နှင့်အညီ ပထမအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ် ၁၀ မြို့နယ်တွင် ၃၀-၃-၂၀၁၅ ရက်နေ့မှ ၁၂-၄-၂၀၁၅ ရက်နေ့အထိ ၁၄ ရက်တိုင်တိုင် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံး များ၌ ကပ်ထားကြေညာပေးခဲ့ပါသည်။ ယခု ဒုတိယအကြိမ် အဖြစ် ၂၅-၅-၂၀၁၅ ရက်နေ့မှ ၇-၆-၂၀၁၅ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး ၁၄ မြို့နယ် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံ မြို့သစ်(အရှေ့ပိုင်း)၊ မြောက် ဥက္ကလာပ၊ သဃ်န်းကျွန်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ထန်းတပင်)နှင့် နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ် (တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေး၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ)တို့၌ အခြေခံမဲဆန္ဒရှင် စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေး ကောက်ပွဲကော်မရှင်ခွဲရုံးများ၌ ထုတ်ပြန်ကြေညာထားပြီးဖြစ် ပါသည်။ တတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင်လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ်၂၀၁၅ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ရန် စီစဉ် လျက်ရှိပါသည်။

လာမည့်ရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးဖို့ဆုံးဖြတ် ထားပြီဆိုလျှင် အသက် ၁၈ နှစ်ပြည့်ပြီး အရွယ်ရောက်ပြီးသူများ အနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးများသို့ သွားရောက်ကာ မိမိ၏ အမည်စာရင်းပါ၊ မပါ သတ်မှတ်ရက်အတွင်း ကြိုတင်သွားရောက်ကြည့်ရှုထားရမည် ဖြစ်ပါသည်။ အကယ်၍ မိမိ၏အမည်မပါလျှင် ပုံစံ (၃) ဖြင့်လည်းကောင်း၊ အချက်အလက် များမှားနေလျှင် ပုံစံ(၄-က) ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများဖြစ်ပါက ပုံစံ(၄)ဖြင့်လည်းကောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲရုံးများ၌ပင် လျှောက် ထားကြရမည်ဖြစ်ပါ သည်။ ခေတ္တလာရောက်နေထိုင်သူများ၏ အမည်များသည် မိမိတို့အမြဲနေထိုင်သည့်အိမ်ထောင်စုစာရင်း လဝကပုံစံ(၆၆/၆) ရှိသော မြို့နယ်မှ မဲစာရင်း၌သာ ပါဝင် မည်ဖြစ်ပါသည်။ သို့ပါ၍ အသည်းကြားက မဲတစ်ပြားဆိုသည့်အတိုင်း မိမိတို့၏ မဲပေးခွင့်များမဆုံးရှုံး စေရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းတွင် ပါ၊ မပါကြိုတင်သွားရောက်ကာ ကြည့်ရှုပါရန် အသိပေး တိုက်တွန်းအပ်ပါကြောင်း။ ။

# အာဆီယံ-ဂျပန် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နီးနှောဖလှယ်ပွဲဖွင့်

**ရန်ကုန် မေ ၂၆**

အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြား ရေးကော်မတီ၏ (၄၉)ကြိမ်မြောက် အစည်းအဝေးက အတည်ပြုခဲ့သော စီမံကိန်းတစ်ခုဖြစ်ပြီး အာဆီယံ-ဂျပန် ပေါင်းစပ်ရေး စီမံချက်တစ်ခု၏ ရန်ပုံ ငွေဖြင့် "ဒစ်ဂျစ်တယ်ဝန်းကျင်သို့ ရှေး ရှုသော လူမှုအသိုက်အဝန်းအတွက် စာကြည့်တိုက်များ" ဆောင်ပုဒ်ဖြင့် အာဆီယံ-ဂျပန် စာကြည့်တိုက်ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက် က ပြည်လမ်းရှိ တော်ဝင်ဂါးဒင်း ဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ယဉ် ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအေးမြင့်ကြူက စာကြည့် တိုက်များသည် ပြည်သူများအတွက် အသိဉာဏ်ပညာရရှိနိုင်သော ပြတင်း တံခါးများဖြစ်ပါကြောင်း၊ မြန်မာ နိုင်ငံတွင် ဗုဒ္ဓစာပေများ ထွန်းကားခဲ့ သည့် အေဒီ ၁၁ ရာစုပုဂံခေတ်မှစပြီး စာကြည့်တိုက်များ စတင်ပေါ်ပေါက် ခဲ့ပါကြောင်း၊ အစိုးရသစ်လက် ထက်တွင်လည်း နေပြည်တော်တွင် အမျိုးသားစာကြည့်တိုက် အသစ်၊ အမျိုးသားပြတိုက် (ရန်ကုန်) တွင် အမျိုးသားစာကြည့်တိုက်ခွဲတို့ကို ဖွင့် လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံစာကြည့်တိုက်များသည် လည်း ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲ မှုများစတင်နေပြီဖြစ်ပါကြောင်း၊ ဒီလို ပြောင်းလဲမှုများသည် အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန် အကျိုးပြုမှုနည်းလမ်းအသစ် တစ်ခုပဲ ဖြစ်ပါကြောင်း၊ Digital Information Literacy ဖန်တီး၊ ထုတ်လုပ်၊ ဖြန့်ဝေ အသုံးပြုနိုင်မှုကို ပိုမိုနားလည်နိုင် စေရန်နှင့် ပြည်သူများထံမှ သတင်း အချက်အလက်များ စုဆောင်းထိန်း သိမ်းနိုင်ရေးသည်လည်း အစိုးရနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင် ရွက်မှုအကြား အလွန်အရေးပါပါ ကြောင်း၊ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများသည် ဒစ်ဂျစ် တယ် လူမှုအဖွဲ့အစည်းသို့ ကူးပြောင်း ရာတွင် ပြည်သူများအားလုံးပါဝင်နိုင် ရန်အားပေးရာတွင် ထင်ရှားသည့် ကဏ္ဍတစ်ခုမှ ပါဝင်ပါကြောင်း၊ ဒါမှလည်း တိုင်းပြည်ပြုပြင်ပြောင်းလဲ ရေးလုပ်ငန်းစဉ်တွေမှာ အရေးပါတဲ့ ကဏ္ဍများဖြစ်သည့် ကျန်းမာရေး၊ တီ ထွင်ဖန်တီးနိုင်မှု၊ စဉ်းစားတွေးခေါ်မှု နှင့် ဘဝတစ်သက်တာ လေ့လာသင်ယူ မှုတွေမှ ဒစ်ဂျစ်တယ်နည်းပညာနှင့် ထိရောက်သည့် ထောက်ပံ့မှုပေးနိုင် မည် ဖြစ်ပါကြောင်း၊ Stakeholders များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အချက်အချာကျသော နေရာဖြစ် ပါကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲရက်များ အတွင်း ပြည်တွင်းပြည်ပမှ ပညာရှင်များ၏ သင်ကြားမှုများ၊ အတွေ့အကြုံများ မျှဝေခြင်းဖြင့် လိုအပ်တဲ့ ချင့်ချိန်ဆုံး ဖြတ်ချက်များ ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ အကောင်းဆုံး လက်တွေ့မျှဝေမှုများနှင့် စိန်ခေါ်မှု များကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

**(မြန်မာ့အလင်း)**







# အမှုထမ်းများ အခြေခံသမဝါယမ သင်တန်းဆင်းပွဲကျင်းပ

**မော်လမြိုင် မေ ၂၆**

မော်လမြိုင်မြို့ သမဝါယမ သင်တန်းကျောင်းမှ အမှုထမ်းများ အခြေခံသမဝါယမ သင်တန်းဆင်းပွဲ ကို မေလတတိယပတ်က ကျင်းပခဲ့ သည်။ အဆိုပါသင်တန်းသို့ မွန် ပြည်နယ်၊ကရင်ပြည်နယ်နှင့် တနင်္သာ ရီတိုင်းဒေသကြီးရှိ သမဝါယမ ဦးစီး ဌာနအဆင့်ဆင့်ရှိ အငယ်တန်းစာရေး ဝန်ထမ်း စုစုပေါင်း ၄၀ တက်ရောက် ခဲ့သည်။ သင်တန်းတွင် စာရင်းရေး စာရင်းကိုင် (Change of Mindset)၊ ရုံးလုပ်ငန်း၊ ဘဏ္ဍာရေး စည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်း၊ (Micro Capital Loan)၊ သမဝါယမဖွံ့ဖြိုးတိုးတက် ရေး ဘာသာရပ်၊ (Hire Pur- chase) လယ်ယာလုပ်ငန်းသုံး အရစ်ကျ ရောင်းချပေးခြင်း ဘာသာရပ်များ ကို ပို့ချခဲ့ကြောင်း သိရသည်။

**ဝင်းမမ(iprd)**

## ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန် ပေးဆောင်ပါ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၉၀ |
| ဥရောပ | တစ်ယူရို | ၁၁၉၂.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၁၀.၆၂ |
| ထိုင်း | တစ်ဘတ် | ၃၂.၄၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၁၃၆ |
| တရုတ် | တစ်ယွမ် | ၁၇၅.၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၁.၃၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နွေဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၃၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၀၀၀-၂၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၉၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၀၀-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၅၀-၁၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၂၀၀၀-၂၁၅၀ |
| အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၄၅၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၅၀-၃၀၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၆၀၀၀ |
| သကြား | တစ်ပိဿာ | ၁၀၅၀-၁၀၇၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ(စေ့ငုတင်ပြသည်)။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ချက်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ယာရိုစလပ်ဒိုလီဆက်ခ် သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဟယ်လင်းနစ်နိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်



**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပယ်ရီကလေ့စ် ဘူတို့စ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပယ်ရီကလေ့စ် ဘူတို့စ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဂုဏ်ထူးဆောင် ကောင်စစ်ဝန်များအား အသိအမှတ်ပြုစာချွန်လွှာပေးအပ်

**နေပြည်တော် မေ ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များအဖြစ်ခန့်အပ်ပြီးသော ဆွီဒင်နိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဒေါက်တာ မြင့်ဟန်၊ ဘယ်လာရုစ်နိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဒေါက်တာ အောင်မိုးမြင့်၊ နော်ဝေနှင့်ဖင်လန်နိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဦးထက်ညီတို့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ အသိအမှတ်ပြုစာချွန်လွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# တရုတ်နိုင်ငံသား ၃၄ ဦးပါဝင်သော မော်တော်ယာဉ်တန်းခရီးစဉ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်

**နေပြည်တော် မေ ၂၆**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ကြီးကြပ်မှု မိုးစင်ကြယ်ခရီးသွားလုပ်ငန်း၏အစီအစဉ်ဖြင့် တရုတ်နိုင်ငံသားဧည့်သည် ၃၄ ဦး ပါဝင်သောအဖွဲ့သည် မော်တော်ယာဉ်ကိုးစီးဖြင့် မူဆယ်မြို့ မှတစ်ဆင့် မြန်မာနိုင်ငံသို့ လည်ပတ်ရန် မေ ၁၀ ရက်က ရောက်ရှိခဲ့သည်။

အဆိုပါမော်တော်ယာဉ်တန်းသည် မူဆယ်မြို့မှတစ်ဆင့် မန္တလေးမြို့သို့ ထွက်ခွာလာပြီး မန္တလေးမြို့၌ မန္တလေးတောင်၊ ကောင်းမှုတော်၊ ရွှေကျောင်းနှင့် မန္တလေးနန်းတွင်း၊ အောင်နန်း ရွှေခြည်ထိုးလုပ်ငန်းနှင့် ဦးပိန်တံတား၊ မဟာမြတ်မုနိဘုရားနှင့် မဟာဂန္ဓာရုံကျောင်းသို့ သွားရောက်လေ့လာလည်ပတ်ပြီး မန္တလေးမြို့တွင် ညအိပ်ရပ်နားခဲ့သည်။

ထို့နောက် မေ ၁၂ ရက်က မန္တလေးမြို့မှနေ၍ ပုဂံမြို့သို့ထွက်ခွာလာရာ ပုဂံရှိ ရွှေစည်းခုံဘုရား၊ သဗ္ဗညုဘုရား၊ အာနန္ဒာဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဗူးဘုရားနှင့် မနူဟာဘုရားများကို ဖူးမြော်သည်။

မော်တော်ယာဉ်တန်းအဖွဲ့သည် မေ ၁၃ ရက်က ရန်ကုန်မြို့သို့ ဆက်လက်သွားရောက်၍ ရန်ကုန်မြို့ရှိ ဆူးလေဘုရား၊ ဗိုလ်ချုပ်ဈေး၊ ကန်တော်ကြီးနှင့် ရွှေတိဂုံဘုရားသို့သွားရောက်ဖူးမြော်လည်ပတ်ပြီး ရန်ကုန်မြို့တွင် ညအိပ်ရပ်နားသည်။

မေ ၁၆ ရက်က ရန်ကုန်မှကျိုက်ထိုမြို့သို့သွားရောက်ကာ ကျိုက်ထီးရိုးစေတီကိုဖူးမြော်၍ မော်လမြိုင်မြို့သို့ ဆက်လက်ထွက်ခွာပြီး မော်လမြိုင်မြို့၌ ညအိပ်ရပ်နားသည်။

တရုတ်နိုင်ငံသား ဧည့်သည်အဖွဲ့သည် မော်လမြိုင်မြို့မှ မေ ၁၇ ရက်က မြဝတီမြို့သို့ ထွက်ခွာပြီး ယင်းနေ့တွင် မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ၌ တစ်ခုတည်းသော ထိုင်းဘဏ်ဖွင့်ခွင့်ရသည့် ဗန်ကောက်ဘဏ်

**နေပြည်တော် မေ ၂၆**

ကျော်သဲအိမ်

မြန်မာနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ၊ ပြည်တွင်းရှိ ဘဏ်များကို ငွေကြေးဆိုင်ရာဝန်ဆောင်မှုများပေးရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဗန်ကောက်ဘဏ် (Bangkok Bank) ကို ရန်ကုန်မြို့၌ ဘဏ်ခွဲဖွင့်ခွင့်ပေးလိုက်ပြီဖြစ်ကြောင်း ထိုင်းနိုင်ငံမှလာသော သတင်းတစ်ရပ်က ဆိုသည်။

ဗန်ကောက်ဘဏ်သည် မြန်မာအစိုးရထံမှဘဏ်ခွဲဖွင့်ခွင့်ရသည့် တစ်ခုတည်းသော ထိုင်းဘဏ်ဖြစ်ကြောင်း သိရသည်။

ဗန်ကောက်ဘဏ် ဥက္ကဋ္ဌဖြစ်သူ ချတ်သီရိဆိုဖွန် ပါနစ်ချ်က မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းနှင့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးကိုပံ့ပိုးပေးမည့် ပြည်တွင်းငွေကြေးစနစ်မြှင့်တင်ရာတွင် ၎င်းတို့၏ဘဏ်အနေဖြင့် အဓိကအခန်းကဏ္ဍက ပါဝင်မည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားသည်။

ဗန်ကောက်ဘဏ်၏ ရန်ကုန်ဘဏ်ခွဲကို လာမည့် မေ ၂၈ ရက်တွင် ဖွင့်လှစ်မည်ဟု သိရသည်။

# တရုတ်သက်ကြီးရွယ်အိုရိပ်သာ မီးလောင် ၃၈ဦး သေဆုံး

**ပေကျင်း မေ ၂၆**

တရုတ်နိုင်ငံ ဟီနန်ပြည်နယ်ရှိ သက်ကြီးရွယ်အို စောင့်ရှောက်ရေး ရိပ်သာတစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၃၈ ဦး သေဆုံးခဲ့သည်။ ပေါ့ဆမှုကြောင့် နိုင်ငံအတွင်း မီးဘေးအန္တရာယ် ထပ်မံဖြစ်ပွားခြင်းဖြစ်သည်ဟု ဒေသမီဒီယာက ဖော်ပြသည်။

လုရှန်းစီရင်စုရှိ အဆိုပါ ပုဂ္ဂလိကပိုင် ကန်လီယွမ် သက်ကြီးရွယ်အိုရိပ်သာ၌ တနင်္လာနေ့နှောင်းပိုင်းက မီးလောင်ကျွမ်းခဲ့သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ဆိုသည်။ လူခြောက်ဦးဒဏ်ရာရရှိခဲ့ပြီး မီးလောင်ရခြင်း အကြောင်းရင်းကို မသိရှိရသေးပေ။ ကယ်ဆယ်ရေး လုပ်ငန်းများကို ဆက်လက်ပြုလုပ်လျက်ရှိသည်။

တရုတ်နိုင်ငံ၌ အလားတူ မီးလောင်ကျွမ်းမှုမျိုး ယခင်ကရှိခဲ့ပြီး အလုပ်သမားများသည် ရုတ်တရက်ဘေးအန္တရာယ်ကျရောက်မှုမှ ကိုယ့်ကိုယ်ကိုကာကွယ်ရန် ကောင်းစွာလေ့ကျင့်ထားခြင်းမျိုးမရှိဟု သိရှိရသည်။

ဖေဖော်ဝါရီလအတွင်းက ဂန်ဒေါင်ပြည်နယ်ရှိ ကုန်လှောင်ရုံမီးလောင်မှုတွင် လူ ၁၇ ဦး သေဆုံးခဲ့ပြီး ၂၀၁၃ ခုနှစ် ဇွန်လအတွင်းက အရှေ့မြောက်ပိုင်းပြည်နယ် ဂျီလင်ရှိသားသတ်ရုံတစ်ခု၌ လောင်သောမီးကြောင့် လူ ၁၂၀သေဆုံးခဲ့ရသည်။ **(ရိုက်တာ)**





# လေဆင်နှာမောင်းကြောင့် မက္ကဆီကိုတွင် လူ ၁၃ ဦးသေဆုံး

**မက္ကဆီကိုစီးတီး မေ ၂၆**

မက္ကဆီကိုမြောက်ပိုင်း စီးဒက်အာကူနာနယ်စပ်မြို့၌ ကြောက်မက်ဖွယ်အဖျက်စွမ်းအားကြီး လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ အနည်းဆုံး လူ ၁၃ ဦး သေဆုံးသွားခဲ့ကြောင်း အစိုးရဝန်ကြီးတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

"ယခုထိတော့ သေဆုံးသူ ၁၃ ဦးအထိရှိသွားပြီလို့ အတည်ပြုနိုင်ပါတယ်"ဟု ပြည်ထဲရေးအတွင်းဝန်ရုံးအကြီးအကဲ လူးဝစ်ဖီးလစ်ပွန်တီက ပြောသည်။

"အရွယ်ရောက်သူ ၁၀ ဦးနဲ့ ကလေးသုံးဦး အသက်ဆုံးရှုံးသွားပါတယ်။ ဒဏ်ရာပြင်းထန်သူ ၈၈ ဦးရှိပြီး ၂၂၉ ဦး အနည်းငယ်ဒဏ်ရာရခဲ့ပြီး ကလေးတစ်ဦးပျောက်ဆုံးနေပါတယ်"ဟု ပွန်တီက ဒေသဆိုင်ရာ ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်းတွင် ပြောသည်။

အဆိုပါ လေဆင်နှာမောင်းသည် စီဒက်အာကူနာမြို့သို့ ဒေသစံတော်ချိန် တနင်္လာနေ့နံနက် ၅ နာရီခွဲမှ ၆ နာရီ ၁၀ မိနစ်အတွင်း ကျရောက်တိုက်ခတ်သွားခဲ့သည်ဟု ဆိုသည်။

အဆိုပါ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် နေအိမ်အလုံး ၃၀၀ ပျက်စီးသွားပြီး ၁၅၀၀ ခန့်မှာ လေဒဏ်ကိုပြင်းထန်စွာ ခံခဲ့ရကြောင်း မြို့တော်ဝန်အီဗာရီစတိုလီနင်ပီရက်ဇ်က ပြောသည်။ ယင်းမုန်တိုင်းကြောင့် ကားများ၊နေအိမ်အမိုးများ၊ဓာတ်တိုင်နှင့် သစ်ပင်ကြီးများ လွင့်ပါသွားပြီး အပျက်အစီးများပြားခဲ့ကြောင်း မြို့တော်ဝန်က ပြောသည်။ **(ဆင်ဟွာ)**

# အယ်လ်ရှာဘတ်တို့၏ တိုက်ခိုက်ခံရမှုကြောင့် ကင်ညာရဲ ၂၀ထက်မနည်း သေဆုံး

**နိုင်ရိုဘီ မေ ၂၆**

ကင်ညာအရှေ့ဘက်ဂရီဆာနယ်မြေရှိ ရွာတစ်ရွာတွင် အယ်လ်ရှာဘတ်ဟုယူဆရသော သေနတ်သမားတစ်စု၏ ချုံခိုတိုက်ခိုက်ခံရမှုကြောင့် အနည်းဆုံး ကင်ညာရဲ ၂၀ သေဆုံးခဲ့ကြောင်း မီဒီယာများက အင်္ဂါနေ့က ဖော်ပြသည်။

ဂရီဆာမြို့၏ မြောက်ဘက်ကီလိုမီတာ ၇၀ (၄၅မိုင်) အကွာရှိ ယွမ်ဘစ်ရွာတွင် ရဲအရာရှိများ သေဆုံးခဲ့ကြောင်း The Standard နှင့် Daily Nation သတင်းစာက ၎င်းဝက်ဘ်ဆိုက်များတွင် တနင်္လာနေ့ ညနေပိုင်းကဖော်ပြသည်။

တနင်္လာနေ့အစောပိုင်းက မြေမြှုပ်မိုင်းထိခံရသော ယာဉ်ပေါ်မှ ဒဏ်ရာရရှိကြသော ရဲတပ်သားများကိုကယ်ဆယ်ရန် သွားနေစဉ် ယာဉ်လေးစီး မီးရှို့ခံရခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုတွင် ရဲအရာရှိ ၂၀ သေဆုံးခဲ့ကြောင်း သတင်းစာများတွင် ဖော်ပြထားသည်။

ယွမ်ဘစ်ရွာတွင် တိုက်ခိုက်ခံရမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း ရဲအရာရှိ ပြောခွင့်ရပုဂ္ဂိုလ် မာဆွတ်မွှေရီက အတည်ပြုပြောကြားခဲ့သော်လည်း အခြားအစိုးရအရာရှိများက မှတ်ချက်တစ်စုံတစ်ရာ မပေးပေ။

ပြီးခဲ့သောသီတင်းပတ်က အယ်လ်ရှာဘတ်သေနတ်သမားများသည် ယွမ်ဘစ်(စ်)မြို့ကိုတိုက်ခိုက်ခဲ့ပြီး အနီးအနားရှိ အခြားရွာသို့ မသွားခင် ဝတ်ပြုဆုတောင်းသူများကို ဖမ်းဆီးခဲ့ကာ ဘာသာရေးအဆောက်အအုံတစ်ခုပေါ်တွင် ၎င်းတို့၏အလံကို စိုက်ထူခဲ့သည်။

အယ်လ်ရှာဘတ်များသည် မကြာသေးမီနှစ်များအတွင်း ကင်ညာနိုင်ငံကို တိုက်ခိုက်မှုများ များစွာပြုလုပ်ခဲ့သည်။ ပြီးခဲ့သောလက တက္ကသိုလ်တစ်ခုကို တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၄၈ ဦး သေဆုံးခဲ့သည်။

**(ရိုက်တာ)**

# တရုတ်ရေတပ် ရဟတ်ယာဉ်ပျက်ကျ လေယာဉ်မှူးနှစ်ဦး သေဆုံး

**ပေကျင်း မေ ၂၆**

တရုတ်နိုင်ငံ လိုင်နင်ပြည်နယ် အရှေ့မြောက်ပိုင်း၌ မေ ၁၃ ရက်နေ့က ရေတပ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ နည်းပြလေယာဉ်မှူးတစ်ဦးနှင့် ၎င်း၏တပည့်တို့ သေဆုံးခဲ့သည်ဟု ရေတပ်က အင်္ဂါနေ့က ပြောကြားခဲ့သည်။

လေယာဉ်မှူးနှစ်ဦးသည် လူထူထပ်သည့်နေရာတွင် လေယာဉ်ပျက်ကျနိုင်မှုကို အောင်မြင်စွာ ကျော်ဖြတ်ခဲ့ပြီးနောက်တွင် ၎င်းတို့၏ လေထီးများဖြင့် ခုန်ချရန် မအောင်မြင်ဖြစ်ပြီးနောက် သေဆုံးခဲ့ရသည်ဟု ရေတပ်က သတင်းထုတ်ပြန်သည်။

အင်ဂျင်မီးလောင်နေသည်ကို သိရှိပြီးနောက်တွင် လေယာဉ်မှူးနှစ်ဦးသည် ကျေးရွာများ၊ လူနေအဆောက်အအုံများ၊ ဆေးရုံများနှင့် ကုမ္ပဏီများရှိရာနေရာများမှ ကွေ့ပြီးနောက် တောအုပ်ထဲသို့ ထိုးဆင်းခဲ့သည်။ ရဟတ်ယာဉ်သည် ပျက်ကျပြီး ၁၇ စက္ကန့်အကြာ မီးလောင်ပေါက်ကွဲခဲ့သည်။ ရဟတ်ယာဉ်ပေါ်မှ လေထီးဖြင့်ခုန်ဆင်းရန် လေယာဉ်မှူးနှစ်ဦးအတွက် လုံလောက်သောအချိန်နှင့် အမြင့်မရှိခဲ့ဟု တရုတ်ရေတပ်မတော်က ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# လှေစီးဒုက္ခသည်ဘင်္ဂါလီလူမျိုး ၂၀၀ ကို ဘင်္ဂလားဒေ့ရှ်သို့ပြန်ပို့ရန် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ သဘောတူညီချက်ရရှိ

**ဒါကာ မေ ၂၆**

ပြီးခဲ့သောသီတင်းပတ်က မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် စက်လှေဖြင့်မျောပါလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်ပို့ရန် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သဘောတူညီမှုတစ်ခုရရှိခဲ့ကြောင်း အင်္ဂါနေ့က ပြောကြားခဲ့သည်။

ရွှေ့ပြောင်းနေထိုင်သူများနှင့် သက်ဆိုင်သည့် အကျပ်အတည်းတစ်ရပ် အရှေ့တောင်အာရှတွင် ပေါ်ပေါက်ခဲ့သည်။

ထိုင်းနိုင်ငံသည် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို အရေးယူမှုများပြုလုပ်ပြီးနောက် လူကုန်ကူးသူများသည် ထိုင်းနိုင်ငံကိုဖြတ်၍ မှောင်ခိုခြင်းမပြုလုပ်တော့ဘဲ ရေယာဉ်များကို ပင်လယ်ပြင်တွင် စွန့်ခွာခဲ့ကြသည်။

ထို့ကြောင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၃၅၀၀ မှာ ပင်လယ်ပြင်တွင် သောင်တင်ခြင်းများနှင့် ကြုံတွေ့ခဲ့ရကြောင်း ကုလသမဂ္ဂဆိုင်ရာ ဒုက္ခသည်အေဂျင်စီက ပြောခဲ့သည်။

တနင်္လာနေ့က ဆွေးနွေးမှုတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း ဂလိုဘယ်နယူးလိုက်အော့ဖ် မြန်မာသတင်းစာက ဖော်ပြခဲ့သည်။

ရခိုင်ပြည်နယ် အနောက်ဘက် ကမ်းလွန်ပင်လယ်ပြင်တွင် မြန်မာရေတပ်က သောကြာနေ့က ကယ်တင်ခဲ့သော လှေပေါ်တွင် စုစုပေါင်း ၂၀၈ ဦး ပါဝင်ခဲ့ရာ ၂၀၀ မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ ဖြစ်ကြသည်။

ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မလေးရှားနိုင်ငံမြောက်ပိုင်းတို့သည် လူမှောင်ခိုကူးသူများနှင့် လူကုန်ကူးသူများအတွက် လှေဖြင့်တရားမဝင်ကုန်ကူးလာသူများကို အရှေ့တောင်အာရှနိုင်ငံများသို့ ပို့ဆောင်ရာ အဓိကလမ်းကြောင်းဖြစ်သည်။

ရွှေ့ပြောင်းအခြေချသူများက ၎င်းတို့သည် ဖိစီးနှိပ်စက်မှုများမှ လွတ်မြောက်ရန်နှင့် ပိုမိုကောင်းမွန်သောဘဝများကို ရှာဖွေရန်အတွက် ရွှေ့ပြောင်းအခြေချနေထိုင်ရန် ကြိုးစားခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

မြန်မာနိုင်ငံသည် လတ်တလော လှေဖြင့်ပါလာသော ဒုက္ခသည်များအရေးနှင့်ပတ်သက်ပြီး လူမှောင်ခိုခြင်းများနှင့် တရားမဝင်လူကုန်ကူးမှုဆိုင်ရာ ချိတ်ဆက်မှုများကို ပြစ်တင်ရှုတ်ချလျက်ရှိသည်။



**(ရိုက်တာ)**



# ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ

**ဟာဗနာငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဖာ့ခ်သူပုန်ကိုယ်စားလှယ်များက အပစ်အခတ် ရပ်စဲရန် တောင်းဆိုခဲ့ကြသော်လည်း အစိုးရကိုယ်စားလှယ်များက ထိုတောင်းဆိုမှုကို လက်မခံခဲ့ခြင်းမှာ ခိုင်လုံသောအကြောင်းပြချက်များ ရှိနေသည်။**

ထွန်းတောက်

### သက်တမ်းရှည်သူပုန်အဖွဲ့

၁၉၆၄ ခုနှစ်၌ စတင်ထူထောင်ခဲ့သည့် ကိုလံဘီယာလက်ဝဲဝါဒီဖာ့ခ်သူပုန်အဖွဲ့ (FARC) သည် စစ်အေးခေတ်ကာလကို ဖြတ်ကျော်ခဲ့ပြီး ယနေ့တိုင်ပင် ရှင်သန်ရပ်တည်နေနိုင်သည့် သက်တမ်းရှည်အတွေ့အကြုံရင့်ကျက်သည့် သူပုန်အဖွဲ့ဖြစ်သည်။

ကျူးဘားနိုင်ငံ ဟာဗနာမြို့တော်တွင် ကိုလံဘီယာအစိုးရကိုယ်စားလှယ်များနှင့် ဖာ့ခ်သူပုန်အဖွဲ့ ကိုယ်စားလှယ်များသည် ခုနစ်လကြာမျှ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လျှို့ဝှက်ပြုလုပ်ခဲ့ကြသည်။

၂၀၁၄ ခုနှစ် မေလ၌ပြုလုပ်ခဲ့သည့် ကိုလံဘီယာသမ္မတရွေးကောက်ပွဲတွင် ဒုတိယအကြိမ်သက်တမ်း၌ ပြန်လည်အရွေးခံခဲ့ရသည့် သမ္မတဂျူအန်မန်နျူရယ်ဆန်တိုစ်က ယခင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် နှိုင်းယှဉ်ကြည့်လျှင် ယခုခုနစ်လကြာ ဆွေးနွေးပွဲသည် ငြိမ်းချမ်းရေးသဘောတူညီချက်များရရှိရန် ပိုမိုနီးစပ်လာသည်ဟု ဝေဖန်သုံးသပ်ပြောဆိုခဲ့သည်။

ဟာဗနာဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များသည် အစည်းအဝေးအစီအစဉ်များအနက်မှ အချက်ငါးချက်အပေါ်တွင် သဘောတူညီမှုရရှိခဲ့သည်ဟု သိရသည်။

လွန်ခဲ့သည့်နှစ် အောက်တိုဘာလတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို စတင်ဆွေးနွေးခဲ့ကြသော်လည်း အစောပိုင်းကာလ၌ တိုးတက်မှုပီပီပြင်ပြင်မရရှိခဲ့ကြ၍ တစ်ဖက်နှင့်တစ်ဖက် ဝေဖန်ပြစ်တင်မှုပြုခဲ့ကြသည်။

အစိုးရကိုယ်စားလှယ်များက ဖာ့ခ်လက်ဝဲဝါဒီသူပုန်များသည် တရားသေဝါဒကို ကိုင်စွဲထားသည့် စတာလင်ဝါဒီများဖြစ်၍ ကမ္ဘာကြီးပေါ်၌ အပြောင်းအလဲများဖြစ်ပေါ်နေသည်ကို လျစ်လျူရှုနေကြကြောင်း ဝေဖန်ပြောဆိုကြသည်။

ဖာ့ခ်လက်ဝဲသူပုန်ခေါင်းဆောင်များမှာ ယနေ့အချိန်၌ ဗင်နီဇွဲလားနိုင်ငံနှင့် အခြားသောနိုင်ငံများတွင် ခိုလှုံနေထိုင်လျက်ရှိကြသည်။

ဟာဗနာငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဖာ့ခ်သူပုန်ကိုယ်စားလှယ်များက အပစ်အခတ်ရပ်စဲရန် တောင်းဆိုခဲ့ကြသော်လည်း အစိုးရကိုယ်စားလှယ်များက ထိုတောင်းဆိုမှုကို လက်မခံခဲ့ခြင်းမှာခိုင်လုံသောအကြောင်းပြချက်များ ရှိနေသည်။

လွန်ခဲ့သောအတိတ်ကာလငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၌ ဖာ့ခ်လက်ဝဲသူပုန်များသည် ဆွေးနွေးပွဲကို အသုံးချ၍ အချိန်ဆွဲကာ သူပုန်တပ်ဖွဲ့အင်အားကို ပြန်လည်စုစည်းတတ်လေ့ရှိခဲ့သည်။ ယခုအချိန်၌ ထိုကဲ့သို့သောအဖြစ်မျိုးကို ကိုလံဘီယာအစိုးရက ခွင့်မပြုနိုင်ပေ။

အစိုးရကိုယ်စားလှယ်များက သူပုန်တပ်ဖွဲ့ဝင်များ ယူနီဖောင်းချွတ်၍ သာမန်အရပ်သားများအဖြစ် နေရပ်သို့ပြန်လည်စေလွှတ်ခြင်း သို့မဟုတ် သူပုန်တပ်ဖွဲ့များကို ဖျက်သိမ်းခြင်းများကို တောင်းဆိုခဲ့ကြသော်လည်း ဖာ့ခ်သူပုန်ခေါင်းဆောင်များက မလိုက်လျောခဲ့ကြ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မမြင်ပြီးဆုံးသွားခဲ့ကာ အချက်ငါးချက်ကိုသာ သဘောတူချမှတ်နိုင်ခဲ့ကြသည်။

### တပ်မတော်အင်အားတိုးချဲ့ခဲ့

၂၀၀၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အုပ်ချုပ်ခဲ့သည့် သမ္မတအယ်ဗာရိုယူရိုက်ဘ်သည် ကိုလံဘီယာတပ်မတော်ကို တိုးချဲ့တည်ဆောက်ခဲ့ပြီး ဖာ့ခ်လက်ဝဲသူပုန်များနှင့် အခြားသူပုန်တပ်ဖွဲ့ဖြစ်သည့် ELN အဖွဲ့ကိုထိုးစစ်ကြီးများဖြင့် ချေမှုန်းတိုက်ခိုက်ခဲ့သည်။ ထိုစဉ်က ကာကွယ်ရေးဝန်ကြီးမှာ ယခုသမ္မတတာဝန်ထမ်းဆောင်နေသည့် မစ္စတာမန်နျူရယ်ဆန်တိုစ်ဖြစ်သည်။ သမ္မတဆန်တိုစ်သည် ယနေ့အချိန်၌လည်း ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်ကာ တပ်မတော်အင်အားကြီးထွားစေရန် ဆက်လက်ဆောင်ရွက်နေသည်။

ကိုလံဘီယာတပ်မတော်၏ ထိုးစစ်ကြောင့် ၂၀၀၂ ခုနှစ်၌ ၄၀၀၀၀ ကျော်ရှိသည့် ဖာ့ခ် သူပုန်တပ်ဖွဲ့သည် ယနေ့အချိန်၌ အင်အား ၁၈၀၀၀ မျှသာရှိတော့သည်။ ဒုတိယအင်အားအကြီးဆုံး ELN ပြောက်ကျားသူပုန်တပ်ဖွဲ့၌ ယနေ့အချိန်တွင် အင်အား ၄၄၀၀ မျှသာရှိတော့သည်။ ထိုစဉ်က သမ္မတယူရိုက်ဘ် ဖွဲ့စည်းခဲ့သည့် ပြည်သူ့စစ် ၆၀၀၀ သည် ယနေ့အချိန်၌ ဘက်ခရင်မ်ဟုခေါ်သည့် ရာဇဝတ်ဂိုဏ်းအဖွဲ့ဝင်များ ဖြစ်လာကာ မူးယစ်ဆေးဝါးကုန်ကူးခြင်းနှင့် ဆက်ကြေးကောက်ခြင်း၊ ရာဇဝတ်မှုများကို ကျူးလွန်နေလျက်ရှိသည်။ ၂၀၀၀ ပြည့်နှစ်၌ ဖာ့ခ်ပြောက်ကျားသူပုန် စသည့်ရောင်စုံ သောင်းကျန်းသူများနှင့် လက်နက်ကိုင်ရာဇဝတ်ဂိုဏ်းများ၏ ထကြွသောင်းကျန်းမှုကြောင့် ကိုလံဘီယာနိုင်ငံတွင် မြို့ပေါင်း ၁၁၀၀ ကျော်၌ ထိခိုက်သေကျေပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ၂၀၁၂ ခုနှစ်၌ မြို့ ၁၁၀၀ ၏ ၁၁ ရာခိုင်နှုန်း၌သာ ဆူပူသောင်းကျန်း အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည့်အတွက် သူပုန်ထမှုများ သိသာစွာလျော့ကျသွားခဲ့ရခြင်းမှာ တပ်မတော်အင်အားကြီးထွားလာ၍ ဖြစ်သည်ဟု နိုင်ငံရေးပညာရှင်တို့က ဝေဖန်ထောက်ပြသည်။

### ကာကွယ်ရေးဝန်ကြီးဂျူအန်ကာလို့စ်ပင်ဇန်

ကာကွယ်ရေးဝန်ကြီး ဂျူအန်ကာလို့စ်ပင်ဇန်က ယခုပစ္စုပ္ပန်ကာလ၌ ကိုလံဘီယာပြည်သူများရာစုမှာ ငြိမ်းချမ်းစွာဖြင့် နေထိုင်နိုင်ပြီဖြစ်ကြောင်း၊ သို့သော်ပြည်သူ ငါးသန်းကျော်မှာ ဖာ့ခ်သူပုန်များနှင့်ဘက်ခရင်မ်ရာဇဝတ်ဂိုဏ်းများ၏ရမ်းကား အကြမ်းဖက်အနိုင်ကျင့်မှုအောက်တွင် ဆက်လက်နေထိုင်နေရဆဲဖြစ်ကြောင်း၊ ပြည်သူသန်းပေါင်းများစွာမှာ အိုးအိမ်များမှစွန့်ခွာထွက်ပြေး၍ နိုင်ငံတွင်းစစ်ပြေးဒုက္ခသည်များ (IDP) ဖြစ်နေကြကြောင်း မစ္စတာပင်ဇန်က ရှင်းလင်းပြောပြသည်။

ကာကွယ်ရေးဝန်ကြီး မစ္စတာပင်ဇန်က ဗွိုင်အိုတာမြို့လေးကဲ့သို့ကျေးလက်ဒေသတွင် တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိရန်အတွက် ခိုင်မာရှည်ကြာသော ငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ရန် လိုအပ်သည်ဟု ပြောဆိုခဲ့သည်။

### တောင်ကြားမြို့လေးဗွိုင်အိုတာ

မြို့တော်ဘိုဂိုတာမှ နှစ်နာရီကြာမျှ ကားစီးသွားလျှင် ကျေးလက်ဒေသတောင်ကြား မြို့လေးဗွိုင်အိုတာသို့ ရောက်ရှိသည်။ ယခင်အတိတ်ကာလ၌ သာယာသောမြို့လေး ဗွိုင်အိုတာတွင် ကွန်မြူနစ်လယ်သမားများနှင့် ရှေးရိုးစွဲမြေရှင်များသည် ကော်ဖီစိုက်ခင်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ကာ ငြိမ်းချမ်းသာယာစွာယှဉ်တွဲနေထိုင်ခဲ့ကြသည်။ အလွန်အေးချမ်းသောမြို့ကလေး ဖြစ်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်များတွင် အလှအပများ ပျောက်ဆုံးကုန်သည့် ဗွိုင်အိုတာမြို့လေးသို့ ဖာ့ခ်ပြောက်ကျားသူပုန်များ ရောက်ရှိလာကာ မြို့တော်ဝန်နှင့်ကောင်စီလူကြီး ၁၀ ဦး ကို ပစ်သတ်ခဲ့သည်။ ဖာ့ခ်ပြောက်ကျားသူပုန်များသည် ဆက်ကြေးများ ကောက်ယူ၍ ပြန်ပေးဆွဲကာပြန်ရွေးငွေများတောင်းယူပြီး လုယက်ဖျက်ဆီးခဲ့ကြသည်။

ထို့နောက်တပ်မတော်က ထိုးစစ်ဆင်တိုက်ခိုက်သိမ်းပိုက်ကာ ဖာ့ခ်သူပုန်များကို မောင်းနှင်ထုတ်ခဲ့သည်။ တပ်မတော်ကဖွဲ့စည်းပေးသည့် လက်ယာဝါဒီပြည်သူ့စစ်များက အကြမ်းဖက်မှုနှိမ်နင်းရေးအမည်တပ်၍ မြို့ခံ တောင်သူလယ်သမားများကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခဲ့ကြသည်။ ဗွိုင်အိုတာမြို့ခံပြည်သူတို့ ဒုက္ခရောက်ခဲ့ကြသည်ဟု နိုင်ငံရေးသုတေသီတို့က ဝေဖန်သည်။

*စာမျက်နှာ ၁၀ သို့*



# “ရွှေ”လည်ဆွဲ၍ ပြန်ခဲ့ပါသူရဲကောင်းတို့

**ချစ်ဆွေမြင့်**




**(၂၇)ကြိမ်မြောက် ဆီးဂိမ်းတွင် ဗိုဗီနမ်ပြိုင်ပွဲ၌ မြန်မာအသင်းယှဉ်ပြိုင်စဉ်။** ဓာတ်ပုံ-သက်ထက်

မေ ၂၃ ရက် နံနက် ၁၀ နာရီခွဲက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အားကစားရုံ (B) ၌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစား သမားများကို အားကစားအောင်နိုင်ရေး အလံအပ်နှင်းခြင်းနှင့် အောင်ပွဲ ယူရန် အမှာစကားပြောကြားခြင်း အခမ်းအနားကျင်းပသည်။

အားကစားဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင် ခဲ့ဖူး၍ သည်လိုအစီအစဉ်မျိုးကို တက်ရောက်ခွင့်ရခဲ့ခြင်းအတွက် စိတ်ထဲ ပျော်ရွှင်ဂုဏ်ယူမိသည်။ ဒုတိယသမ္မတ၏ လမ်းညွှန်အမှာစကားတွင် လူတစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအတွက် အောင်မြင်ရေး၊ အောင်နိုင်ရေး၊ အောင်ပွဲရယူရေးလမ်းညွှန်၊ လေ့ကျင့်ရေးခံယူချက်ဆောင်ပုဒ်ကို ထည့်သွင်း လှုံ့ဆော်ထားပါသည်။

ဆောင်ပုဒ်က အားလုံးလည်း ရင်းနှီးကျွမ်းဝင်ကြပြီးဖြစ်သည့် ဆောင်ပုဒ်ဖြစ်သည်။ ဆောင်ပုဒ်မှာ

**‘လေ့ကျင့်မှ ကျွမ်းကျင်**
**ကျွမ်းကျင်မှ ယုံကြည်**
**ယုံကြည်မှ ရဲရင့်**
**ရဲရင့်မှ အောင်ပွဲဆင်’** . . . ဟူ၍ ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို မြန်မာ နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပစဉ် ကျွန်တော်တို့ ယဉ်ကျေးမှု ဝန်ကြီးဌာနက ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရန် တာဝန်ခံရသည်။ ထိုစဉ်က အကအလှအပြများအတွက် တက်ကြွစွာပါဝင် ကပြလျက် နိုင်ငံသားတို့၏ လုပ်နိုင်စွမ်းရှိသည့်ဂုဏ် (we can do)ကို စွမ်းရည်ပြခဲ့ကြသည့် ကျောင်းသား ကျောင်းသူတို့ကို ကျွန်တော်တို့ လေ့ကျင့်ပေးရာတွင်လည်း ဖော်ပြပါဆောင်ပုဒ်ကို ၂၀ ပေ × ၁၂ ပေ ဗီနိုင်း ချပ်ကြီးဖြင့်ရေးကာ လေ့ကျင့်ရေးကွင်းရှေ့တည့်တည့် မြေသားနံရံတွင် ချိတ်ဆွဲလှုံ့ဆော်ခဲ့သည်။ ပါဝင်ခဲ့သော ကျောင်းသား ကျောင်းသူ သားသမီးတို့ ယခုတိုင် နှုတ်မှ၊ ရင်မှ၊ အသိမှ အလွတ်ရရှိနေကြဆဲဖြစ် မည်ဟု ယုံကြည်သည်။

ယခုမြန်မာ့အားကစား လူစွမ်းကောင်းသူရဲကောင်းတို့သည် သူရဲကောင်း အဖြစ် အမည်ဂုဏ်ပုဒ်ကိုပါ ရယူနိုင်ရန် ရက်ပိုင်းအတွင်း စင်ကာပူနိုင်ငံသို့ ထွက်ခွာကြတော့မည်။ အားကစားသမားအဖွဲ့ချုပ်တာဝန်ခံဥက္ကဋ္ဌများ သည် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယ ဝန်ကြီး ဦးသောင်းထိုက်၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့နှင့်အတူ မြန်မာ အားကစားအရည်အသွေးမြှင့်တင်ရန်နှင့် မြန်မာ့အားကစား အောင်မြင်မှု မြှင့်တင်ရန် ဦးဆောင်ပြုစုပျိုးထောင်ကြသူများ ဖြစ်လာသည်။

အားကစားအဖွဲ့ချုပ် တာဝန်ခံဥက္ကဋ္ဌများကို ရွှေဘယ်နှစ်ခုရနိုင်မလဲဟု မေးကြည့်တဲ့အခါ “နိုင်ငံအတွက် အကောင်းဆုံးကြိုးစားထားပါတယ်”ဟု ဖြေကြသည်။ ရွှေရဖို့ အလားအလာ အားသာသော အဖွဲ့ချုပ်ပိုင်းကမူ ရင်ကော့ကာ ‘ရွှေ’ ဘယ်နှခုတော့ အသာလေးပေါ့ဟု ပြောကြသည်။ အားကစားသမားတို့ ကျွမ်းကျင်တော့ လည်း ဥက္ကဋ္ဌက ယုံကြည်မှုရှိသည်ပေါ့။

ဒုတိယသမ္မတက အားကစားအောင်နိုင်ရေးအလံကို အားကစားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းသို့ အပ်နှံချိန်တွင် နိုင်ငံတော်သီချင်းဖွင့်ပေး သည်။ အားကစားသမားအားလုံးလိုက်ဆိုကြတော့ ကျွန်တော်တို့လည်း လိုက်ဆိုချင်စိတ်၊ ဂုဏ်ယူချင်စိတ် သန္နိဋ္ဌာန်စိတ်တွေ ကိန်းအောင်းလာ သည်။ အလံတော်ကို ဦးညွှတ်အလေးပြုရာမှ နိုင်ငံတော်သီချင်းကို လိုက်ဆိုရင်း နောက်ဆုံးတော့ မတ်မတ်ရင်ကော့၍ အားကစားသမားများ နှင့်အတူ နိုင်ငံတော်သီချင်းကို လိုက်ဆိုမိသည်။

မျက်စိထဲတွင် မကြာသေးမီက လောက်ကိုင်စစ်ဆင်ရေးနယ်မြေပို့ဂ္ဂ ၂၂၀၂ ကို အမှတ် (၁၀၉) ခြေမြန်တပ်ရင်းက သိမ်းပိုက်ပြီးနောက် လွှင့်ထူ ထားသော ဝင့်ဝင့်ကြွားကြွား အားမာန်လွှင့်ပျံနေသည့် နိုင်ငံတော်အလံကို မြင်သည်။ နိုင်ငံတော်အလံရှေ့တွင် သိမ်းဆည်းရမိသော ရန်သူလက်နက် များနှင့် အောင်ပွဲဆင်သည့် ရဲဘော်များ၏ ဂုဏ်ယူနေသည့်မျက်နှာများကိုလည်း မြင်သည်။

သီချင်းလိုက်ဆိုနေစဉ်မှာပင် စိတ်၌ခံစားရသော နိုင်ငံအတွက်ဆိုသည့် စိတ်၊ ငါတို့နိုင်ငံအလံဟူသောစိတ်တို့က မြန်မာနိုင်ငံသားဖြစ်ရတာ ဂုဏ်ယူ နေသည်။ နိုင်ငံတော်က နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်း၊ ငါ့နိုင်ငံဆို သောအသိသည် ရင်၌ ပြင်းပြင်းထန်ထန် ခံစားရစေနိုင်သည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို (၃)ကြိမ်လိုက်လံ ပါဝင် ခဲ့ရသည်။ (၂၁)ကြိမ်မြောက် မလေးရှားဆီးဂိမ်း၊ (၂၂)ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်း၊ (၂၆)ကြိမ်မြောက် အင်ဒိုနီးရှားဆီးဂိမ်းများတွင် ပါဝင်ဆင်နွှဲခဲ့ရသည်။ အားကစားပြိုင်ပွဲတော့ မဟုတ်ပါ။ စိတ်ဓာတ် ရေးရာပြိုင်ပွဲများ ဖြစ်သည်။ (၂၁)ကြိမ်မြောက် Sea Games တုန်းက ဝူရှူးအားကစားတွင် ခိုင်ခိုင်မော်တို့ ထွန်းတောက်နေချိန် မလေးရှား နိုင်ငံ ပီနန်တွင်ပြိုင်ရသော ဝူရှူးပြိုင်ပွဲတွင် ခိုင်ခိုင်မော် ဓားရှည်အလှပြ အကဖြင့် ပထမရွှေတံဆိပ်ဆုရသည်။

ကလေးမ ကပြသည်မှာ ငြိမ့်ငြောင်းညက်ညောပြီး သန်မာလှပအချိုးကျ နည်းစနစ်မှန်တော့ ကျွန်တော်တို့ ကြည့်ရသူတွေ လွင့်မျောပါသွားသည်။ အချိန်စေ့၍ ကပြမှုရပ်လိုက်တော့မှ လက်ခုပ်သံများကြားရကာ သတိရသွား သည်။ ကျွန်တော်က နောက်ဆုံးမှ တီးမိသောလက်ခုပ်သံဖြစ်လိမ့်မည်။ သူ့အက လှလွန်းသည်။ ခိုင်ခိုင်မော် ရွှေတံဆိပ်ရတော့ ကျွန်တော်က ဆုတံဆိပ်များ ဆွဲပေးခွင့်ရသည်။ ရွှေတံဆိပ်ဆုလည်၌ ဆွဲပေးနေချိန် ခိုင်ခိုင်မော် မျက်ရည်တွေကျလာပြီးငိုတော့ ကျွန်တော်လည်း ဝမ်းသာ ဂုဏ်ယူမျက်ရည်တွေစီးကျလာသည်။ မပြီးသေးပါ။ ရွှေတံဆိပ်ရနိုင်ငံ၏ နိုင်ငံတော်အလံကို စင်မြင့်ထက်တင်သောအခါ နိုင်ငံတော်သီချင်းလွှင့် ပေးပြီး ကျွန်တော်တို့ လိုက်ဆိုကြပြန်သည်။

အဲ့ဒီအချိန်မှာလည်း ကျွန်တော်တို့မြန်မာအားကစားသမားနှင့် အုပ်ချုပ် သူတို့၏ မျက်ဝန်းမျက်နှာတွင် မျက်ရည်တို့ ပြည့်လျှံစီးကျနေပြန်သည်။ မြန်မာနိုင်ငံ၏အလံနှင့် နိုင်ငံတော်သီချင်းကို အခြားနိုင်ငံသားများက မတ်တတ် ရပ်၍ အလေးပြု၊ ဂုဏ်ပြု၊ ဂုဏ်ယူကြရသည်။ ကျွန်တော်တို့နိုင်ငံသား များ ဂုဏ်မရှိလျှင် ဘယ်သူရှိပါတော့မည်နည်း။

အဲ့ဒီ မလေးရှားမှာပဲ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ထိုင်း အမျိုးသမီးအသင်းနှင့်တွေ့ပြီး အချိန်ပိုအထိ တစ်ဂိုးစီသရေကျသည်။ မြန်မာက ၁၀ ဦးနှင့်ပဲ ကစားရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် မြန်မာ သူရဲကောင်းရဲမေတို့ ရှစ်ဂိုး၊ ခုနစ်ဂိုး (သေချာမမှတ်မိပါ) ဖြင့် ရှုံးခဲ့ရသည်။ ရွှေတံဆိပ်ရသော ခိုင်ခိုင်မော်ကဲ့သို့ ရွှေတံဆိပ်လွဲခဲ့သော မြန်မာအမျိုးသမီး ဘောလုံးသူရဲကောင်းတို့ငိုကြရပြန်သည်။ သူ့တို့နိုင်ငံဂုဏ်ကို မဆယ်နိုင်ခြင်း အတွက် ယူကျုံးမရဖြစ်ကြသည်။ တိုက်ပွဲကအိမ်အပြန် စံပယ်ပန်းတွေဝေပါ လျက် မျက်နှာပန်းမလှမှာစိုးကြသည်။ ရှုံးလိုက်ရသည့်အတွက် ဆုပေးပွဲသာ ဆိုပါလျှင် သူ့ကဲ့သို့ ကိုယ်အလေးပြုရဦးမည်။

မြန်မာ့ရိုးရာလှေတော်သားသူရဲကောင်းများသည် အခြားနိုင်ငံသားတို့ မြန်မာ့အလံကို ခဏခဏအလေးပြုရအောင် စွမ်းဆောင်နိုင်ကြသူများဖြစ်သည်။ သူတို့အတွက် ကျွန်တော်လှုံ့ဆော်ပေးခဲ့သောဆောင်ပုဒ်က “သူတို့မြေ၊ သူတို့ရေ၊ သူတို့လှေ၊ ငါတို့ရွှေ” ဟူ၍ ဖြစ်သည်။

(၂၆)ကြိမ်မြောက် အင်ဒိုနီးရှားအားကစားပြိုင်ပွဲကြီးသည် မြန်မာ့ရိုးရာ လှေတော်သားများအတွက် ကြီးကျယ်သောအောင်ပွဲဖြစ်သည်။ အမျိုးသမီး အသင်းသားများက ရွှေတံဆိပ်အားလုံးယူနိုင်ခဲ့ပြီး အမျိုးသားအသင်းသား များကမူ တစ်ဆုလျော့ခဲ့သည်ထင်သည်။ သူတို့၏ ပြိုင်ပွဲဝင်စုရပ်ကို သွား ကြည့်လျှင် သူတို့မျက်နှာများသည် ယုံကြည်မှုအပြည့်နှင့် ပျော်နေကြသည်။ ကျွန်တော့်ကို နှုတ်ဆက်သောအပြုံးသည် “ကျွန်တော်/ကျွန်မတို့ ရွှေလည် ဆွဲ လက်ဆောင်ယူပြီးပြန်ရမှာပါ” ဟု အားပေးနေသကဲ့သို့ ဖြစ်သည်။

မျက်နှာများကပြုံးနေသော်လည်း သူတို့ကြွက်သားများက အဆီမရှိဘဲ တင်းမာခက်ထန်နေသည်။ အင်ဒိုနီးရှားတို့ ရိုးရာလှေတွင် ရွှေအားလုံးသိမ်းရန် ရေးဆွဲထားသော စီမံချက်နှင့်ကြိုးပမ်းမှုများကို ကျွန်တော်တို့ လူစွမ်းကောင်း များက ရိုက်ချိုးပစ်နိုင်ခဲ့သည်။ ယခုနှစ်တွင် စင်ကာပူတို့က ရိုးရာလှေကို ဆုအရေအတွက်လည်း လျော့သည်၊ တက် (လှော်သား) အရေအတွက်လည်း လျော့သည်။ တာဝေးအကွာအဝေး (မီတာ ၂၀၀ နှင့် မီတာ ၅၀၀ သာပါသည်တဲ့) လည်းလျော့ထားသည်။ မြန်မာ့ရိုးရာ လှေနည်းပြအုပ်ချုပ်သူတို့ နည်းဗျူဟာ ပြောင်းကျင့်ရမှာ သေချာသည်။ “ကိုဖေဝင်း နည်းဗျူဟာ ပြောင်းရတော့မှာပေါ့” လို့ မေးလိုက်တော့ သူက “ဟဲဟဲ မပြောနိုင်ဘူး၊ ဒါလျှို့ဝှက်ချက်” ဟု ပြော သည်။ ကျွန်တော်လည်း ဒါဆိုဆောင်ပုဒ်မူပိုင်ခွင့်ပြန်ရုပ်သိမ်းပြီး အဆောင်လည်း ထိန်းလိုက်မည်ပြောရာ ကျွန်တော်တို့ရယ်ကြသည်။ ရွှေတံဆိပ်တွေ ရပါစေ လှေတော်သားများရေ။

စားပွဲတင်တင်းနစ်ကိုတွေ့တော့ ဗီယက်နမ်ဆီးဂိမ်းကို သတိရမိသည်။ ထိုစဉ်က ကျွန်တော်တို့ မွေးစားသမီးရှာရသည်။ ပြိုင်ပွဲစိစစ်ရေးကိုလည်း တော်တော်ဖားရသည်။ ဒါတောင်မှ မွေးစားသမီးဝင်းဝင်းမြင့် (အဖ ဦးသိန်း အောင်) က ငွေတစ်ခုပဲယူနိုင်သည်။ ကျွန်တော်တို့ စင်ကာပူအလံကို ခဏခဏမတ်တတ်ရပ်ပေးရသည်။ ယနေ့တွေ့တော့ အဖွဲ့ချုပ်ကိုမေးကြည့်ရာ ရသလောက် ယူမှာပေါ့လို့ ပြောသည်။ မြန်မာစိတ်ဓာတ်ကတော့ မလျှော့ပါပေ။

မြားပစ်အသင်း ရှေ့ရောက်တော့ အောင်ငြိမ်းပါလားလို့ မေးမိရာ (သိပြီးသားပါပဲ) သူနားသွားပြီ၊ နည်းပြပဲလုပ်မည်ဟုပြောသည်။ (၂၆) ကြိမ် မြောက် အင်ဒိုဆီးဂိမ်းတွင် အောင်ငြိမ်း၏ ပထမဆုံးရွှေသည် အင်ဒိုနီးရှား နိုင်ငံ ဘာလီ၌ အစည်းအဝေးတက်ရောက်နေသော နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ကျွန်တော်၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ TV မှ သတင်းစောင့် နားထောင်နေသော မြန်မာပြည်သူတို့၏ စိုးရိမ်ပူပန်မှုကို ဖြေလျှော့ပေး နိုင်သကဲ့သို့ ရှက်ရွံ့ရတော့မည့်အဖြစ်ကိုလည်း ကယ်တင်နိုင်ခဲ့သည်။

အောင်ငြိမ်း၏ တစ်ဦးချင်းဖိုင်နယ် နောက်ဆုံးမြားသည် ပြိုင်ဘက် ဖြစ်သော ဖိလစ်ပိုင်မှ မြားပစ်မယ်ကို အနိုင်ရရန်မှာ ဗဟိုစက်ဝန်း တည့်တည့် ‘၁၀’မှတ် စက်ဝန်းကိုထိမှသာဖြစ်နိုင်သည်။ မပစ်မီထိ အမှတ် ချင်းက တူနေသည်။ အဲဒီနောက်ဆုံးပစ်ရသော မြားကလည်း အမှတ်တူနေ ၍ မြားတစ်ချောင်းတည်းပြန်ပစ်ရသော ယှဉ်ပြိုင်မှုဖြစ်သည်။ ပြိုင်ဘက်က ‘၉’အထိ ပစ်ထားသော်လည်း ပထမရပါမလားစိုးရိမ်သလို အကွာအဝေး နှင့် လေတိုက်နှုန်းကြားတွင် ၉, ၈, ၇ အားလုံးကို ထိသွားနိုင်သည်။ အခြေအနေဆိုးလျှင် ပစ်မှတ်ကြီးကိုပင် လွဲတာတွေ့ဖူးသည်။ အောင်ငြိမ်း ကို ဘယ်သူမှ အနှောင့်အယှက်မပေးရန်၊ ဆရာမလုပ်ရန်၊ နိုင်ငံ့ဂုဏ်ကို ကယ်ရမည် ဘာညာမပြောရန်၊ သူ့အလုပ်သူ လုပ်ခွင့်ကိုသာ အေးဆေးစွာ ဖြေရှင်းစေရန် အမျိုးသမီးအုပ်ချုပ်သူကိုပြောမိသည်။ ကျွန်တော်လည်း သူ့အနားမသွားပါ။ သူ့ဆရာ ဦးကျော်ဦးလည်း အနားမှာမရှိပါ။ ဝန်ကြီး လည်း အဝေးမှာသာနေသည်။ နောက်ဆုံးတွင် အောင်ငြိမ်းသည် ကျွန်တော်တို့ တစ်နိုင်ငံလုံးကလိုအပ်သော ရွှေဆုဂုဏ်အတွက် ကျွန်တော် တို့ အားကစားအဖွဲ့က ဖြစ်စေချင်သော ‘၁၀’ မှတ် စက်ဝန်းဗဟိုကို တည့်တည့်ကြီးထိအောင်ပစ်ရင်း ကျွန်တော်တို့ကို ကယ်တင်ခဲ့သည်။

ဝါ၊ စိမ်း၊ နီ နိုင်ငံတော်အလံသစ်၏ အာဆီယံပြိုင်ပွဲအလယ် ဝင့်ထည်မှု ပထမဆုံးမှတ်တမ်းကို အောင်ငြိမ်းက ရေးသားပေးခဲ့သည်။ သူ့မျက်ရည်နှင့် သူ့အပြုံးများတွင် နိုင်ငံတော်အလံကို သူခြုံထားသည်က လိုက်ဖက်လွန်း လှသည်။ နိုင်ငံတော်အလံဆိုတာ သူရဲကောင်းတို့ရဲ့ အောင်ပွဲနှင့်သာ တင့်တယ်သည်။ ထိုက်တန်သည်။ ဂုဏ်ယူဖွယ်ဖြစ်သည်။

ယခု (၂၈) ကြိမ်မြောက် အားကစားပြိုင်ပွဲသို့ သူတို့သွားကြတော့ မည်။ ဂိုးတင်အောင်ဆိုသူလည်း မပါတော့၊ ပြေးခုန်ပစ်မယ် သန်းသန်း ဆိုတာလည်း မပါနိုင်တော့၊ ပြေးခုန်ပစ်မယ် ခင်ခင်ထွေးဆိုတာလည်း မပါနိုင်တော့။ သူတို့ကိုယ်စား မျိုးဆက်သစ်တို့က ယှဉ်ပြိုင်တိုက်ပွဲဝင် ကြတော့မည်။ ဝူရှူးမင်းသမီး ခိုင်ခိုင်မော်၊ လှေလှော်သူရဲကောင်းများ၊ ပိုက်ကျော်ခြင်းသူရဲကောင်းများ၊ လက်ဝှေ့အကျော်အမော်များ၊ အလေးမ လူသန်များ၊ တစ်ချိန်က မြန်မာ့ဂုဏ်ဆောင်ပေးခဲ့ကြသော ဆီးဂိမ်းရွှေတံဆိပ် ရှင်တို့နေရာတွင် မျိုးဆက်သစ်တို့က ဝင်တော့မည်။ သူတို့အလှည့်ရောက် ပြီ။ သူတို့ယုံကြည်မှုတွေ ထက်သန်လာအောင် ကျွန်တော်တို့က အားပေး ကြရပါမည်။

ကျွန်တော်တို့နိုင်ငံနှင့် နိုင်ငံသားအားလုံး၏ ဂုဏ်အတွက် သူတို့ကို အားကိုးရပါတော့မည်။ သူတို့ကယ်တင်စွမ်းဆောင်မှုများသည် ကျွန်တော်တို့ နိုင်ငံတော်အလံကို သူများအလေးပြုပြီး ကျွန်တော်တို့ နိုင်ငံတော်သီချင်း ကို သူများနားစွင့်ရပါတော့မည်။ သူတို့ အောင်မြင်ပါစေဟု ဆုတောင်း ရပါတော့မည်။ ပထမဆုဖြစ်သော ရွှေတံဆိပ်သာလျှင် မိမိနိုင်ငံ၏ဂုဏ် နိုင်ငံသားတို့၏ စွမ်းအားဖြစ်သည်။ မြန်မာ့အလံလေးမှာ လွင့်ပျံ့နေဆဲ သူတစ်ပါးတို့ ဦးညွှတ်လာစေခြင်းသည် သူရဲကောင်းတို့၏ ကြီးမြတ်သော ဂုဏ်သာဖြစ်ပါတော့သည်။

အားကစား လူစွမ်းကောင်းတို့ ပြိုင်ပွဲတိုင်းအနိုင်ရပြီး အောင်ပွဲဆင်ကာ ‘ရွှေ’ လည်ဆွဲ၍ သူရဲကောင်းအဖြစ် အမိမြေကိုပြန်လာကြပါလေ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# သိမ်းဆည်းမြေများကို အသုံးမပြုပါက မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရမည်



နေပြည်တော် မေ ၂၆

**ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများအပေါ် လက်ရှိကာလအထိ တိုးတက်ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက ပြဋ္ဌာန်းထားသည့်ဥပဒေအရ မြေသိမ်းဆည်းမည်ဆိုပါက ကာလပေါက်ဈေးပေးလျော်ကာ မြေသိမ်းမိန့်ထုတ်ပြန်ပြီးမှ သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ သိမ်းဆည်းထားသည့်မြေကိုလည်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အသုံးမပြုပါက ဥပဒေအရ ပြန်လည်သိမ်းယူရမည်ဖြစ်ပါကြောင်း၊ အဆိုပါသိမ်းဆည်းမြေများကို အသုံးမပြုပါက မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်က မြေသိမ်းဆည်းမှုများနှင့် မြေပြန်လည်လွှဲပြောင်းပေးအပ်မှု လုပ်ငန်းများ လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှု အားနည်းနေပါကြောင်း၊ သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍လည်း မည်သည့်အချိန်တွင် နောက်ဆုံး ဆောင်ရွက်ပေးမည်ကို ကာလ သတ်မှတ်သင့်ပါကြောင်း၊ နစ်နာကြေးပေးရာတွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အမျိုးမျိုးဖြစ်နေသည့်အတွက် သတ်မှတ်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက မကွေးတိုင်းဒေသကြီးအတွင်း၌ အချို့မြေကိစ္စများမှာ ပြီးစီးသင့်သလောက် ပြီးစီးပြီဖြစ်သော်လည်း အနည်းငယ်ကျန်ရှိပါကြောင်း၊ အဆိုပါအနည်းငယ်ကျန်ရှိသည့် မြေကိစ္စများကိုလည်း မူလပိုင်ရှင်များနစ်နာမှုမရှိအောင် ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် နည်းပညာရရှိရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဩစတြေးလျနှင့် ဘရာဇီးနိုင်ငံတို့မှ အကူအညီရယူ

**နေပြည်တော် မေ ၂၆**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၏ **ကျေးလက်နေ တောင်သူလယ်သမားများ လုပ်ငန်းရာသီအချိန်တိုင်း ပိုးထိသေဆုံးရခြင်းများကို ကာကွယ်ပေးရန်အတွက် မည်သို့စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ပအကူအညီများဖြင့် ဤကိစ္စအတွက် ကူညီထောက်ပံ့နေမှုများကို မည်သို့ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံရှိ မြွေများ၏



**မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်မေးမြန်းစဉ်။** (သတင်းစဉ်)

အဆိပ်ကိုအခြေခံထုတ်လုပ်ခြင်းဖြင့် မြွေကိုက်မှုများအတွက် အထိရောက်ဆုံးဖြစ်သော မြွေဆိပ်ဖြေဆေးကို လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်မည့် စက်ရုံအဆောက်အအုံသစ်အား GMP စနစ်ဖြင့် ဆောက်လုပ်လျက်ရှိပါကြောင်း၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့်ပစ္စည်းများနှင့် နည်းပညာရရှိရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဩစတြေးလျနှင့် ဘရာဇီးနိုင်ငံတို့မှ အကူအညီ အထောက်အပံ့ရယူဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လက်လှမ်းမမီသောဒေသမှ မြွေကိုက်ခံရသည့် တောင်သူလယ်သမားနှင့် အခြေခံလူတန်းစားများအတွက် အရေးပေါ် မြွေဆိပ်ဖြေဆေးထိုးနိုင်ရန် တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများအထိ သက်ဆိုင်ရာမြို့နယ်များမှတစ်ဆင့် မြွေဆိပ်ဖြေဆေးများကို ပေးပို့ထားပါကြောင်း၊ ပြည်ပအကူအညီထောက်ပံ့မှုများ ရရှိနိုင်ရန် ဆောင်ရွက်ထားပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။



**ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်ဖြေကြားစဉ်။** (သတင်းစဉ်)

မုဒုံမဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ **မော်လမြိုင်မြို့နှင့် ရေးရထားလမ်းတွင် ဂျပန်မှ အထူးတွဲများ ပြေးဆွဲရန်နှင့် ရထားလမ်းများကို ခေတ်မီအောင် ပြင်ဆင်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ခရီးသည်များအစီးများသည့် ရန်ကုန်မြို့ပတ်လမ်းနှင့်အခြား လမ်းပိုင်းများတွင် ဦးစားပေးဆောင်ရွက်နေရပါသဖြင့် မော်လမြိုင်-ရေး ရထားလမ်းပိုင်းတွင် ဂျပန်အထူးတွဲများ ပြေးဆွဲရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက **လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာဆုံးရှုံးမှု မရှိစေရေး စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ခွဲ(၁)၏ မြေသိမ်းနစ်နာမှုတိုင်ကြားစာ ၁၅၀၁ စောင်အနက် မည်မျှဖြေရှင်းပြီး၍ မည်မျှကျန်သေးသည်ကို သိလိုခြင်းနှင့် ဖြေရှင်းဆောင်ရွက်မှုအခြေအနေအား ယင်းကော်မရှင်သို့ ပြန်ကြားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအနေဖြင့် စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ(၁)မှ ပေးပို့သည့် အစီရင်ခံစာပါ အမှုတွဲများအပေါ် မြေကိစ္စ ၁၄ မှုတွင် စွန့်လွှတ်မြေဧက ၁၁၆၆ ဧကကျော် ကိုစိစစ်ခဲ့ပြီး တောင်သူ ၈၄ ဦးသို့ ၆၆၄ ဧကကျော်ကို ယာယီပုံစံဖြင့် လည်းကောင်း၊ အလားတူ တောင်သူ ၁၈ ဦးသို့ လယ်ယာမြေ ၃၈၇ ဧကကျော်ကို ပုံစံ(၇)ဖြင့် လည်းကောင်း၊ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ စားကျက်မြေ ၆၅ ဧကကျော်ကိုလည်း သက်ဆိုင်သူများထံသို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်လွှဲပြောင်းရန်ရှိသည်များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ရွှေလီ(၃)စီမံကိန်းအတွက် အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့ အစည်းများထံမှ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိရေးဆွေးနွေး

**နေပြည်တော် မေ ၂၆**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၅၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးသက်၏ **နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်နေသော KNU အဖွဲ့အား ယင်းတို့၏ နယ်မြေအတွင်း လုပ်ဆောင်နေမှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် အာဏာပိုင်အဖွဲ့များက ကူညီပူးပေါင်း ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးပြီး နှစ်ဖက်တပ်ဖွဲ့ဝင်များလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီများ အသက်ဝင်လာပါက KNU အပါအဝင် ငြိမ်းချမ်းရေး ဖော်ဆောင်နေသော



**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်ဝင်းမေးမြန်းစဉ်။** (သတင်းစဉ်)

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ လုပ်ဆောင်နေမှုများကို ဥပဒေနှင့်အညီ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

KNU အဖွဲ့ လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များသည် တပ်ဖွဲ့ဝင်များ၏ ငြိမ်းချမ်းရေး သဘောတူစာချုပ်အရ လိုက်နာရမည့် စည်းကမ်းများ၊ တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒသဘောထားအရ ဒွိတာဝန်အရေး(၃)ပါးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအပိုင်းတွင် မှားယွင်းစွာ လုပ်ဆောင်နေသည့် ကိစ္စရပ်များအပေါ်တွင် ဆက်ဆံရေးရုံးမှတစ်ဆင့် ကန့်ကွက် အကြောင်းကြားစာများ ပေးပို့အကြောင်းကြားခြင်းတို့ဖြင့် ထိန်းသိမ်းကြပ်မတ်လျက် ရှိပါကြောင်း၊ ဥပဒေဘောင်အတွင်းမှ မူဝါဒများချမှတ်၍ ၎င်းတို့နယ်မြေအတွင်း ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်ဝင်း၏ **ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ဘဏ္ဍာနှစ်အလိုက် လိုအပ်သည့် ရန်ပုံငွေနှင့် အဓိကလိုအပ်သော တည်ဆောက်ရေးပစ္စည်းများ ခွင့်ပြုချထားပေးရာ၌ သင့်တင့်လုံလောက်စွာ တိုးမြှင့်ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ **လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး**က ရွှေလီ(၃) စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် အဓိကအားဖြင့် ရန်ပုံငွေနှစ်စဉ်ပျမ်းမျှကျပ်ဘီလီယံ ၁၅၀ ခန့် လိုအပ်မည်ဖြစ်ရာ နိုင်ငံတော်ရန်ပုံငွေနှစ်စဉ်ခွဲဝေရရှိရန် အခက်အခဲရှိသည့်အတွက် ကမ္ဘာ့ဘဏ်အပါအဝင် အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများထံမှ သက်သာသော



**ဒုတိယဝန်ကြီး ဦးမော်သာထွေးဖြေကြားစဉ်။** (သတင်းစဉ်)

အတိုးနှုန်းဖြင့် ချေးငွေရရှိရေးဆွေးနွေးလျက်ရှိသကဲ့သို့ ပြည်ပမှကျွမ်းကျင်သူ Developer များနှင့်လည်း အကောင်အထည်ဖော်မှုအပိုင်းအား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိရာ မကြာမီသဘောတူညီချက်များ ရရှိမည့်အခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ပါကြောင်း။

ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းအတွက် ကြီးမားသောစက်ကိရိယာများနှင့် များပြားသောတည်ဆောက်ရေးပစ္စည်းများလုပ်ငန်းခွင်အရောက် ပို့ဆောင်နိုင်ရေး ဆောင်ရွက်ရာတွင် တွင်းငယ်-မိုးမိတ်လမ်းပိုင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူထားသည့် အပိုင်းဖြစ်သည့်အတွက် အဆိုပါလမ်းပိုင်းရှိ တံတားများနှင့် လမ်းများကို တန် ၆၀ ခံနိုင်ဝန်ရှိသည့် တံတားများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် ညှိနှိုင်းဆောင်ရွက်ထားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းနှင့်တံတားများကို နှစ်အလိုက်ရရှိရန်ပုံငွေဖြင့် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ လုပ်ငန်းသဘာဝအရ ဌာန၏ အစီအစဉ်ဖြင့် ဆောင်ရွက်သင့်သည့် လမ်းတံတားဆိုင်ရာကိစ္စများကိုလည်း ယာယီအစီအစဉ်ဖြင့် ခိုင်ခံ့အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **ယူကလစ်ပင်များ စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ အကျိုးနှင့်အပြစ်ကို ပြည်သူများသိရှိနိုင်ပါရန် ပွင့်လင်းမြင်သာစွာ ချပြပေးရန်နှင့် ဆက်လက်စိုက်ပျိုးရန် သင့်/မသင့် သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်**က ယူကလစ်သစ်မျိုးကို ၉ ပေ ပန္နက်၊ တစ်ဧကလျှင် အပင် ၅၄၀ ဖြင့် စိုက်ပျိုးပါက (၅)နှစ်မြောက်တွင် ယူကလစ်တစ်ပင်မှ သစ် ၇ ဒသမ ၈၁ ကုဗပေရရှိပြီး တစ်ဧကလျှင် ၈၀ ကုဗတန်ခန့်ရရှိမည် ဖြစ်ပါကြောင်း၊ ခေတ်မီနည်းပညာများအရ တစ်သျှူးမျိုးပွားခြင်းနည်းဖြင့် ထုတ်လုပ်ထားသော ယူကလစ်စပ်မျိုး ပျိုးပင်များဖြင့်

*စာမျက်နှာ ၈ သို့*

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အက်ဖ်ဂဲနီစတဲဖနော့ဖ် စတွိုင်းချက်ဗ်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

စိုက်ပျိုးပါက ၃နှစ်မှ ၅ နှစ်အတွင်း သစ်ပါးလွှာထုတ်လုပ်နိုင်ပြီး စီးပွားရေးအကျိုးအမြတ် များစွာရရှိနိုင်ပါကြောင်း။

တိုးပွားလာသော လူဦးရေအတွက် ထင်း၊ မီးသွေး၊ တိုင်၊ မျော၊ သစ်နှင့်သစ်တောထွက်ပစ္စည်း လိုအပ်ချက်အား ကျန်ရှိသော သဘာဝတောများကိုမထိခိုက်စေဘဲ ဖြည့်ဆည်းပေးနိုင်ရန်၊ အပူပိုင်းလွင်တီးခေါင်ဒေသများ၊ အပင်ရှင်သန်ရန် အခက်အခဲရှိသောမြေညံ့နှင့် စားကျက်မြေများတွင် သစ်တောအမြန် ပြန်လည်ဖြစ်ထွန်းလာပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်နှင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများအတွက် သစ်ကုန်ကြမ်းလိုအပ်ချက်ကို အချိန်တိုအတွင်း အများဆုံးဖြည့်ဆည်း ပေးနိုင်ရန်တို့အတွက် အကြီးမြန်၊ ဘက်စုံအသုံးဝင်သော ယူကလစ်သစ်မျိုးအား စိုက်ပျိုးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ထိုသို့စိုက်ပျိုးရာတွင် ဒေသခံမျိုးရင်းသစ်ပင်များ ကောင်းစွာရှင်သန်ဖွံ့ဖြိုးနိုင်ခြင်းမရှိသည့် တောင်တန်းဒေသ၊ ကုန်းမြင့်ဒေသ၊ ကမ်းခြေဒေသနှင့် အခြားမြေများတွင် အသုံးဝင်မှု၊ စီးပွားရေး တွက်ခြေကိုက်မှုအပေါ် မူတည်ပြီး စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်းနှင့် ယူကလစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးနှင့်အပြစ်ကို ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန်အတွက် ဟောပြောပွဲများ၊ သတင်းမီဒီယာများတွင် ရေးသားဖော်ပြခြင်းများ ပြုလုပ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

# ရတနာပုံတက္ကသိုလ် ဥပဒေပညာဌာနမှ ကျောင်းသား ကျောင်းသူများ တိုင်းဒေသကြီးတရားလွှတ်တော်သို့ လေ့လာ

**မန္တလေး မေ ၂၆**

ရတနာပုံတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ တတိယနှစ်နှင့် စတုတ္ထနှစ် ဥပဒေ ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သို့ ရောက်ရှိပြီး တိုင်းဒေသကြီး တရားလွှတ်တော်ရှိ တရားမတရားခွင်နှင့် ပြစ်မှုတရားခွင်တို့တွင် တရားစီရင်ရေးကိစ္စရပ်များ ဆောင်ရွက်နေမှုကို လေ့လာကြသည်။

ထိုသို့ လာရောက်လေ့လာသည့်အဖွဲ့တွင် ကျောင်းသား ကျောင်းသူ ၃၀ ပါဝင်ပြီး ကျောင်းပညာသင်ကြားရေးနှင့် လက်တွေ့ လုပ်ငန်းခွင်တို့ ပေါင်းစပ်ဆောင်ရွက်မှုအဖြစ် လက်တွေ့ကွင်းဆင်းကြခြင်းဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

** ကျောဖုံးမှ*

ရွှေ့ပြောင်းသွားလာသူ ၂၀၀ ကျော်အား ကယ်ဆယ်ခဲ့သည့်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့အား ကုလသမဂ္ဂအနေဖြင့် ချီးမွမ်းပါကြောင်း၊ အဆိုပါ ရွှေ့ပြောင်းသွားလာသူများအနက် ၂၀၀ မှာ ငယ်ရွယ်သည့် ဘင်္ဂလားဒေ့ရှ်အမျိုးသားများဖြစ်ပြီး ကျန်သည့် ၁၉ ဦးမှာ အသက် ၁၅ နှစ်နှင့် ၁၇ နှစ်ကြားရှိသူများ ဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ၎င်းတို့ကို မြန်မာ့ရေတပ်မတော်မှ ခေါ်ဆောင်လာခဲ့ပြီး မြန်မာအစိုးရ၊ ဒေသလူမှုအသိုက်အဝန်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့သည် ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ အကူအညီဖြင့် အစားအစာ၊ ရေနှင့် ယာယီနေထိုင်ရန် စီစဉ်ပေးထားကြောင်း။

ခိုကိုးရာမဲ့ဖြစ်နေသူများကို မည်သည့်နိုင်ငံသားပင်ဖြစ်စေ အထူးဂရုတစိုက်ဖြင့် ကယ်ဆယ်ခဲ့သည်ကို မစ္စတာနမ်ဘီးယားအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ ပင်လယ်ပြင်၌ ဒုက္ခရောက်နေသည့်သူ များစွာရှိနေသည်ဟု ယုံကြည်ရပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆက်လက်လုပ်ကိုင်ရန် မြန်မာအစိုးရအား တိုက်တွန်းပါကြောင်း၊ မြန်မာနိုင်ငံအပြင် ပိုမိုကျယ်ပြန့်သည့် ဒေသအတွင်း၌ လူမှောင်ခိုမှု၊ လူကုန်ကူးမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုအခြေအနေ၏ အရေးကြီးမှုကို နှစ်ဖက်ဆွေးနွေးခဲ့ပါကြောင်း၊ ဒေသတစ်ခုလုံးအတွင်း အလားတူဖြစ်စဉ်များတွင် အဆိုပါ ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့်ပွဲစားများ၊ ဤသို့ဆောင်ရွက်ကျူးလွန်မှုများ ပြုလုပ်သည့် ရာဇဝတ်ဂိုဏ်းများအား အရေးယူရေးကို ကြိုးပမ်းသွားရန် လိုအပ်သည်ကို သဘောတူခဲ့ကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို နိုင်ငံအတွင်းနှင့် ဒေသအဆင့် ဖြေရှင်းသွားရေး အရေးပါသည်ကို နှစ်ဖက်သဘောတူခဲ့ကြပြီး ယင်းပြဿနာများကို ဖော်ထုတ်ရန် မြန်မာအစိုးရအား ကုလသမဂ္ဂအနေဖြင့် ပံ့ပိုးကူညီရန်ကမ်းလှမ်းခဲ့ပါကြောင်း၊ ဤကိစ္စရပ်များကို ဆွေးနွေးရန်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရန်အတွက် နယ်ပယ်များကို ဖော်ထုတ်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၂၉ ရက်တွင် ကျင်းပမည့် ဒေသတွင်းအစည်းအဝေးသို့လည်း မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရန် အတည်ပြုခြင်းကို ကုလသမဂ္ဂအနေဖြင့် ကြိုဆိုပါကြောင်း။

အန္တရာယ်ရှိသည့် ပင်လယ်တွင်း လျှော့စီးထွက်ခွာမှုဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် ရွှေ့ပြောင်းသူများ၏ မူရင်းထွက်ခွာလာသည့် နိုင်ငံများ၏ အခြေအနေများကို မီဒီယာများအနေဖြင့် လွဲရှောင်ရန် မဖြစ်နိုင်ဘဲ အာရုံစိုက်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ပြည်တွင်းရွှေ့ပြောင်းသွားလာကြသူများ၏ အခြေအနေများတိုးတက်ရန် ကြိုးပမ်းအားထုတ်မှုများ အပါအဝင် ရခိုင်ပြည်နယ်ရှိ ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ အစိုးရအနေဖြင့် ပြည်တွင်းရွှေ့ပြောင်းသွားလာရသူများကို ၎င်းတို့၏ မူလနေရာသို့ ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် စတင်ဆောင်ရွက်လျက်ရှိပြီး လူမှုအသက်မွေးမှု၊ ကျန်းမာရေး နှင့် ပညာရေးအတွက် အကူအညီများပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းရွှေ့ပြောင်းသွားလာရသူများအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများအားလုံးအတွက် အကူအညီများပေးအပ်ရန် အစိုးရအနေဖြင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းတို့ကို မေတ္တာရပ်ခံထားပါကြောင်း။

ဤကြိုဆိုဖွယ်ကောင်းသည့် တိုးတက်မှုများ ရှိသော်ငြားလည်း ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများနှင့် အချို့ မူဆလင်ဘာသာဝင်များ ရင်ဆိုင်နေရသည့် အခြေခံအခွင့်အရေးများ ငြင်းဆိုခံရမှု၊ လွတ်လပ်စွာသွားလာမှုကို ထိန်းချုပ်ထားမှုတို့ကို ဖြေရှင်းရေးအတွက် ဆောင်ရွက်ရန် များစွာကျန်ရှိနေသေးကြောင်း၊ ရခိုင်ပြည်နယ်တွင်သာမက မြန်မာနိုင်ငံအတွင်းရှိ အခြားအုပ်စုများ နိုင်ငံသားဖြစ်မှု၊ အထူးသဖြင့် တရားဝင် အဆင့်အတန်းရှိမှု ကိစ္စများကို လျင်မြန်စွာနှင့် အလုံးစုံဖြေရှင်းသွားရန် လိုအပ်သည်ဟု ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့အနေဖြင့် အလေးထားပြောကြားခဲ့ကြောင်း၊ ဤအခွင့်အရေးကိစ္စများကို ဖြေရှင်းရေးအတွက် ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများကို လျင်မြန်စွာတိုးမြှင့်ဆောင်ရွက်ရေး၊ စုပေါင်းအားထုတ်ဆောင်ရွက်မှုကိုပါ ဆောင်ရွက်သွားရန်လိုအပ်သည်ကို ထပ်လောင်းပြောကြားခဲ့ကြောင်း၊ သို့မှသာ ပြည်နယ်အတွင်း ရင်ဆိုင်နေရသည့် ဆင်းရဲမွဲတေမှု၊ ချို့တဲ့မှု စသည့် စိန်ခေါ်မှုများကို ဘက်စုံပါဝင်ဖြေရှင်းသည့် နည်းလမ်းမှတစ်ဆင့် ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုး စီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် သင့်တင့်သော ငွေကြေးအရင်းအနှီးရရှိစေရေး၊ ဒေသအလိုက် ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို အချိန်မီ အချိန်ကိုက် ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကို ၂၀၁၅ ခု မေ ၂၁ ရက်မှ စတင်၍ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှ တစ်ပြိုင်နက် ထုတ်ချေးနေပြီဖြစ်ပါသည်။

၂။ စပါးတစ်ဧက ငွေကျပ်တစ်သိန်းနှုန်း၊ အခြားသီးနှံတစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ပြီး ချေးငွေအပေါ် အတိုးနှုန်းမှာလည်း တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြစ်၍ ငွေကျပ် ၁၀၀ အပေါ် တစ်လလျှင် ၄၂ ပြားသာ ကျသင့်မည်ဖြစ်ပါသည်။ လုပ်ကွက်ငယ်တောင်သူများဖြစ်သည့် ၁၀ ဧကနှင့်အောက် တောင်သူလယ်သမားများကိုသာ ငွေထုတ်ချေးမည်ဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)မိတ္တူ တင်ပြရပါမည်။

၃။ သို့ဖြစ်ပါ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဥပဒေ၊ နည်းဥပဒေတို့အရ ကြွေးဟောင်း ပြေကျေပြီးသူများကို ကြွေးသစ်ထုတ်ချေးပေးနေပြီဖြစ်၍ ဘဏ်သို့ပေးဆပ်ရန် ကျန်ရှိနေသည့် ကြွေးကျန်တောင်သူလယ်သမားများအနေဖြင့် ကြွေးဟောင်းများကို ဘဏ်သို့အမြန် ပြန်လည်ပေးဆပ်ပြီး မိုးစပါးစိုက်ပျိုးရန်အတွက် လိုအပ်သောစိုက်ပျိုးစရိတ် အရင်းအနှီးများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

# ကော်မရှင်၏ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ချက်များ၊ သိရှိမေးမြန်းလိုသည့် သတင်းအချက်အလက်များကို ရန်ကုန်ရုံးခွဲ၌ ရယူနိုင်မည်

ရန်ကုန် မေ ၂၆

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းအချက်အလက်ဌာန ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(ရန်ကုန်ရုံးခွဲ)၌ ကျင်းပခဲ့သည်။**

အဆိုပါ သတင်းအချက်အလက်ဌာနဖွင့်လှစ်ခြင်း အခမ်းအနား၌ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် လွတ်လပ်မျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ အစရှိသည့် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများအား မိမိတို့ကော်မရှင်အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်လျက်ရှိသည့် ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များအား သတင်းထုတ်ပြန်ခြင်း၊ Website လွှင့်တင်ခြင်းနှင့် ပြင်ပဆက်ဆံရေးဌာနများ ဖွင့်လှစ်ထားရှိသော်လည်း ကဏ္ဍစုံ ပါဝင်ပတ်သက်သူများအနေဖြင့် သတင်းအချက်အလက်များကို ပိုမိုလျင်မြန်လွယ်ကူ



စွာရရှိနိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ အများဆုံးရှိသည့် ရန်ကုန်မြို့တွင် ပြင်ပဆက်ဆံရေးဌာန ရုံးခွဲအဖြစ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ ရန်ကုန်မြို့တွင် ပြင်ပဆက်ဆံရေးဌာနရုံးခွဲ ဖွင့်လှစ်ခြင်းကြောင့် ကဏ္ဍစုံမှ ပါဝင်ပတ်သက်ကြသူများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နီးကပ်လွယ်ကူစွာ ဆက်ဆံနိုင်မည်ဖြစ်ပြီး ဥပဒေဆိုင်ရာ အချက်အလက်များ၊ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ ကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်များ၊ သိရှိမေးမြန်းလိုသည့် သတင်းအချက်အလက်များကို ရန်ကုန်ရုံးခွဲ၌ပင် ဆောင်ရွက်ရယူနိုင်မည်ဖြစ်ကြောင်း၊ ကော်မရှင်နှင့် နီးကပ်စွာဆောင်ရွက်နိုင်သည့်အတွက် မှန်ကန်တိကျသည့် သတင်းများကို ရရှိမည်ဖြစ်ကြောင်း၊ ကော်မရှင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံလိုပါက ဤရုံးတွင် တွေ့ဆုံခွင့် တောင်းခံနိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအတွက် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးကြောင်း။

အခြေခံမဲစာရင်းကြေညာခြင်းကို ရန်ကုန်တိုင်းဒေသကြီး (၁၄)မြို့နယ်တွင် မေ ၂၅ ရက်မှစတင်၍ ကြေညာထားပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းကပ်ထားကာ ကြေညာသည့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်းကို သွားရောက်ကြည့်ရှုနိုင်ရုံသာမက Website မှ ကြည့်ရှုနိုင်ရေးအတွက် ယနေ့မှစတင်၍ မဲဆန္ဒရှင်စာရင်းကြည့်ရှုခြင်း Website အား လွှင့်တင်သွားမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်း ဝင်ရောက်ကြည့်ရှုနိုင်မည့် Website အမည်မှာ https://checkvoterlist.uecmyanmar.org ဖြစ်ကြောင်း။

မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့အမည်စာရင်းရှိရာ မြို့နယ်များ၏ မဲစာရင်းများတွင် ၎င်းတို့အမည် ပါ/မပါကို လူကိုယ်တိုင်သွားရောက်စရာမလိုဘဲ ကြည့်ရှုစစ်ဆေးနိုင်မည်ဖြစ်ပြီး လိုအပ်သည့် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်မှုများ ပြုလုပ်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ထုတ်ပြန်ခြင်း မပြုရသေးသည့် မြို့နယ်များအတွက်လည်း မဲစာရင်းထုတ်ပြန်ပြီးပါက Website မှ ကြည့်ရှုနိုင်ရေးကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ သတင်းအချက်အလက်ဌာန ဖွင့်လှစ်နိုင်ရန်နှင့် မဲဆန္ဒရှင်စာရင်း ကြည့်ရှုစစ်ဆေးခြင်း Website လွှင့်တင်နိုင်ခြင်းတို့အပေါ် ကူညီဆောင်ရွက်ပေးခဲ့သည့် USAID, IFES နှင့် နိုင်ငံတကာအဖွဲ့အစည်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် သတင်းအချက်အလက်ဌာန ဖွင့်လှစ်ရခြင်း၊ မဲဆန္ဒရှင်စာရင်း ကြည့်ရှုစစ်ဆေးခြင်း Website လွှင့်တင်ရခြင်းတို့နှင့်စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများ ဘက်ကလည်း သိလိုသည်များကို မေးမြန်းခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုနှင့် ရွေးကောက်ပွဲအရာရှိ ဦးခင်ဇော်ထွန်း၊ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံး၊ ဥရောပသမဂ္ဂသံရုံး၊ ပြင်သစ်သံရုံး၊ ဆွီဒင်သံရုံး၊ ဆွစ်ဇာလန်သံရုံး၊ ဩစတြေးလျသံရုံးတို့မှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမီဒီယာများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား အမြန်ပြန်လည်လွှဲပြောင်းပေးနိုင်ရန် ကောင်စစ်ဆိုင်ရာ စိစစ်မေးမြန်းမှုများပြုလုပ်လျက်ရှိ

တောင်ပြိုလက်ဝဲ မေ ၂၆

**ရခိုင်ပြည်နယ် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာရှိ ယာယီကယ်ဆယ်ရေးစခန်းတွင် လူသားချင်းစာနာထောက်ထားမှုရှုထောင့်အရ ယာယီလက်ခံထားသော ပင်လယ်တွင်း လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်းအပ်နှံရာတွင် လျင်မြန်လွယ်ကူစေရန်အတွက် တောင်ပြိုလက်ဝဲမြို့နယ်ရှိ ယာယီကယ်ဆယ်ရေးစခန်းသို့ မေ ၂၅ ရက်တွင် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ခဲ့ရာ ယင်းနေ့ မွန်းလွဲ ၂ နာရီခန့်တွင် ရောက်ရှိကြသည်။**

တွေ့ဆုံမေးမြန်း-မင်းမင်းဇော်(သတင်းစဉ်)၊ ဓာတ်ပုံ-မောင်ဖိုးဇော်

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်း၌ ယနေ့ နံနက် ၁၀ နာရီမှစ၍ ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန် မိုဟာမက် မဟာဘူဘာရာမန်နှင့် လက်ထောက်ကောင်စစ်ဝန် မိုဟာမက်ဆီလင်အူဒင်တို့က လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို ၎င်းတို့နိုင်ငံသား မှန်ကန်မှုရှိ/မရှိ မေးမြန်းစိစစ်ခြင်း၊ ၎င်းတို့နိုင်ငံအတွင်းရှိ နေရပ်လိပ်စာများသို့ ဆက်သွယ်မေးမြန်း အတည်ပြုခြင်းများ ပြုလုပ်လျက်ရှိသည်။

ထို့အပြင် တာဝန်ရှိသူများသည် ကောင်စစ်ဆိုင်ရာလိုအပ်သော စိစစ်မေးမြန်းမှုများ ပြုလုပ်ပြီး မှန်ကန်မှုရှိပါက ပြန်လည်လွှဲပြောင်းပေးအပ်မည့် နှစ်နိုင်ငံနယ်စပ် မိုင်တိုင်(၃၁)အနီးရှိ နယ်စပ်တံတားကိုလည်း ကြိုတင်၍ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုကဲ့သို့ ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် လှေစီးဒုက္ခသည်အချို့အားဘာသာပြန်မှတစ်ဆင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်-



ဦးဝေလွင်သန်း



ဦးစောနိုင်

**ဦးဝေလွင်သန်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးဒုက္ခသည်တွေကို အလယ်သံကျော် ယာယီကယ်ဆယ်ရေး စခန်းကနေ တောင်ပြိုလက်ဝဲ ယာယီကယ်ဆယ်ရေးစခန်းကို ရွှေ့ပြောင်းတာက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ပြန်လည်လွှဲပြောင်းအပ်နှံတဲ့အခါ လျင်မြန်လွယ်ကူစေဖို့ဖြစ်ပါတယ်။ ဒီ တောင်ပြိုလက်ဝဲစခန်းမှာ လှေစီးဒုက္ခသည်တွေရဲ့ ကောင်စစ်ရေးရာဆိုင်ရာတွေကို ကြိုတင်ပြင်ဆင်ပေးထားတဲ့အတွက် ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်အနေနဲ့ မေးမြန်းစိစစ်ရာမှာ လွယ်လွယ်ကူကူ မေးမြန်းစိစစ်နေတာကို မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

**မိုဟာမက်မဟာဘူဘာရာမန်**
**ကောင်စစ်ဝန်**
**ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်အဖြစ် ရခိုင်ပြည်နယ် စစ်တွေမြို့မှာနေတာ နှစ်နှစ်ကျော်ရှိပါပြီ လှေစီးဒုက္ခသည်တွေရဲ့ နေရပ်ကိုပြန်ပို့နိုင်ဖို့ ဒီစခန်းကို လာရောက်ခြင်းဖြစ်ပါတယ်။ မေးမြန်းတွေ့ရှိချက်တွေကို မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ သံအမတ်ကြီးကို တင်ပြပါမယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စစ်မှန်ရင် ကျွန်တော် လက်ခံသွားမှာဖြစ်ပါတယ်။

**ဦးစောနိုင် ဒုတိယညွှန်ကြားရေးမှူး**
**မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေး**
**ဦးစီးဌာနမှူး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ပြန်လည်လွှဲပြောင်းရင် လွယ်ကူစေဖို့ နယ်စပ်နဲ့ အနီးဆုံးဖြစ်တဲ့ တောင်ပြိုလက်ဝဲ ယာယီ ကယ်ဆယ်ရေးစခန်းကို ပြောင်းရွှေ့ခြင်းဖြစ်ပါတယ်။ လူသားချင်း စာနာမှုဆိုင်ရာတွေကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တာဝန်ရှိသူတွေ ဒီစခန်းကို ရောက်လာတာဟာ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်အနေနဲ့ ဒုက္ခသည်တွေနဲ့ ပတ်သက်လို့ ကောင်စစ်ရေးရာဆိုင်ရာ ကိစ္စရပ်တွေဆောင်ရွက်နိုင်ဖို့ဖြစ်ပါတယ်။ ကောင်စစ်ဝန်အနေနဲ့ တစ်ဦးချင်း မေးမြန်းစိစစ်နေတာကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ကောင်စစ်ဝန်အနေနဲ့ ဒုက္ခသည်တွေဆီက ရရှိတဲ့ ဖုန်းနံပါတ်တွေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆက်သွယ်မေးမြန်းနေတာကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ ကောင်စစ်ဝန်ရဲ့ မေးမြန်းစိစစ်မှုတွေအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေဖြစ်ကြောင်း သိရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဒုက္ခသည် (၂၀၀)ဟာ သူတို့ရဲ့ မူရင်းဇာတိဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲက ရပ်ရွာတွေကို အမြန်ဆုံးပြန်နိုင်ဖို့ စိတ်အားထက်သန်နေကြပါတယ်။ လှေစီးဒုက္ခသည်တွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲက သူတို့ မိဘဆွေမျိုးသားချင်းတွေနဲ့ တယ်လီဖုန်း ဆက်သွယ်ပြောဆိုမှုတွေကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ကို အမြန်ဆုံးပြန်ချင်တယ်ဆိုတဲ့ သူတို့ရဲ့စိတ်ဆန္ဒတွေကို ကျွန်တော်တို့က အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။



မိုဟာမက်ဆိုရာဟူစိန်



မိုဟာမက်ရှဂျီဒူလာ



ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦး ၄င်းနိုင်ငံရှိ မိသားစုနှင့် ဆက်သွယ်နေစဉ်။

**မိုဟာမက်ဆိုရာဟူစိန်**
**နရ်ဒီခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

စစ်တွေမှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် ရောက်လာတယ်။ ကျွန်တော်ရဲ့ အမည်၊ နေရပ်လိပ်စာနဲ့ ဘင်္ဂလားဒေ့ရှ်ဖုန်းနံပါတ်တွေ မေးပါတယ်။ ကောင်စစ်ဝန်က ကျွန်တော့်နိုင်ငံသားဟုတ်ရင် ကျွန်တော် လက်ခံပါတယ်၊ မဟုတ်ရင်လက်မခံဘူးလို့ ပြောပါတယ်။ ဒီမှာရှိတဲ့ လူ ၂၀၀ ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားပါ။ ရာနှုန်းပြည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဖြစ်ကြောင်း အတည်ပြုပါတယ်။ ကောင်စစ်ဝန်လာလို့ ဝမ်းသာတယ်။ သူ့စကားကြားရတာ ပိုဝမ်းသာတယ်။ မကြာခင် ကျွန်တော့်အမေနဲ့လည်း ပြန်တွေ့ရတော့မှာမို့ ဝမ်းသာတယ်။

**မိုဟာမက်ရှဂျီဒူလာ**
**ဖော်ရိဖူရ်ခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်က ကျွန်တော့်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဖြစ်ကြောင်း ရာနှုန်းပြည့် အတည်ပြုပေးတယ်။ အရင်တုန်းက မြန်မာအစိုးရက အရေးယူမလားလို့ စိုးရိမ်မိခဲ့တယ်။ အခုလို ဘင်္ဂလားကောင်စစ်ဝန်နဲ့ တွေ့ပေးတယ်။ ပြန်ရတော့မယ်ဆိုတော့ ဝမ်းသာတယ်။ ပြန်ရမယ်ဆိုတာ သေချာသွားတော့ အမြန်ဆုံးပြန်ချင်တယ်။ လူကုန်ကူးမှုတွေကို ဖော်ထုတ်ပေးစေလိုပါတယ်။

*စာမျက်နှာ ၅ မှ*

ယနေ့အချိန်၌ ဗွိုင်အိုတာမြို့သည် အတိတ်ကာလက တည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိနေပြီဖြစ်သည်။ တနင်္ဂနွေနေ့၌ ခေါင်းလောင်းသံတညံညံပေးသည့် ဘုရားကျောင်းသို့ ခရစ်ယာန်ဘာသာဝင်များစွာ လာရောက်၍ အေးချမ်းစွာဝတ်ပြုဆုတောင်းကြသည်။ အသစ်ဆောက်လုပ်ထားသည့် ရဲတပ်ဖွဲ့စခန်း အဆောက်အအုံ၌ ယခင်ကလို ကျည်ကာသဲအိတ်များ ပုံထားရန် မလိုတော့ပေ။

၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတွင် အရွေးချယ်ခံခဲ့ရသည့် လစ်ဘရယ်မြို့တော်ဝန် ဟာ့နန်ကွီရိုဂါက ရွေးကောက်ပွဲ၌ သေနတ်ဖြင့်ခြိမ်းခြောက်မှု မရှိခဲ့ဘဲ လွတ်လပ်၍ မျှတမှုရှိခဲ့သည်ဟု ပြောဆိုသည်။

မြို့တော်ဝန်ကွီရိုဂါက မုန်းတီးမှုများဖယ်ရှား၍ စည်းလုံးညီညွတ်သောပွင့်လင်းလူ့အဖွဲ့အစည်းကို ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း၊ လမ်းသစ်များဖောက်လုပ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ကာ အခွန်ဝင်ငွေတိုးမြှင့်ရှာဖွေမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

**သမ္မတကြီးမန်နျူရယ်ဆန်တို့စ်**

ကိုလံဘီယာသမ္မတကြီး မန်နျူရယ်ဆန်တို့စ်က ဟာဗနာငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိခြင်း၊ အရှိကိုအရှိအတိုင်း သိမြင်နားလည်မှုရှိခြင်းနှင့် အလေးအနက်ပြုခြင်းများဖြင့် ပြည့်နှက်နေသည့်အတွက် နောင်လာမည့်ဆွေးနွေးပွဲများအတွက် လမ်းစခင်းခြင်းဖြစ်ပါသည်ဟု အကောင်းမြင် သုံးသပ်ပြောဆိုသည်။

သမ္မတဟောင်းယူရိုက်ဘ်က အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ နှေးကွေးနေပြီး သတင်းထုတ်ပြန်ချက်များလည်း ပွင့်လင်းမှုမရှိကြောင်း ဝေဖန်ပြောဆိုသည်။

သမ္မတဆန်တို့စ်က ဖားပြုတ်ကိုဝါးမျိုရသည်မှာ လွယ်ကူသောကိစ္စမဟုတ်ကြောင်း၊ စစ်တိုက်ရတာလွယ်သလောက် ငြိမ်းချမ်းရေးလုပ်ရတာမလွယ်ကြောင်း တုံ့ပြန်ပြောဆိုသည်။

အစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကော်မတီအဖွဲ့ဝင် ဆာဂျီယိုဂျာရာမီလိုက ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပြည်သူများ၏ အသက်အိုးအိမ် ပိုမိုလုံခြုံလာပြီး စီးပွားရေးဖွံ့ဖြိုးမှု ၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကာ ကျေးလက်မြို့ပြ ဆင်းရဲချမ်းသာကွာဟမှုလည်း ကျဉ်းမြောင်းလာစေကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် မျိုးဆက်တစ်ဆက်၌ တစ်ကြိမ်သာရနိုင်သည့် အခွင့်အရေးဖြစ်ကြောင်း ပြောဆိုခဲ့သည်။

**အကောင်အထည်ဖော်ဆောင်ရမည့်အချက်(၅)ချက်**

ဟာဗနာမြို့တွင် ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ နှစ်ဖက်ကိုယ်စားလှယ်များသည် အောက်ပါအချက်(၅)ချက်ကို ပူးတွဲအကောင်အထည်ဖော်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

ပထမအချက်မှာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်ဖြစ်သည်။ ဒုတိယအချက်မှာ ဖာ့ခ်သူပုန်အဖွဲ့အနေနှင့် နိုင်ငံ၏ပင်မနိုင်ငံရေးရေစီးကြောင်းတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်သည်။ တတိယအချက်မှာ ဖာ့ခ်လက်နက်ကိုင်တပ်ဖွဲ့များကို ဖျက်သိမ်းရန်ဖြစ်သည်။ စတုတ္ထအချက်မှာ ဖာ့ခ်သူပုန်အဖွဲ့အနေနှင့် တည်ဆဲဥပဒေများနှင့်အညီ ခံယူကျင့်သုံးရန်ဖြစ်ပြီး နောက်ဆုံးအချက်မှာ ပြည်တွင်းစစ်ပွဲ၌ ဒုက္ခရောက်ခဲ့ကြသည့် ပြည်သူများကိုပြန်လည်၍အစားပေး ပြုစုပျိုးထောင်ပေးရန်ဖြစ်သည်။

ဆယ်စုနှစ်ငါးစုနီးပါးမျှကြာသော ပြည်တွင်းစစ်ကြောင့် ကျေးလက်ပြည်သူ တောင်သူလယ်သမားများမှာ ကြီးစွာဒုက္ခရောက်ခဲ့ကြသည်။ ကျေးလက်ပြည်သူများအား ငွေများထုတ်ချေး၍ နည်းပညာအကူအညီများ ပေးရုံမျှဖြင့် မလုံလောက်ဘဲ ကျေးလက်ဒေသများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်း၊ တံတားများ ဖောက်လုပ်သွယ်တန်းပေးရန်လိုအပ်သကဲ့သို့ အစိုးရအုပ်ချုပ်ရေးယန္တရား ပေါ်ထွန်းစေရန်နှင့် တရားဥပဒေစိုးမိုးစေရန် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း သမ္မတဆန်တို့စ်က ပြောသည်။

# ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Operating Management Co.,Ltd. တို့ ပူးပေါင်း၍ "Call Center Hotline 1883"မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်သောသတင်းများ၊ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၊ ပြည်တွင်းသတင်းများ၊ နောက်ဆုံးရသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို (၁-၆-၂၀၁၅)ရက်နေ့ မှစ၍ ၂၄ နာရီ ထုတ်လွှင့်ပေးခြင်းနှင့် ဖြေကြားဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

Call Center အသုံးပြုပုံမှာ 1883 Hot Line နံပါတ်ကို ခေါ်ဆိုပါ။ နံပါတ်(၁)တွင် နေ့စဉ်သတင်းများကို စက္ကန့် (၉၀) နားဆင်နိုင်သည်။

အဆိုပါနံပါတ်တွင် နံပါတ်ခွဲ(၃)ခုထားရှိကာ နံပါတ် (၁)တွင် ပြည်တွင်းသတင်း၊ နံပါတ်(၂)တွင် မိုးလေဝသသတင်းနှင့် နံပါတ်(၃)တွင် နောက်ဆုံးရထူးခြားဖြစ်စဉ်သတင်းများကို နားဆင်နိုင်သည်။

ဝန်ကြီးဌာနနှင့် ပတ်သက်သည့် အချက်အလက်များကို သိလိုလျှင်၊ ကောလာဟလသတင်းများ၊ အင်တာနက်သတင်းများကို အတည်ပြုလိုလျှင် နံပါတ်(၂)ကိုနှိပ်ပါက Operator မှ ဖြေကြားပေးမည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာ့ဆက်သွယ်ရေး (MPT)ဖုန်းများသာ ဝန်ဆောင်မှုရရှိမည်ဖြစ်ပြီး မကြာမီတွင် အခြား Mobile ဖုန်း အော်ပရေတာများနှင့် ပူးပေါင်းပြီး ဝန်ဆောင်မှုရရှိစေရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**




# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကျင်းပ

**မကွေး မေ ၂၆**

၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူဗဟိုပြု လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မင်္ဂလာရပ်ကွက် အထက(၁)လမ်းရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (၁၈)ကြိမ်မြောက် အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ မကွေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရဲမှူးကြီး လူလူသန်း၊အတွင်းရေးမှူးယာယီ ရဲမှူးကြီး အောင်စိုးဝင်း၊ ခရိုင်မှူးစိတ်တားအဖွဲ့ဒုဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမင်းဟန်၊ တွဲဖက်အတွင်းရေးမှူး ဒုရဲမှူးညွန့်ဝင်း၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ဆုရွေးချယ်ရေးဆပ်ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများစုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့သည်။

ပန်းချီပြိုင်ပွဲတွင်မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် စုစုပေါင်း ကျောင်းသား ၃၁ ဦး၊ ကျောင်းသူ ၂၅ ဦး စုစုပေါင်း ၅၆ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မေ ၂၄ ရက် နံနက် ၉ နာရီက ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူ တာ ပန်းချီပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**




**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်းမြို့နယ်များ
ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

**ဖခင်အမည်မှန်**
၁လမြို့၊ အ.ထ.က(၁)၊ နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ဝင်းယုဆွေ၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးဆန်း(၁၂/ ၁လန(နိုင်)၀၂၈၈၃၄)ဖြစ်ပါသည်။
ဦးဇော်မျိုးဆန်း

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လူမှုဝန်ထမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် တရုတ်ကောကျေးရွာတွင် မူလတန်းကြိုကျောင်းဆောက်လုပ်ခြင်းအတွက် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပေ၅၀၊ ၂၅ပေ၊ ၂၁ပေ(နှစ်ထပ်) RC ကျောင်းဆောင်ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာအပါအဝင်)

(ခ) အမြင့် ၂၅ပေ သစ်မာရေစင်ဆောက်လုပ်ခြင်း (ဂါလန် ၈၀၀ဆံ့ရေတိုင်ကီနှင့် ကွန်ပရက်ဆာ၊ ရေစက်အိမ်၊ ရေပိုက်သွယ်တန်းခြင်းအပါအဝင်)

(ဂ) စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း(အချင်း ၄လက်မ၊ ခန့်မှန်းအနက် ပေ၁၅၀)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်းပေးသွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူခြင်း** - ၂၇-၅-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)

(ခ) **တင်ဒါတင်သွင်းခြင်း** - ၂၆-၆-၂၀၁၅ ရက်(သောကြာနေ့) (၁၆း၀၀)နာရီ နောက်ဆုံးထား တင်သွင်းရန်။

(ဂ) **တင်ဒါဖွင့်ရန်** - ၂၉-၆-၂၀၁၅ ရက် (တနင်္လာနေ့)

၃။ အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံး ဖုန်း- ၀၆၃-၂၈၃၃၈၊ ၀၉-၂၅၉၀၃၈၀၀၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူခြင်းနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

**HAPPY WORLD ခေတ်မီကစားကွင်းနှစ်(၂၀)ပြည့် အထိမ်းအမှတ် အလှူပွဲ**

ဟက်ပီးဝါးခေတ်မီကစားကွင်း ဖျော်ဖြေရေးခန်းမတွင်(၂၇ . ၅ . ၂၀၁၅)ရက် ဗုဒ္ဓဟူးနေ့၊ နေ့လည်(၁)နာရီအချိန်၌ မန္တလေးမိဘမဲ့ကလေးကျောင်းများသို့ ငွေနှင့်အသုံးအဆောင်ပစ္စည်းများ ပေးအပ်မည့်ကုသိုလ်ပွဲလေးတစ်ခုကျင်းပပါမည်။ မန္တလေးမုစားရေးဆရာဦးဘုန်း(ဓါတု)နှင့် ဆရာညီမင်းညိုတို့မှ အမှတ်တရမုဒိတာစကား ပြောကြားပေးပါမည်။ စိတ်ဝင်စားသူ မည်သူမဆိုလာရောက် အားပေးချီးမြှင့်နိုင်ပါသည်။ (လာရောက်သူများအား ကော်ဖီနှင့်မုန့်များဖြင့် ဧည့်ခံကျွေးမွေးပါမည်)

ဟက်ပီးဝါးဝန်ထမ်းမိသားစု
ကန်တော်မင်္ဂလာပန်းခြံ
ရွှေတိဂုံဘုရားတောင်ဘက်မုခ်။

# ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပိုင်မြေများတွင် တရားမဝင်ကျူးကျော်ဝင်ရောက်မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ (ဖောင်ကြီး)ကျေးရွာအနီးတွင် ၁၉၆၅ ခုနှစ် ဇန်နဝါရီ (၁)ရက်မှစတင်၍ တည်ထောင်ဖွင့်လှစ်ခဲ့သည့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အနေဖြင့် တက္ကသိုလ်ပိုင်မြေနေရာများ ပိုင်ဆိုင်မှုအတွက် ခိုင်လုံသောအထောက်အထားများဖြင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် ၂၀၁၄ ခု ဇွန် (၁၇) ရက်မှစတင်၍ မြို့နယ်လယ်သမားသမဂ္ဂအဖွဲ့ဥက္ကဋ္ဌ အမည်ခံ၍ ဒုတိယဗိုလ်မှူးကြီး ကျော်ညွန့်(ငြိမ်း)နှင့် စံပြကျေးရွာမှ ရာအိမ်မှူး ဦးညွန့်ဟန်တို့ ခေါင်းဆောင်ပြီး ဒေသခံရွာသူ၊ ရွာသားများကို သွေးထိုးလှုံ့ဆော်ကာ ဆိုင်းဘုတ်နှင့် အလံတိုင်များစိုက်ထူခြင်း၊ တက္ကသိုလ်ပိုင်မြေဧရိယာအနက် ထန်းတပင်ကွင်း၊ ကွင်းအမှတ် ၉၃၄(ခ)ရှိ မြေဧက(၃၀) အတွင်း၌ နယ်နိမိတ် ကျောက်တိုင်များစိုက်ထူခြင်း၊ လူနေတဲများ ဆောက်လုပ်ခြင်းတို့ဖြင့် တရားမဝင် ကျူးကျော်နေထိုင်ရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အနေဖြင့် တရားဥပဒေနှင့်အညီ ကနဦး သတိပေးတားမြစ်ခြင်း၊ ဖောင်ကြီးနယ်မြေရဲစခန်း၌ ၂၀၁၄ ခု နိုဝင်ဘာ (၃)ရက်တွင် (ပ)၁၂၄/၂၀၁၄ ပြစ်မှုပုဒ်မ ၄၄၇ ဖြင့် တိုင်ကြားအမှုဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

သို့သော်လည်း ဒုတိယဗိုလ်မှူးကြီး ကျော်ညွန့်(ငြိမ်း)နှင့် အပေါင်းပါများသည် မတရားကျူးကျော်ဝင်ရောက်မှုကို ဆက်လက်လုပ်ဆောင်နေသည့်အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊ ဥပဒေပိုင်းဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်တို့၏ သဘောထားမှတ်ချက်များ တောင်းခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လှည်းကူးမြို့နယ်မှ အောက်မြန်မာပြည်၊ မြို့နှင့် ကျေးရွာများအက်ဥပဒေ၊ ပုဒ်မ ၂၀ အရ ၂၅-၅-၂၀၁၅ ရက်နေ့တွင် ဆင့်စာထုတ်ပြန်ထားရှိပြီးဖြစ်ရာ ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ဒုတိယဗိုလ်မှူးကြီး ကျော်ညွန့်(ငြိမ်း)နှင့် ဦးညွန့်ဟန်တို့၏ ဦးဆောင်မှု၌ မသိနားမလည်သူ ဒေသခံရွာသူ ရွာသားများ ပါဝင်ကျူးလွန်ခြင်းမပြုမိစေရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**



**မူးယစ်တိုက်ဖျက်ရေးတိုက်ဖျက်ရေးပညာပေး**

မေ ၂၆ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မန်ကျည်းပင်ကျေးရွာတွင် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်သူများ နံရံကပ်စာစောင်များ ကြည့်ရှုစဉ်။ (မြန်မာ့အလင်း)

**❍ ကျောဖုံးမှ**

အီတလီကလပ် အသင်းများမှာ ကိုးကြိမ်အများဆုံးရရှိထားပြီး စပိန်ကလပ်အသင်းများ ရှစ်ကြိမ်၊ အင်္ဂလန်အသင်းမှာ ခုနစ်ကြိမ် ရရှိခဲ့ကြပြီး ယူကရိန်းနိုင်ငံမှ ကလပ်အသင်းများမှာ တစ်ကြိမ်သာ ရရှိထားခြင်းရှိသည်။ လက်ရှိ ချန်ပီယံ ဆီဗီလာနှင့် ပထမဦးဆုံးအကြိမ် ဗိုလ်လုပွဲတက်ရောက်လာသည့် ဒီနီပရိုအသင်းတို့အားပြိုင်မှုဟာ ပြင်းထန်မည်ဖြစ်၍ ကစားကွက်ပုံခြင်း တူညီမှုမရှိသည့် နှစ်သင်း၊ ခံစစ်ပိုင်းကို အားထားကစားသည့် ဒီနီပရိုနှင့် တိုက်စစ်စွမ်းရည် ထက်မြက်နေသည့် ဆီဗီလာအသင်းတို့ယှဉ်ပြိုင်မှုဟာ ပရိသတ်အကြိုက် ကြည့်ကောင်းမည့် ပွဲစဉ်ဖြစ်သည်။

## လာအို ကူးတို့လှေနစ်မြုပ်မှု မူလတန်းအရွယ်ကျောင်းသား ၁၀ ဦးပျောက်ဆုံးနေ

**ဗီယန်ကျင်း မေ ၂၆**

လာအိုနိုင်ငံရှိ မဲခေါင်မြစ်၏ အဓိကမြစ်လက်တက်တစ်ခုဖြစ်သည့် နမ်ငွမ်မြစ်တွင် မေ၂၆ ရက် နံနက်ပိုင်းက ခရီးသည်တင်ဆောင်လာသော ကူးတို့လှေတစ်စင်း နစ်မြုပ်ခဲ့ပြီးနောက် မူလတန်းကျောင်းသား ၁၀ ဦး ပျောက်ဆုံးလျက်ရှိရာ လှေနစ်မြုပ်မှု၌ရေနစ်ပြီး သေဆုံးမည်ကို စိုးရိမ်ရကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါလှေနစ်မြုပ်စဉ်က လှေပေါ်တွင် စတုတ္ထတန်းကျောင်းသား ၃၅ ဦး၊ ကျောင်းဆရာ လေးဦးနှင့် လှေသမားတစ်ဦးတို့ပါဝင်ပြီး ယင်းပျောက်ဆုံးနေသောကျောင်းသားများမှာ အဆိုပါစတုတ္ထတန်းကျောင်းသား ၃၅ ဦးထဲမှ မိန်းကလေးရှစ်ဦးနှင့် ယောကျ်ားလေးနှစ်ဦးတို့ဖြစ်မည်ဟု ယုံကြည်ရကြောင်း၊ အဆိုပါလှေမှာ မြို့တော်ဗီယန်ကျင်းမှ ကီလိုမီတာ ၆၀ ခန့်အကွာတွင်တည်ရှိသော ပါ့ခ်ငွန်ခရိုင်ရှိ နမ်ငွမ်မြစ်ကို ဖြတ်ကူးရန်ကြိုးစားနေစဉ် ယခုကဲ့သို့ နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

လှေနစ်မြုပ်စဉ်က လှေပေါ်ရှိ ခရီးသည်တစ်စုံတစ်ဦးမျှ အသက်ကယ်အင်္ကျီ ဝတ်ဆင်ထားခြင်းမရှိကြောင်း၊ အဆိုပါလှေမှာ ခရီးသည်အများဆုံး ၁၅ ဦးခန့်သာ တင်ဆောင်နိုင်သည့်လှေဖြစ်ကြောင်း၊ သတင်းများတွင် ရေးသားဖော်ပြသည်။

လှေနစ်မြုပ်မှု၌ပါသွားသည့် အဆိုပါအုပ်စုမှာ စာမေးပွဲဖြေဆိုရန်အတွက် မြစ်၏တစ်ဖက်ကမ်းရှိ စာဖြေဌာနသို့သွားကြစဉ် ယင်းကဲ့သို့ လှေနစ်မြုပ်မှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း သတင်းများအရ သိရသည်။ **ဆင်ဟွာ**

## နိုင်ငံဘက်စုံတည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

## ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကျင်းပ

**သီပေါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီမှကြီးမှူးကျင်းပသော မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်က ပညာရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကျောင်းနေအရွယ်ကလေးများကျောင်းအပ်နှံရေး ကျောင်းနေမြဲရေး အတွက် ပညာသင်ထောက်ပံ့မှု၊ စာရေးကိရိယာများ၊ ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

**သံတွဲ**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက သံတွဲမြို့ ဒွါရာဝတီခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။ ရှေးဦးစွာ သံတွဲခရိုင် ကျောင်းနေရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက အမှာစကားပြောကြားပြီး သံတွဲခရိုင် ပညာရေးမှူး ဦးအောင်သန်းမြင့်က ကျောင်းအပ်နှံရေးနေ့ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပညာရေးစေတနာရှင်များက အလှူငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ ယင်းနောက် ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူ ၅၁ ဦးကို ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



**နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက်က အထက (၁) ရတနာမွန်ခန်းမ၌ ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်း နေပြည်တော်ပညာရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူ၊ မိဘများ ကျောင်းအပ်နှံမှုကို ကြည့်ရှုစစ်ဆေးစဉ်။** မင်းမင်းလတ် (မန်းတက္ကသိုလ်)

ဆရာကောင်းမှ တပည့်ကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်း**

- **ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။
- **အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်းကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။
- **ကျောင်းမှန်မှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့် ဆရာ၊ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိ ကြပြီးဖြစ်၍ ကျောင်းသူ ကျောင်းသားများသည် ကျူရှင် ထပ်မံယူရန် မလိုအပ်ပါ။ သို့သော် စာကျက်ချိန်ကို တိတိကျကျသတ်မှတ်ပြီး နေ့စဉ် သင်ပေးသမျှ သင်ခန်းစာများအား အချိန်မှန် ကျက်မှတ်လေ့ကျင့်ရန် (အထူး) အထူးလိုအပ်ပါသည်။
- **ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။
- **ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း) ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

**ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်**

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၀၁၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ဦးစီးတည်ထောင်သော

ပညာရွှေရောင်လင်း

နေမင်းတံဆိပ်တော်

# ပညာနှင်းတော်

အ.ထ.က

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

**ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါဆောင်နေရာပြည့်ပါပြီ

**အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ**

- အဆောင်မှူး(ဘွဲ့ရ) ဆရာ၊ ဆရာမများအလိုရှိပါသည်။

စေတနာကောင်းမှ ပညာရေးကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်း**

- ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံး ပညာရေးကို နိုင်ငံကျော် ဆရာ၊ ဆရာမကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၁-တန်း | ။ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၂-တန်း | ။ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၃-တန်း | ။ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၄-တန်း | ။ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ မှ ၁၂း၀၀ နာရီ | ၄၅၀၀၀ | ၃၀၀၀၀ |
| ၉-တန်း | ။ | ၅၀၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | ။ | ၆၀၀၀၀ | ၄၀၀၀၀ |

- လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။ (ကျောင်းပြောင်း လက်မှတ်ကို ဖွန်လမှ ပေးပါ)

**ဇွန် ၄ ရက် ဖွင့်မည်**

မြေအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ။ ဖုန်း 01-577605 ကျောင်း - A-2, A-3 (တက်လမ်း)၊ သိဿမာလမ်း၊ သုဝဏ္ဏ။ ဖုန်း 09 73036827, 09 47074649



# ပင်မဓာတ်အားခွဲရုံ မီးလောင်မှုဖြစ်ပွားပြီးနောက် ဓာတ်အားပြန်လည်ရရှိရေးဆောင်ရွက်နေ

**ပျဉ်းမနား မေ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စုနယ်မြေအတွင်းရှိ ပျဉ်းမနားပင်မဓာတ်အားခွဲရုံ၌ ယနေ့ နံနက် ၁၂ နာရီခွဲက မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ပျဉ်းမနားပင်မဓာတ်အားခွဲရုံ နေပြည်တော် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသန့်ဇင် တာဝန်ထမ်းဆောင်စဉ် ထရန်စဖော်မာ 20KVA မှ Internal Fault ဖြစ်ပေါ်၍ ထရန်စဖော်မာဆီများ ယိုဖိတ်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်ဟု သိရှိရပြီး မီးလောင်မှုကြောင့် လူတိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိသော်လည်း ပျဉ်းမနားမြို့၊ ရေဆင်း၊ ဇလာ၊ တောင်ညိုတပ်နယ်တို့ လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် 230KV, 60 MVA T/R Switch Bay၊ Battery Charger & Battery Bank နှင့် 33KV Control panel အချို့ပျက်စီးဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ တပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် စည်ပင်သာယာ၊ ပျဉ်းမနားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့်ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီရောက်ရှိကာ မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်စဉ်မော်တော်ယာဉ်လမ်းများ မပိတ်စေရေးအတွက် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၆) ပျဉ်းမနားက လမ်းများရှင်းလင်းပေးခဲ့သည်။ မီးလောင်ပျက်စီးသွားသော ပစ္စည်းများအား ရှင်းလင်းကာ အမြန်ဆုံး အစားထိုးလဲလှယ်နိုင်ရေးနှင့် 33KV Feeder များ အမြန်ဆုံးဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အင်ဂျင်နီယာချုပ်၊ ဒုတိယအင်ဂျင်နီယာချုပ်တို့၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်း ၇၀ ခန့်က ဒေသခံပြည်သူများ ဓာတ်အားအမြန်ပြန်လည်ရရှိရေးကို အရေးပေါ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ-သီရိခေတ်**

# ဆဲဆိုကြိမ်းမောင်းသူက လက်ပစ်ဗုံးဖြင့်ပစ်ပေါက်၍ ဒေသခံများဒဏ်ရာရ

**ကျောက်ကြီး မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသ မွေတွင်းကျေးရွာအုပ်စု ကျွန်းတောကျေးရွာ၌ လက်ပစ်ဗုံးနှင့် ပစ်ပေါက်၍ ဒေသခံ ရွာသူရွာသားများ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ကို မုန်းနယ် မြေရဲစခန်း၌ မေ ၂၁ ရက် နံနက် ၉ နာရီ မိနစ် ၄၀ က အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မေ ၁၇ ရက် ည ၈ နာရီခန့်က ကျွန်းတောကျေးရွာနေ ကိုကျော်သူ (၂၈ နှစ်)၏ နေအိမ်ဝင်းအတွင်း၌ တစ်ရွာတည်းနေ ကိုဝင်းစိုး၊ ကိုရန်နိုင်ဦး၊ ကိုခိုင်စိုးဦး၊ မသင်းမာဦး၊ ဒေါ်မြင့်၊ မသီတာမြင့်တို့သည် စဝင်ကျေးရွာနေ ဦးအေးကြိုင်နှင့်အတူ ဝိုင်းဖွဲ့စကားပြောနေစဉ် နေအိမ်ရှေ့လမ်းပေါ်သို့ ဆဲဆိုကြိမ်းမောင်း၍ ရောက်ရှိလာသည့် စောဂျော့ဘွား၊ စောချိန်းနှင့် နေဆန်းဆိုသူတို့ကို ကိုကျော်သူက မည်သည့်အတွက်ကြောင့် ဆဲဆိုကြိမ်း မောင်းရသည်ကို မေးမြန်းခဲ့သည်။ အလားတူ တစ်ရွာတည်းနေ ကိုနိုင်ဦးကလည်း ဆဲဆိုကြိမ်းမောင်းခြင်းကို မေးမြန်းခဲ့ရာ ၎င်းတို့က ထပ်မံဆဲဆိုကြိမ်းမောင်းကာ စောဂျော့ဘွားက လွယ်အိတ်ထဲ၌ ပါလာသော လက်ပစ်ဗုံးစနက်တံကို ဖြုတ်၍အုပ်စုဖွဲ့နေသည့် လူအုပ်အတွင်း ပစ်ပေါက်ကာ ထွက်ပြေးသွားခဲ့သည်။

လက်ပစ်ဗုံးပေါက်ကွဲပြီး အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦး ထိခိုက်ဒဏ်ရာများ ရရှိသည့်အနက် ဦးအေးကြိုင်မှာ စိုးရိမ်ရသည့်အတွက် မုန်းတိုက်နယ်ဆေးရုံသို့ တင်ပို့ကာ ဖြစ်စဉ်နှင့်ပတ်သက်၍ မုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မူးယစ်ဆေးဝါးများ ပင်လယ်ပြင်၌ဖမ်းမိခဲ့မှု ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၂၆**

၂၀၁၄ ခုနှစ် ဩဂုတ် ၁၉ ရက်က ကော့သောင်းမြို့နယ် ဂျလန်းကျွန်းအနောက်ဘက် မိုင် ၁၄၀ ခန့်အကွာတွင် တွေ့ရှိသော အောင်လင်းထွန်းအမည်ပါ စက်လှေကို ရှာဖွေရာ ပဲ့နင်း ခိုင်မင်းဦးပါ(အမျိုးသား) ၁၅ ဦးနှင့်အတူ Ecstasy ဆေးပြား ၂ ဒသမ ၃၈၅ သန်း ဖမ်းဆီးရမိ၍ ကော့သောင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ခရိုင်တရားရုံးက ပြစ်မှုကြီးအမှတ် ၃၄/ ၂၀၁၄ အရ လည်းကောင်း၊ ကွင်းဆက်တရားခံပြေး သုံးဦးကို ပြစ်မှုထွေအမှတ် ၁၃/၂၀၁၄ အရ လည်းကောင်း လက်ခံစစ်ဆေးဆောင်ရွက်ခဲ့သည်။ မေ ၂၅ ရက်တွင် ခရိုင်တရားသူကြီးက ခိုင်မင်းဦးပါ (အမျိုးသား) ၁၅ ဦးနှင့် ကွင်းဆက်တရားခံပြေး စောဘီလူးပါ(အမျိုးသား) သုံးဦးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က) အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၀ (က)အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်၊ မူး/စိတ်ပုဒ်မ ၂၀(ခ) အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် ပြစ်ဒဏ် သုံးရပ်ကို သီးခြားစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဗိုလ်တထောင်ဘုရားရှေ့ ယာယီဈေးတန်းတွင် မီးလန့်မှုဖြစ်ပွား

**ရန်ကုန် မေ ၂၆**

ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်ဘုရားအရှေ့မျက်နှာစာ လမ်းဘေးရှိ ယာယီဈေးတန်းအနီး၌ မေ ၂၆ ရက် နံနက် ၇နာရီခွဲက အပ်ချုပ်ဆိုင်တစ်ဆိုင်၌ မီးချောင်းသို့သွယ်ထားသော ဝိုင်ယာကြိုးဆက်မှရှော့ခ်ဖြစ်ကာ မီးလန့်မှုဖြစ်ပွားခဲ့သည်။ ယင်းဆိုင်အတွင်းရှိ ပလပ်ပေါက်မှ မီးချောင်းသို့သွယ်ထားသော ဝိုင်ယာကြိုးမှာ ကြိုးဆက်နေရာတွင် အထည်စများ ဖိအုပ်သိမ်းဆည်းထားခဲ့ကြောင်း၊ ဆိုင်ပိတ်ချိန်တွင် ပလပ်ကြိုးကို မဖြုတ်ဘဲထားမိသဖြင့် ကြိုးဆက်ရှော့ခ်ဖြစ်ကာ ပိတ်စများနှင့် အောက်မှမှတ်တမ်းစာအုပ်တို့ မီးလောင်ခဲ့ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**


## ပြည်ထဲရေးဝန်ကြီးဌာန
### စက်နှင့်စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် စက်နှင့်စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။
(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့
(ခ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
(ဂ) အကျဉ်းဦးစီးဌာန
(ဃ) မီးသတ်ဦးစီးဌာန

၂။ အထက်ပါတပ်ဖွဲ့/ဦးစီးဌာနများတွင် အသုံးပြုရန် ဝယ်ယူမည့်စက်နှင့် စက်ပစ္စည်းများအတွက် အဆိုပြုတင်ဒါ၊ အဆိုပြုလွှာ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံနှင့် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များအား ၂၂-၄-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်အတွင်း ရောင်းချခဲ့ပြီး ဖြစ်ပါသည်။

၃။ အဆိုပြု တင်ဒါအဆိုပြုလွှာ တင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ ၂၆-၅-၂၀၁၅ရက်မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၀)ရှေ့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ မူလတန်းကြိုကျောင်းတွင် လာရောက်ကြည့်ရှုနိုင်သည်။

၄။ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စု အမှတ်စဉ်အလိုက် တင်ဒါဖွင့်ဖောက်မည့်ရက်များ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်(ရုံးအမှတ်-၈)၊ အရိန္ဒမာခန်းမတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသောဈေးနှုန်း တင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်း မပြုပါ။)

၅။ ကုမ္ပဏီများ၏ ဈေးနှုန်းတင်သွင်းလာသော တင်ဒါပုံစံများကို တပ်ဖွဲ့/ဦးစီးဌာန များ၏ လုပ်ငန်းအုပ်စုအလိုက် အောက်ပါရက်များတွင် နံနက် ၁၀နာရီ၌ ဖွင့်ဖောက် ကြေညာပေးသွားမည်ဖြစ်သည်-

| | | |
|---|---|---|
| (က) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၁-၆-၂၀၁၅ ရက် |
| (ခ) | အကျဉ်းဦးစီးဌာန | ၁-၆-၂၀၁၅ ရက် |
| (ဂ) | မီးသတ်ဦးစီးဌာန | ၂-၆-၂၀၁၅၊၃-၆-၂၀၁၅၊၄-၆-၂၀၁၅ရက် |
| (ဃ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ၅-၆-၂၀၁၅၊၈-၆-၂၀၁၅၊၉-၆-၂၀၁၅ရက် |

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးဌာန | ဖုန်း-၀၆၇-၄၁၂၄၃၆၊၀၆၇-၄၁၂၄၃၇ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၄၁၂၅၁၂၊၀၆၇-၄၁၂၂၅၈ |
| (ဂ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၃၉၆၊၀၆၇-၄၃၁၃၇၄ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၄၁၆၊၀၆၇-၄၃၁၄၂၀ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၄၂၀၀၂၅၊၀၁-၆၆၁၅၄၄ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကရင်ပြည်နယ်အစိုးရအဖွဲ့
## လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကရင်ပြည်နယ်အတွင်းရှိ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းနှင့် အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၇-၅-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ကရင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ အမှတ်(၁) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့
**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၅ ရက် ညနေ ၁၆:၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ အမှတ် (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၅ ရက် နံနက် ၁၀:၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ကရင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ အမှတ်(၁) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့

၃။ အသေးစိတ်သိရှိလိုပါက
လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး
ကရင်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၉-၈၇၃၁၆၀၅
ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဖုန်း-၀၅၈-၂၁၆၁၁၊၀၅၈-၂၁၁၀၅၊ ၀၉-၅၆၆၂၁၆၁၊၀၉-၅၆၆၂၁၆၃ သို့ တိုက်ရိုက်ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## Myanmar International Co-operation Agency (MICA)
## အကျိုးတူ တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်ရန် အဆိုပြုလွှာများခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် (၂)လမ်းမကြီး၊ ယခင်ရွာသာကြီး ဘက်စုံမွေးမြူရေး စခန်းမြေနေရာရှိ မြေဧရိယာ ဇုန် D (၉၆.၄၂) ဧကပေါ်တွင် Myanmar International Co-operation Agency (MICA) နှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ ဇုန် D (၉၆.၄၂)ဧကပေါ်တွင် တစ်ခန်းလျှင် 400 Sqft အကျယ်အဝန်းရှိသော ခြောက်ခန်းတွဲ ငါးထပ်အဆောက်အအုံပေါင်း ၅၆၀ လုံး ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ အဆိုပြုလွှာတင်သွင်းသောလုပ်ငန်းရှင်များမှ လုပ်ငန်းတစ်ခုလုံး၏ ရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်း ကို မတည်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ၁၂-၆-၂၀၁၅ ရက် နောက်ဆုံးထား၍ အဆိုပြုဈေးနှုန်းတင်သွင်းသွားရန်နှင့် အသေးစိတ်တွက်ချက်မှုများ (အတွင်း ရေ၊ မီး၊ မိလ္လာအပါအဝင် တစ်စတုရန်းပေဈေးနှုန်းနှင့် အပြင် ရေ၊ မီး၊ မိလ္လာ၊ လမ်းအပါအဝင် တစ်စတုရန်းပေဈေးနှုန်း)ဖြင့် ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**Myanmar International Co-operation Agency (MICA)**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊**
**ရုံးအမှတ် (၃၆)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၄၇၈၊ ၀၆၇-၄၀၈၄၅၂**

## အမည်ပြောင်း

မော်လမြိုင်မြို့၊ စမ်းကြီးရပ်ကွက်နေ ဦးမြင့်သူ၏သား မောင်အံ့ကောင်းစက်အား မောင်ခန့်အာကာကိုဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်အာကာကို**

## အမည်ပြောင်း

ဦးဘုန်းနိုင်မြင့်-ဒေါ်ရွှေအေး၏သမီး အမှတ်(၁၀)အထက ဇမ္ဗူသီရိမြို့နယ် စတုတ္ထတန်းတွင် တက်ရောက်မည့် မရည်မွန်ခိုင်အား မရည်မွန်နိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ဦးစိုးအောင်၏သား ပေါင်မြို့၊ ပေါင်းရပ်ကွက်၊ အမက(ဘူတာ)ကျောင်း စတုတ္ထတန်းမှ မောင်စစ်ရဲနိုင်အား မောင်စွမ်းရည်ထက်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စွမ်းရည်ထက်ထွန်း**

## တိုက်ခန်းကျယ်ရောင်းမည်

ရန်ကင်းမြို့နယ်၊ MBR 1, BR 2၊ အဆင့်မြင့်ပြင်ဆင်ပြီး (1200 sqft)
**Ph : 09-5044926**

# ဆန်ခါတင်အလှမယ်များ၏ ကိုယ်ရည်ကိုယ်သွေးပြိုင်ပွဲကြီး မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး မေ ၂၆**

နိုင်ငံတကာပြိုင်ပွဲကြီး ငါးပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် Miss Golden Land Myanmar Organization မှ ဆန်ခါတင် အလှမယ် ၃၁ ဦး၏ ကိုယ်ရည်ကိုယ်သွေးယှဉ်ပြိုင်ပွဲ Talent ပြိုင်ပွဲကို မေ ၂၅ ရက် ညနေ ၆ နာရီက မန္တလေးမြို့ Oriental House ၌ ကျင်းပသည်။

"အမျိုးသမီးတွေရဲ့ အလှတရားဆိုတာ ရုပ်အလှသာမကအရည်အသွေးတွေပါ ပြည့်စုံဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကိုက မြန်မာအမျိုးသမီးတွေရဲ့ ရုပ်ဆင်းအင်္ဂါ၊ ကိုယ်ကာယကျန်းမာကြံ့ခိုင်ခြင်းတွေနဲ့ ကိုယ်ရည်ကိုယ်သွေးမြင့်မားမှုတွေကို ရည်ရွယ်ပြီး ရွေးချယ်ဖော်ထုတ်ရခြင်းဖြစ်ပါတယ်။ အလှမယ် ၆၇၀ ကျော်ထဲကနေ အလှမယ် ၃၁ ဦးကို ရွေးချယ်ထားတာဖြစ်ပါတယ်။ သူတို့တွေရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ အလှအပဆိုင်ရာတွေကို စနစ်တကျသင်ကြား လေ့ကျင့်ပေးထားပါတယ်"ဟု Miss Golden Land Myanmar Organization မှ အမှုဆောင်အရာရှိချုပ် ကိုဝေယံအောင်က ပြောသည်။

အလှမယ် ၃၁ ဦးမှာ ဧပြီလမှ စတင်ကာ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများနှင့် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ရေးသင်တန်းများကို Miss Golden Land Myanmar Organization ၏ စီစဉ်မှုဖြင့် စခန်းသွင်းသင်ကြားခဲ့ပြီးပရဟိတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ လူမှုရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ မြှင့်တင်ခြင်းများကို စစ်ကိုင်းမြို့နယ်နှင့် မြင်းမူမြို့နယ်တို့တွင် အဖွဲ့လိုက် သွားရောက်ဆောင်ရွက်ခဲ့ကြပြီး မန္တလေးမြို့သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ယှဉ်ပြိုင်ခဲ့သည့် ကိုယ်ရည်ကိုယ်သွေးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုကို အလှမယ်No.3 မြတ်အိန္ဒြေထက်က လည်းကောင်း၊ ငွေတံဆိပ်ဆုကို အလှမယ် No.29 ချူးစစ်ဟန်က လည်းကောင်း၊ ကြေးတံဆိပ်ကို အလှမယ် No.12W မေရှင်းစိန်တို့ကလည်းကောင်း အသီးသီး ဆွတ်ခူးခဲ့ကြောင်း သိရသည်။



အဆိုပါ ပြိုင်ပွဲမှာ Miss Golden Land Myanmar ၂၀၁၅ ပြိုင်ပွဲ၏ ခေါင်းစဉ်တစ်ခုဖြစ်ပြီး ပြိုင်ပွဲကြီးကိုမူ ရန်ကုန်မြို့ MCC ခန်းမ၌ ဇွန် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကာ နိုင်ငံတကာပြိုင်ပွဲငါးခုအတွက်မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ငါးဦးကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ တင်မောင်(မန်းကိုယ်ပွား)**



## မော်လမြိုင်-နေပြည်တော် အမှတ်(၁၈) အစုန်လူစီးရထားတွဲဆိုင်းပြုတ်

**မော်လမြိုင် မေ ၂၆**

မော်လမြိုင် ဘူတာမှစက်ခေါင်းမောင်း ဦးမျိုးညွန့်မောင်းနှင်ပြီး ရထားထိန်း ဦးသန်းမိုးနှင့် ဦးတင်ထွဋ်လိုက်ပါတာဝန်ထမ်းဆောင်လာသော မော်လမြိုင်-နေပြည်တော် အမှတ်(၁၈) အစုန်အမြန်ရထားသည် သထုံမြို့နယ် ဇင်းကျိုက်ဘူတာနှင့် ရင်းငြိမ်ဘူတာကြားရထားလမ်းမိုင်တိုင်အမှတ် (၁၄၉/၈-၆) တွင် BDFG7 /2209 ပထမတန်း လူစီးတွဲနှင့် ရထားထိန်းများ လိုက်ပါသော BBE7 10566 ကုန်တင်တွဲသည် ဟုတ်ဘိုးနတ်ပြုတ်ထွက်သွားပြီး ရထားတွဲဆိုင်းပြုတ်သွားကြောင်း သိရသည်။ ရထားပေါ်တွင် လိုက်ပါလာသော တွဲစောင့်ဝန်ထမ်းများက အချိန်မီပြုပြင်မှုကြောင့် ရထားသည် ၂၅ မိနစ် ခန့်ကြာတွင် ရင်းငြိမ်ဘူတာဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ ရထားတွဲဆိုင်းပြုတ်မှုကြောင့် ခရီးသည်နှင့်ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ (လ/၀၁၂)

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## လောက်ကိုင်မြို့တွင် ကျောင်းသားကျောင်းသူများ စာမေးပွဲပြန်လည်ဖြေဆို

**လောက်ကိုင် မေ ၂၆**

ကိုးကန့်ဒေသ ကောက်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)တွင် မေ ၂၅ ရက်မှစတင်၍ မေ ၂၇ ရက်အထိ သူငယ်တန်းမှ နဝမတန်းထိ (စတုတ္ထတန်းနှင့်အဋ္ဌမတန်းမပါ) တစ်ရက် နှစ်ဘာသာနှုန်းဖြင့် ကျောင်းတွင်းစာမေးပွဲများကို ဖြေဆိုလျက်ရှိသည်။

၎င်း ဖြေဆိုသူများအတွက် မေ ၃၀ ရက်တွင် အောင်စာရင်းထုတ်ပြန် ပေးမည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဇွန်လ ၁ ရက်မှ ၅ ရက်အထိ ဆက်လက်ကျောင်းအပ် လက်ခံမည်ဖြစ်ကြောင်း သိရသည်။ မေ ၂၈ ရက်မှ မေ ၃၀ ရက်အထိ (စတုတ္ထတန်းနှင့် အဋ္ဌမတန်း) မြို့နယ်စစ်နှင့် ပြည်နယ်စစ်စာမေးပွဲများ ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

**အယ်လ်စိုး (iprd)**



## "ကျပ်သိန်းသုံးထောင်ရလိုမှုဖြင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဦးစိုးထွန်းရှိန် တရားစွဲ" ဆိုသည့် (၂၆-၅-၂၀၁၅) ရက်စွဲဖြင့် ထုတ်ဝေသည့် Tomorrow News ဂျာနယ်ပါ ကိစ္စရပ်အတွက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား အနူးအညွတ် တောင်းပန်ကြောင်း အသိပေးကြေညာခြင်း

၁။ အဆိုပါ ဖြစ်စဉ်ဖြစ်ရပ်များမှာ ၂၀၀၆ ခုနှစ်က ယခင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကြီးကြပ်မှုဖြင့် အာရှကြီးပွားတိုးတက်ရေးထုတ်ကုန်သွင်းကုန် ကုမ္ပဏီလီမိတက် (ယခုအမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ)မှ တည်ဆောက်ခဲ့သော တန် ၁၀၀ ဆံ့ အအေးခန်းနှင့် တစ်နေ့ ၁၀ တန်ကျ ရေခဲစက်လုပ်ငန်းအား ဝန်ကြီးဌာနဝန်ထမ်းပေါင်းစုံသမဝါယမအသင်းစုလီမိတက်နှင့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီတို့ လွှဲပြောင်းလက်ခံပြုလုပ်ရာတွင် လွှဲပြောင်းပေးသည့် ကုမ္ပဏီဘက်မှ ရရန်ကျပ် ၂၂၉၇ သိန်းနှင့် နစ်နာကြေး ၇၀၃ သိန်း၊ စုစုပေါင်း ငွေကျပ်သိန်းသုံးထောင်ရလိုမှုနှင့် လွှဲပြောင်းလက်ခံရယူမည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းပေါင်းစုံသမဝါယမအသင်းစုလီမိတက်မှ ရရန်ကျပ်သိန်း ၁၅၀၀ ခုနှိမ်ပေးချေမှုအပေါ် မှားယွင်းစွာ တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ကို မှားယွင်းစွာ တရားစွဲဆိုခဲ့ခြင်းအား ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား အနူးအညွတ်တောင်းပန်ပါကြောင်း အများပြည်သူသိရှိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ဦးစိုးထွန်းရှိန်
ဥက္ကဋ္ဌ
အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ

# ဆွေမျိုးများနှင့် ပြန်လည်ဆုံတွေ့ရသလိုပါ

ပါမောက္ခ-မင်းဓာတု



လွန်ခဲ့သည့် သင်္ကြန်အားလပ်ရက်များတွင် စာရေးသူသည် ဗီယက်နမ်၊ ကမ္ဘောဒီးယားခရီးစဉ် တစ်ခုတွင် လိုက်ပါသွားခဲ့ပါသည်။ ဗီယက်နမ်မြောက်ပိုင်းရှိ မြို့တော် ဟနွိုင်းတစ်ဝိုက်နှင့် တောင်ပိုင်းရှိ ယခင်အခေါ် ဆိုင်းဂုံမြို့၊ ယခုအခေါ် ဟိုချီမင်းစီးတီးတစ်ဝိုက်ကို လေ့လာခဲ့ရပါသည်။ ကမ္ဘောဒီးယားတွင်မူ အန်းကောဝပ်ကျောင်းတော်တည်ရှိရာ ဆီယမ်ရိမြို့တစ်ဝိုက်အား လေ့လာနိုင်ခဲ့ပါသည်။

မြို့တော် ဟနွိုင်းကို လေ့လာကြည့်ရှုရာတွင် မြို့တော်ရန်ကုန်နှင့် တူညီမှုမရှိပါ၊ မန္တလေးမြို့နှင့် ခပ်ဆင်ဆင်တူပါသည်။ ဟနွိုင်းတွင်လူဦးရေ ၁၀ သန်းခန့်ရှိပြီး မော်တော်ဆိုင်ကယ် ငါးသန်းခန့်ရှိသည်ဟု ဆိုပါသည်။ မော်တော်ကား အသုံးပြုသူနည်းပါးပြီး မော်တော်ဆိုင်ကယ်ကိုသာ အဓိက အသုံးပြုကြပါသည်။ ဗီယက်နမ်လူမျိုးများမှ ရုပ်ရည်အားဖြင့်လည်းကောင်း၊ ဘာသာစကား အယူဝါဒနှင့် ယဉ်ကျေးမှုတို့တွင် လည်းကောင်း တရုတ်များနှင့် ခပ်ဆင်ဆင်တူညီမှုရှိကြပါသည်။

မြို့တော်တစ်ခွင် မော်တော်ယာဉ်ဖြင့် လှည့်လည်သွားလာခိုက် ဗီယက်နမ်ဧည့်လမ်းညွှန်အမျိုးသား၏ ပြောပြချက်များအရ ဗီယက်နမ်တွင် လူဦးရေသန်း ၉၀ ခန့်ရှိကြောင်း ၇၀ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြကြောင်း၊ သို့သော် မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာနှင့်ကွာခြားမှုရှိကြောင်း၊ တရုတ် ဗုဒ္ဓဘာသာ (မဟာယန)ဖြစ်ကြောင်း၊ ခရစ်ယာန်ဘာသာဝင်များလည်းရှိပါကြောင်း၊ ဘာသာပေါင်းစုံမှ ကောင်းနိုးရာရာတို့ကို ရွေးနုတ်ပြီး အသစ်ထွင်ထားသော ဘာသာတစ်ရပ်လည်းရှိပါကြောင်း၊ မိမိတို့က စွပ်ပြုတ်ဘာသာဟု ခေါ်ဆိုလေ့ရှိကြောင်း၊ ထိုဘာသာအသစ်ကို ယုံကြည်ကိုးကွယ်သူ နှစ်သန်းခန့်ရှိကြောင်း သိရှိရပါသည်။ ဗီယက်နမ် ဧည့်လမ်းညွှန်က ဗီယက်နမ်သည် တရုတ်ယဉ်ကျေးမှု၏ လွှမ်းမိုးမှုခံခဲ့ရပါကြောင်း၊ ဗီယက်နမ်၏ နှစ်သစ်ကူးသည် တရုတ်နှစ်သစ်ကူးနှင့် အတူတူပင် ဖြစ်ပါကြောင်း၊ ယခုအခါ မိမိတို့က ဗီယက်နမ်နှစ်သစ်ကူးကို လူနာ (Lunar) နှစ်သစ်ကူးဟုသာ ခေါ်ဆိုပါကြောင်း၊ တရုတ်သည် ဗီယက်နမ်မှာ ခေတ်မစားတော့ပါကြောင်း၊ ဗီယက်နမ်လူမျိုးများသည် ခွေးသားနှင့်ကြောင်သားကို ကြိုက်နှစ်သက်သူများဖြစ်ကြောင်း ဆက်လက်ပြောပြခဲ့ပါသည်။

စာရေးသူသည် ဗီယက်နမ်မြောက်ပိုင်း ဟနွိုင်းမြို့မှ သုံးနာရီခန့် ကားစီးသွားရသည့် ဟလောင်းပင်လယ်အော်ကို တစ်ညအိပ်ခရီးသွားရောက်လေ့လာ အပန်းဖြေခဲ့ရပါသည်။ ဟလောင်းပင်လယ်အော်သည် ကျောက်တောင်ကျွန်းငယ် အများအပြားရှိပြီး သာယာလှပမှုရှိသဖြင့် ခရီးသွားများဖြင့် စည်ကားနေပါသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် နေရာတစ်ခုဖြစ်ပါသည်။ ဟနွိုင်းမြို့ထဲရှိ ဟိုချီမင်းပြတိုက်ကိုလည်း လေ့လာရသေးသည်။ အလွန်ခမ်းနားစွာ တည်ဆောက်ထားကြောင်း ခရီးသွားများ အလွန်စိတ်ဝင်စားသည့် စည်ကားလှသော နေရာဖြစ်ကြောင်း တွေ့ရသည်။

စာရေးသူတို့သည် ဗီယက်နမ်တောင်ပိုင်းတွင်မူ ဆိုင်းဂုံ(ဟိုချီမင်းစီးတီး)မှ တစ်နာရီခန့်ကားစီးရသည့် တစ်ချိန်က ပြောက်ကျားဗီယက်ကောင်းတို့၏ နယ်မြေဖြစ်သော ကူချီးလိုဏ်ခေါင်းများရှိရာ တောတန်းကြီးသို့ သွားရောက်လေ့လာခဲ့ရပါသည်။ အမေရိကန်နှင့် အမေရိကန်လိုလားသူ ဗီယက်နမ်များက တစ်ဖက်၊ ဗီယက်ကောင်းနှင့် မြောက်ပိုင်းမှ ဗီယက်နမ်တပ်များကတစ်ဖက်၊ ကူချီးတောတန်းကြီးနှင့် ဝန်းကျင်တွင် ၁၅ နှစ်ကြာမျှ စစ်ခင်းခဲ့ကြရာ အမေရိကန် ၅၀၀၀ ခန့်နှင့် ဗီယက်နမ်လူမျိုး လေးသောင်းခွဲမျှ သေဆုံးခဲ့ရသည်ဟု သိရပါသည်။ ဆိုင်းဂုံ(ဟိုချီမင်းစီးတီး)အတွင်း၌လည်း အထက်ပါ စစ်ပွဲမှ အမှတ်တရ ဓာတ်ပုံများကို အဓိကထားပြီး ပြသသော စစ်သမိုင်းပြတိုက်အား လေ့လာကြည့်ရှုခဲ့ရပါသေးသည်။ စစ်ပွဲက အနိဋ္ဌာရုံ မြင်ကွင်းများကြောင့် ပူလောင်နေသော စာရေးသူတို့၏ စိတ်ခံစားချက်များမှာ ဆိုင်းဂုံမြစ်အတွင်း ရပ်နားထားသော သင်္ဘောတစ်စင်းပေါ်တွင် ထိုညနေစားလိုက်ရသော Crusie Dinner ကြောင့် ပြန်လည်သက်သာသွားရပါသည်။ ညနေပိုင်း လေနုအေးကလေးက တဖြူးဖြူး၊ ဗီယက်နမ် အဆို အတီးများကလည်း မြိုင်မြိုင်ဆိုင်ဆိုင်နှင့် အရသာရှိလှသော ပင်လယ်အစားအစာများက စာရေးသူတို့၏ စိတ်ကို လန်းဆန်းသွားစေပါသည်။ အသံကောင်း၊ အဆိုကောင်း ဗီယက်နမ်တေးသံရှင် အမျိုးသမီးကလည်း သီချင်းသီဆိုရာတွင် ရေ၊ ရေ၊ ရေဟုအသံအနိမ့်အမြင့်ပြု၍ အော်ဟစ် သီဆိုနေရာ ဆိုင်းဂုံမြစ်ရေနှင့် ပဏာရလျက်၊ အေးချမ်းမှု နှင့် ပျော်ရွှင်မှုကိုပင်ရခဲ့ပါ၏။ နှုတ်ဆက်ခဲ့ပါသည်။ နေရစ်ပေဦးတော့ ဗီယက်နမ်။

ဗီယက်နမ်နိုင်ငံ ဟနွိုင်းလေဆိပ်မှ ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိလေဆိပ်ကို ညဦးပိုင်းအချိန် လေယာဉ်ဖြင့် သွားကြရာ ည ၉ နာရီတွင် ရောက်ရှိခဲ့ပါသည်။ အရပ်မြင့်မြင့်နှင့် ခပ်သွယ်သွယ် ကမ္ဘောဒီးယားဧည့်လမ်းညွှန်က လာကြိုပါသည်။ ရုပ်ရည်အားဖြင့် ဗမာနှင့်တူညီသည်သာမက အင်္ဂလိပ်စကားပြောရာတွင်လည်း ငါးပိချက်သံပါနေပါသေးသည်။ ကမ္ဘောဒီးယားသည် ဗီယက်နမ်ထက် အနည်းငယ်ပို၍ပူသဖြင့် ရန်ကုန်အပူချိန်လောက်ရှိပါ၏။

ဧည့်လမ်းညွှန်က စာရေးသူတို့အား မော်တော်ကားဖြင့် စားသောက်ဆိုင်ကြီးတစ်ခုသို့ ခေါ်ဆောင်သွားပြီး ညစာကျွေးပါသည်။ ညစာစားချိန်နောက်ကျနေ၍ ဆိုင်မှာ လူရှင်းနေပါသည်။ ထို့နောက် ခန့်ညားထည်ဝါသော Somadevi ခေါ် ဟိုတယ်ကြီးတွင် ညအိပ်ရပ်နားနေစေပါသည်။ နံနက်စာကို ဟိုတယ်အောက်ထပ်တွင် ခမ်းနားစွာ စားသောက်ကြရပါသည်။ အခြားသော ခရီးသွားဝန်ဆောင်မှု ကုမ္ပဏီများနှင့် လိုက်ပါလာကြသော မြန်မာပြည်မှ ခရီးသည်များနှင့်လည်း စားသောက်ခန်းတွင် ဆုံကြရပါသေးသည်။ အသိမိတ်ဆွေတချို့ပင် အမှတ်မထင်တွေ့နေရသဖြင့် မြန်မာများလည်း ပြည်ပခရီးထွက်သူများလာနေပြီဖြစ်ကြောင်း သတိပြုမိပါသည်။ မြန်မာများ အမြင်ပို၍ကျယ်ရန်အတွက် နိုင်ငံခြားခရီးများများထွက်ပေးကြရပါမည်။

နံနက်စာစားပြီးနောက် ကမ္ဘောဒီးယားဧည့်လမ်းညွှန်က စာရေးသူတို့အား မော်တော်ယာဉ်ဖြင့် အန်းကောဝပ်ဘုရားရှိရာသို့ ခေါ်ဆောင်သွားပါသည်။ လမ်းခရီးတစ်လျှောက် ကားပေါ်တွင် ဗဟုသုတဖြစ်ဖွယ်ရာများကို ပြောပြသွားပါသည်။

*စာမျက်နှာ ၁၆ သို့*

**ကမ္ဘောဒီးယားလူမျိုးများသည် ဗမာများနှင့်ရုပ်ရည်ချင်းဆင်တူနေရုံမက တူရိယာပစ္စည်းများနှင့် အဆိုအကများလည်း မကွာလှပါ။ ဗမာများ ဂုဏ်ယူဝင့်ကြွားစွာ ပြသလေ့ရှိသည့် ဝါးပတ္တလားသည်ပင် ကမ္ဘောဒီးယား၏ ရှေးဟောင်းတူရိယာဖြစ်ကြောင်း တွေ့ရှိခဲ့**

# ဘုန်းချောင်းကူးတံတားကြီးလမ်းလွှဲမှ မြေသားများရေတိုက်စား၍ ဖြတ်သန်းသွားလာမှုအခက်အခဲဖြစ်

**ယင်းမာပင် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့ ပုလဲ-ယင်းမာပင်-မုံရွာ ကားလမ်းမပေါ်တွင် ဘုန်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ တံတားဟောင်းကို ဖျက်သိမ်းပြီးတန် ၆၀ ဝန်ခံအားရှိသော တံတားအသစ်အား ၂. ၁၀. ၂၀၁၄ ရက်မှ စတင်ပြီး တည်ဆောက်လျက်ရှိရာ ကမ်းကပ်ခုံများတည်ဆောက်ပြီး နောက်ပိုင်းတွင် တည်ဆောက်ရေးလုပ်ငန်းများ ရပ်တန့်နေသည့်အတွက် တံတားကို အသုံးပြုနေကြသည့် ပြည်သူများအနေဖြင့် မိုးရာသီတွင် နောက်ထပ်ရွာသွန်းလာလျှင် လမ်းလွှဲတံတားမှ သွားလာရေး အခက်တွေ့မည်ကို စိုးရိမ်လျက်ရှိကြသည်။



ဒေသခံတစ်ဦးကလည်း "ဒီဘုန်းချောင်းကူးတံတားကြီးက ယင်းမာပင်မြို့ရဲ့ အရှေ့ပိုင်းနဲ့ အနောက်ပိုင်းကူးသန်းသွားလာတဲ့အခါ အဓိကကျသလို မုံရွာ-ပုလဲ-ဂန့်ဂေါ သွားကားလမ်းမကြီးရဲ့ အဓိကကျတဲ့ ဆက်သွယ်ရေးတံတားလည်း ဖြစ်ပါတယ်၊ လောလောဆယ် တံတားကြီးဆောက်လုပ်ရေးလုပ်ငန်းတွေ ခေတ္တရပ်တန့်ထားတဲ့အချိန် မနေ့ ညကမိုးတွေရွာတော့ ဘုန်းချောင်းရေတိုးလာပြီး လမ်းလွှဲတံတား၏ မြေသားလမ်းကို ရေတိုက်စားသွားတော့ ဒီလမ်းလွှဲတံတားကို ဖြတ်သန်းကြတဲ့မော်တော်ယာဉ်တွေ သွားလာမှု နှောင့်နှေးလျက်ရှိပါတယ်၊ ဒီဘုန်းချောင်းကူးတံတားကြီး မိုးမကျမီ အမြန်ပြီး စေချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**စိုးစိုး(ယင်းမာပင်)**

# ဆင်းရွှေလီစပါးများ အောင်မြင်ဖြစ်ထွန်း

**သပိတ်ကျင်း မေ ၂၆**

သပိတ်ကျင်းမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ရေညာဦးကျေးရွာနှင့် အုံးပိုင်ကျေးရွာတို့ကို မြစိမ်းရောင်ကျေးရွာအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ မတည် ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် မိမိတို့ကျေးရွာအလိုက် ကော်မတီများဖွဲ့စည်းခဲ့ပြီး ကျေးရွာရှိအိမ်ထောင်စုများအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများအတွက် ရင်းနှီးဆောင်ရွက်ရန် အတိုးနှုန်းတစ်ကျပ်ဖြင့် ချေးငွေများ ထုတ်ချေးပေးခဲ့သည်။

မြို့နယ်မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးကော်မတီများက မေ ၂၀ ရက်တွင် ရေညာကျေးရွာနှင့် အုံးပိုင်ကျေးရွာများသို့သွားရောက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးအရောင်းအဝယ်ပြုလုပ်သူ ချေးငွေထုတ်ချေးထားသည့် ပြည်သူများနှင့်တွေ့ဆုံပြီး မွေးမြူထားသည့် တိရစ္ဆာန်များကို ကြည့်ရှုခဲ့သည်။ ထို့နောက် လိုအပ်သည့်ဆေးဝါး ကုသမှုများ ဆောင်ရွက်ပေးခဲ့သည့်အပြင် စိုက်ပျိုးရေးလုပ်ငန်းတွင် ဆင်းရွှေလီစပါးများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဝင်း**

# နမ့်ခမ်းမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအားအခမဲ့ ကုသပေးမည်

**နမ့်ခမ်း မေ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ ဇေယျသုခကျောင်းတိုက်ရှိ သီတဂူ စက္ခုဒါနဆေးရုံ၌ ဇွန် ၈ ရက်မှ ၁၁ ရက်အထိ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခြင်း၊ ခွဲစိတ်ခြင်းများဖြင့် ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

မျက်စိဝေဒနာရှင်များကို သီတဂူဆရာတော် ဒေါက်တာ အရှင် ဉာဏိဿရ၏ ဩဝါဒကို ခံယူလျက် ကျွမ်းကျင်သော မျက်စိအထူးကု ဆရာဝန်ကြီးများနှင့်အတူ ကုသရေး အဖွဲ့များလိုက်ပါလျက် နမ့်ခမ်းမြို့ ဇေယျသုခကျောင်းတိုက် ပဓာန သီတဂူဆေးရုံတော်၊ မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝိနယာစာရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) နှင့် စေတနာရှင် ပြည်သူများ ပူးပေါင်းပါဝင်ကာ စီစဉ်ဆောင်ရွက် ကုသပေးသွားမည်ဖြစ်သည်။

ဆေးဝါးကုသမှု ခံယူလိုသော မျက်စိဝေဒနာရှင် များ ရပ်နီးရပ်ဝေးမည်သည့် ဒေသမဆို လူမျိုးဘာသာမရွေး အခမဲ့လာရောက် ကုသမှုခံယူနိုင်ပြီး ဇွန် ၁ ရက်မှ စတင်၍ ကြိုတင် စာရင်းပေးသွင်းနိုင်ကြကြောင်း၊ လာရောက်ကုသမှုခံယူသော မျက်စိဝေဒနာရှင်များအတွက် တည်းခိုနေထိုင်ရန် စီစဉ်ထားရှိကာ အလှူရှင်များက စားသောက်ရေးအတွက် ကုသိုလ်ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

"နမ့်ခမ်းမြို့ သီတဂူစက္ခုဒါနဆေးရုံတော်မှာ မျက်စိဝေဒနာရှင်များ လာရောက်ကုသကြပါ။ ကာယဉာဏ လုပ်အားဒါနလည်း ဝိုင်းဝန်းပြီး ပါဝင်ကုသိုလ်ယူကြပါ။ လိုအပ်တဲ့ စားသောက်ရေးနဲ့ အလှူဒါနများ လည်းပါဝင်ကြပါ။ မည်သည့်ဒေသမဆို လူမျိုးဘာသာမရွေး လာရောက်ကုသနိုင်ကြပါတယ်" ဟု ဆရာတော်ဘဒ္ဒန္တ ဒေါက်တာ ဝိနယာစာရက မိန့်ကြားတော်မူသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**





ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အနောက်ရပ် ၂၅၀၀ တိုက်သစ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလဦးဆောင်ကျင်းပသော (၁၁)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ပဋ္ဌာန်းသိမ်းအောင်ပွဲကို မေလတတိယပတ်က ကျောင်းတိုက်မွှာရုံ၌ ကျင်းပစဉ်။ စိုင်း(သီပေါ)

# ဝဲကြီးဆင်သေချောင်းကူးတံတား သစ်သားတံတားမကြာမီတည်ဆောက်မည်

**နေပြည်တော် မေ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာအုပ်စုရှိ ဝဲကြီးဆင်သေချောင်းကူး သစ်သားတံတားသစ်ကို မကြာမီ တည်ဆောက်တော့မည်ဖြစ်ကြောင်း သိရသည်။ အရှည်ပေ ၃၆၀ ရှိ အဆိုပါတံတားသစ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးဖွဲ့ (၆) က တာဝန်ယူတည်ဆောက်မည်ဖြစ်သည်။

မေ ၂၃ ရက်နံနက်ပိုင်းက နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ်တာဝန်ခံဦးသန်းဌေးနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများအဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာများ၏ တံတားတည်ဆောက်ရေးဆိုင်ရာ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်ချက်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **မောင်လွင်**

# ဆိုလာမီးဖြင့် ကျေးရွာကိုးရွာကို မီးလင်းအောင် ဆောင်ရွက်ပေးနိုင်

**ဇီးကုန်း မေ ၂၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် လျှပ်စစ်မီးရရန်ခက်ခဲသော ကျေးရွာကိုးရွာကို ဆိုလာစနစ် (ဝါ) နေရောင်ခြည် စွမ်းအင်စနစ်ဖြင့် မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၃၅ ဒသမ ၄ သန်းဖြင့် တမံကြီး၊ နဂါးချောင်း၊ ခရုချောင်း၊ ထန်းရှစ်ပင်၊ သစ်မျှောကြီး-ပေါက်ပင်ဆိတ်-တမံစု-ရိုးကြီး-ချောင်းစောက် ရွာပေါင်းကိုးရွာနေပြည်သူ ၂၆၃၉ ဦး၊ အိမ်ထောင်စု ၇၀၀ ကျော်တို့အတွက် ဆိုလာမီး ၆၇၇ လုံးနှင့် ဆက်စပ်ပစ္စည်းများဖြစ်သော ဘက်ထရီအိုး၊ အင်ဗာတာ၊ မီးချောင်း၊ မီးလုံး၊ ဆိုလာပြားများကို ဇမ္ဗူရစ်ပုလဲစွမ်းအင်ကုမ္ပဏီမှ အခမဲ့တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

# တောင်သူများ၏ ဘဝတိုးတက်မြင့်မားရေး ဆွေးနွေးမှာကြား

**နတ်တလင်း မေ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်သို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများသည် မြို့ခြံကျေးရွာအုပ်စု ကျောင်းကြီးကျေးရွာ သီရိကဥ္စနာရာမဘုန်းတော်ကြီးကျောင်းရှိ ဆွမ်းစားဆောင်တွင် ဒေသခံများနှင့် မေ ၂၃ ရက် နံနက် ၉ နာရီက တွေ့ဆုံ၍ ဒေသဆောင်ရွက်ချက်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးအတွက် ရေရရှိအောင်ဆောင်ရွက်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးနည်းစနစ်ရရှိလာအောင်နှင့်ရရှိမှလည်း တောင်သူလယ်သမားများ၏ဘဝ တိုးတက်မြင့်မားလာမည်ဖြစ်သည်။

ထို့အတူ လျှပ်စစ်မီးရရှိမှသာ လူနေမှုအဆင့်အတန်း မြင့်မားလာနိုင်မည်ဖြစ်ကြောင်း၊ နှစ်နှစ်တာကာလအတွင်း ကျေးလက်ဒေသများ၌ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးမှုမှာ ကျေးရွာပေါင်း ၁၀၆ ရွာ မီးလင်းမည်ဖြစ်ပြီး မြို့နယ်တစ်ခုလုံး၏ ၇၁ ဒသမ ၈ ရာခိုင်နှုန်း မီးလင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့သည်။ **တင်မြင့်(နတ်တလင်း)**

*စာမျက်နှာ ၁၅ မှ*

ဧည့်လမ်းညွှန်၏အဆိုအရ ကမ္ဘောဒီးယားသည် မြန်မာနိုင်ငံထက် လူဦးရေနှင့် အကျယ်အဝန်းများစွာ သေးငယ်ပါကြောင်း၊ သို့သော် လာအိုနိုင်ငံထက်တော့ ကြီးမားပါကြောင်း၊ တစ်ချိန်ကခမာအင်ပါယာမှာ လွန်စွာ ကြီးကျယ်ခမ်းနားခဲ့ပါကြောင်း၊ ၁၂ ရာစုတွင် ခမာအင်ပါယာ ပြိုကွဲသွားခဲ့ပါကြောင်း၊ ခမာအင်ပါယာ၏ နေပြည်တော်ဖြစ်သော ယခုသွားမည့် အန်းကောနန်းတော်ကြီးမှာ ဖျက်ဆီးခံရပြီး တဖြည်းဖြည်း တောကြီးမျက်မည်း ဖြစ်သွားခဲ့ရပါကြောင်း၊ ၁၈၆၀ ပြည့်နှစ်တွင် ပြင်သစ်လူမျိုးတစ်ဦးက အန်းကောမြို့တော်ဟောင်းနှင့် အန်းကောဝပ်ကျောင်းတော်ကြီးကို အမှတ်မထင်ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ တဖြည်းဖြည်း ရှင်းလင်းဖော်ထုတ်ခဲ့ကြရကြောင်း၊ ယခုအခါ ယူနက်စကိုက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းသွင်းပြီး ထိန်းသိမ်းလျက်ရှိပါကြောင်း၊ အန်းကောမြို့တော် ဟောင်းအနီးတွင် တုန်လီဆက်ရေအိုင်ကြီးရှိကြောင်း၊ ထိုအိုင်ကြီးသည် မဲခေါင်မြစ်နှင့် ဆက်သွယ်မှုရှိကြောင်း၊ မိုးအခါ၌မဲခေါင်မြစ်ရေတိုးပြီး ရေလျှံသည့်အခါ ချောင်းငယ်မြောင်းငယ်များမှ တစ်ဆင့် အိုင်ကြီးထဲသို့ ရေများစီးဝင်ကြောင်း၊ နွေအခါတွင် ထိုချောင်းငယ်မြောင်းငယ်များမှ တစ်ဆင့် မဲခေါင်မြစ်ထဲသို့ရေများ စီးထွက်ကြောင်း သိရသည်။

၎င်းကပင်ဆက်၍ ကမ္ဘောဒီးယားလူမျိုးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ကမ္ဘောဒီးယားနှစ်သစ်ကူးမှာ မြန်မာနှစ်သစ်ကူးနှင့် အတူတူပင်ဖြစ်ကြောင်းရှင်းပြပါသည်။

မကြာမီ စာရေးသူတို့ လူများ ကားများနှင့် စည်ကားနေသော ဂိတ်ဝတစ်ခုသို့ရောက်ကြပါသည်။ အားလုံးကားပေါ်မှဆင်းပြီး အဝင်လက်မှတ်ပြုလုပ်ရန် ဓာတ်ပုံများရိုက်၊ ကျသင့်ငွေကိုလည်း ခရီးသွားကုမ္ပဏီမှပေးချေကြရပါ၏။ ဝင်ခွင့်လက်မှတ်များရသောအခါ ကားပေါ်ပြန်တက်ပြီး ရှေ့သို့ခရီးဆက်ကြပါသည်။

စာရေးသူတို့ ယခုရောက်ရှိနေရာကို Angkor Complex ဟု ခေါ်ကြောင်း ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ဒေသဖြစ်ကြောင်း ရှင်းပြပါသည်။ ပတ်ဝန်းကျင်ကို လှေလာကြည့်သောအခါ သစ်ပင်မျိုးစုံပေါက်ရောက်နေသော တောကြီးတစ်ခုအတွင်း ရောက်နေသည်ဟုပင် ခံစားရပါသည်။ မကြာမီ ကျုံးနှင့်မုခ်ပေါက်တွေ့ရှိပြီး ကျုံးတံတားဖြတ်ကျော်လိုက်သောအခါ အန်းကောနေပြည်တော်ဟောင်းကြီးထဲရောက်သွားပါတော့သည်။ နန်းတော်နှင့်ဆိုင်သော အဆောက်အအုံများ လုံးဝမရှိတော့ပါ။ သစ်ပင်ကြီးများသာ နေရာအနှံ့ လွှမ်းမိုးထားပါသည်။

ရောမဘုရင်နီရိုဘုရင်လက်ထက် ရောမမြို့တော်ကဲ့သို့ ကြီးကျယ်ခမ်းနားခဲ့သော အန်းကောမြို့တော်မှာ အေဒီ ၁၂ ရာစုနှစ် ပုဂံပြည်ပျက်စီးချိန်လောက်တွင် ထိုင်းတို့၏ တိုက်ခိုက်ဖျက်ဆီး လုယက်မှုကြောင့် လုံးဝပျက်သုဉ်းသွားခဲ့ရပါသည်။ အန်းကောမြို့တော်မှ ယဉ်ကျေးမှုပစ္စည်းများကိုလည်း ထိုင်းနိုင်ငံသို့သယ်ဆောင်ခဲ့ကြရာ ယခုမြန်မာနိုင်ငံ မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးဝင်းအတွင်းရှိ ရှေးဟောင်းကြေးရုပ်ကြီးများလည်းပါဝင်ခဲ့ပါသည်။

စာရေးသူ၏ စိတ်အစဉ်တွင် လူတကာ၏ ချက်နှိုက်ခြင်းခံနေရရှာသော အဆိုပါ ရှေးဟောင်းကြေးရုပ်ကြီးများကိုမြင်ယောင်နေခိုက် အန်းကောသွမ်ဟုခေါ်သော ဝတ်ကျောင်းတော်ကြီးကို ရောက်ပါတော့သည်။ ကျောက်သားများဖြင့်သာ တည်ဆောက်ထားပြီး ကျောက်ဆစ်လက်ရာများမှာ အဆင့်မြင့်လှပါသည်။ထို့နောက်ကားဖြင့် ဆက်လက်ထွက်ခွာရာ မကြာမီမှာပင် ဗေယွန်ဝတ်ကျောင်းတော်ရောက်ပါသည်။ တည်ဆောက်ပုံ အထိုက်အလျောက်ကွဲပြားသော်လည်း အဆင့်မြင့်ကျောက်ဆစ်လက်ရာများမှာ တူညီမှုရှိပါသည်။

ထို့နောက် ကားဖြင့် ဆက်လက်ထွက်ခွာရာ တဖရွှန်ဝတ်ကျောင်းတော်သို့ရောက်ပါသည်။ ကျောက်သားများဖြင့်သာ တည်ဆောက်ထားခဲ့ကြသော်လည်း နှစ်ပရိစ္ဆေဒများစွာကြာမြင့်ပြီဖြစ်ပါ၍ အတော်ပင် ပျက်စီးနေကြပါသည်။ ထိုဘုရားကြီးများ သို့မဟုတ် ဝတ်ကျောင်းတော်ကြီးများမှာ အန်းကောနန်းတော်အတွင်း၌ တည်ထားခဲ့ခြင်း ဖြစ်ပါသည်။

ကားဖြင့် နန်းတော်ကျုံးတံတားကိုဖြတ်ပြီး အန်းကောနန်းတော်မှ ထွက်ခဲ့ကြပါသည်။ တစ်မိုင်ခန့်ခရီးဆက်ပြီးသောအခါ အန်းကောဝပ် ကျောင်းကြီးကို ရောက်ပါတော့သည်။ အဝင်အဝဂိတ်မှ ကျောင်းတော်ကြီးရှိရာသို့ အတန်ငယ်ကြာအောင် လမ်းလျှောက်ဝင်ရပါသည်။ အန်းကောဝပ်ကျောင်းတော်ကြီးမှာ နန်းတွင်းရှိ ကျောင်းတော်ကြီးများထက် ကြီးမားမှုရှိပြီး ပျက်စီးမှုနည်းပါးသည်။ ကမ္ဘာလှည့်ခရီးသည်များဖြင့် အလွန်စည်ကားလှသော နေရာကြီးလည်းဖြစ်ပါသည်။ ကျောက်ဆစ်လက်ရာများ မပျက်စီးစေရန် အချို့နေရာတွင် ကြိုးတန်းများဖြင့် ကာရံထားသည်ကိုလည်း သတိပြုမိပါသည်။ ထိန်းသိမ်းရပါမည်။ တစ်နှစ်လျှင်ခရီးသွားငါးသန်းကိုရရှိနိုင်အောင် အဓိကဆွဲဆောင်ထားသည့် အဆောက်အအုံကြီးမဟုတ်ပါလား။

ကမ္ဘောဒီးယားလူမျိုးများသည် ဗမာများနှင့် ရုပ်ရည်ချင်းဆင်တူ နေရုံမက တူရိယာပစ္စည်းများနှင့်အဆိုအကများလည်း မကွာလှပါ။ ဗမာများဂုဏ်ယူဝင့်ကြွားစွာ ပြသလေ့ရှိသည့် ဝါးပတ္တလားသည်ပင် ကမ္ဘောဒီးယား၏ ရှေးဟောင်း တူရိယာဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

နောက်တစ်နေ့တွင် ကမ္ဘောဒီးယားဧည့်လမ်းညွှန်က စာရေးသူတို့အား ဆီယမ်ရိဈေးကို လိုက်ပို့ပါသည်။ သင်္ကြန်ပိတ်ရက်များဖြစ်သောကြောင့် ဈေးဆိုင်အများစု ပိတ်ထားပါသည်။ အိမ်ဆိုင်များက ဖွင့်ထား၍ စာရေးသူက အိမ်ဆိုင်တစ်ဆိုင်ကိုဝင်ရောက်ပြီး အန်းကောဝပ်ပုံပါသော တီရှပ်အချို့ဝယ်ယူပါသည်။ ဈေးရောင်းသူ အမျိုးသမီးက စာရေးသူကို ဘယ်ကလာပါသလဲဟု အင်္ဂလိပ်လိုမေးသဖြင့် မြန်မာပြည်ကပါဟု ပြန်ဖြေလိုက်ပါသည်။ မြန်မာနှင့်ကမ္ဘောဒီးယား သိပ်တူပါတယ်ဟု ပြောသဖြင့် စာရေးသူက မှန်ကန်ပါကြောင်းပြောအပြီးတွင် ဈေးရောင်းသူ အမျိုးသမီးက ဆိုင်ထဲရှိ အခြားအမျိုးသမီးတစ်ဦးနှင့် စာရေးသူအားကြည့်၍ ကမ္ဘောဒီးယားစကားများဖြင့် အတန်ကြာပြောဆိုနေသည်ကို တွေ့ရပါသည်။

ခန့်မှန်းကြည့်ရသလောက်ဆိုရပါလျှင် သူတို့ပြောဆိုနေပုံမှာ သူတို့မိသားစု သို့မဟုတ် အမျိုးထဲက တစ်ယောက်ယောက်မှာ စာရေးသူနှင့်ခွဲခရက်အောင် တူညီနေသည်ကို အံ့သြစွာ တွေ့မြင်နေရပုံဖြစ်ပါသည်။ ဆွေမျိုးများနှင့် ပြန်လည်ဆုံတွေ့သလိုပါလား။ အကြောင်းခြင်းရာ တစ်စုံတစ်ရာရှိရပါမည်။

သမိုင်းကို ပြန်လည်လေ့လာကြည့်သောအခါ အောက်ပါအချက်များကိုတွေ့ရပါသည်။ ကမ္ဘောဒီးယား အန်းကော နေပြည်တော်ကို တည်ထောင်ခဲ့သူများမှာ ဇယဝါရမန်နှင့် ယသောဝါရမန်မင်းတို့ဖြစ်ကြပြီး မြန်မာနိုင်ငံသရေခေတ္တရာမှ တူးဖော်ရရှိသော ကျောက်စာအရ၊ ပထမ သရေခေတ္တရာ နေပြည်တော်တည်ထောင်သူ မင်းမှာ ဇယစန္ဒြဝါရမန်မင်းဖြစ်၍ ညီအစ်ကိုတော်စပ်သူ သာကီဝင်မင်းများဖြစ်နေကြပါသည်။

၎င်းအပြင် ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့သည် သာကီဝင်တို့၏ သုဝဏ္ဏဘူမိ ကုန်သွယ်လမ်းကြောင်းပေါ် ကျရောက်ခဲ့၍ မဇ္ဈိမဒေသမှသာကီဝင်အများအပြား ရေကြည်ရာမြက်နုရာဒေသများသို့ ပြောင်းရွှေ့ခဲ့ရာတွင် အဓိကပါဝင်သော ဒေသများဖြစ်ခဲ့ကြသည်ကိုလည်း တွေ့ရှိရပါကြောင်း။

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ပန်းချီပြိုင်ပွဲကျင်းပ

**သရက် မေ ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဧရာဆောင် အဆောင်သစ်၌ မေ ၂၃ ရက် နံနက် ၉ နာရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(၁၈)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ၊ ပန်းချီပြိုင်ပွဲကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပညာရေးဌာနတို့က ပူးပေါင်းကျင်းပခဲ့သည်။

သတ်မှတ်ပေးထားသော ခေါင်းစဉ် ငါးခုဖြင့် မူလတန်း၊ အလယ်တန်းတို့မှ ကျောင်းသား ကျောင်းသူ ၁၂ ဦးက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲသို့ သရက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အုန်းဟန်ဦး၊ စခန်းမှူး ဒုရဲမှူး ကျော်ဌေး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်မင်းအောင်နှင့် တာဝန်ရှိသူများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

## သာစည်မြို့နယ်၌ ဝန်ထမ်းအိမ်ရာများတည်ဆောက်

**သာစည် မေ ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်ငွေတောင်ဦး ကုမ္ပဏီနှင့် ရတနာပုံကုမ္ပဏီတို့က သာစည်မြို့နယ် ကန်စွယ်ကျေးရွာအနီးတွင် ဝန်ထမ်းများနေထိုင်ရန်အတွက် အဆောက်အအုံတစ်လုံးလျှင် အလျား ၁၀၂ ပေ၊ အနံ ၂၉ ပေ၊ အမြင့်ပေ ၃၀ ရှိသည့် သုံးထပ်တိုက်အဆောက်အအုံနှစ်လုံးကို တည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံတစ်လုံးတွင် လေးခန်းတွဲပါအခန်းသုံးခန်း၊ အခန်းပေါင်း ၁၂ ခန်းပါရှိပြီး အခန်းတစ်ခန်းလျှင် အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်းတစ်ခန်း၊ ရေချိုးခန်းနှင့် အိမ်သာတစ်ခန်း၊ ထမင်းစားခန်းတစ်ခန်းတို့ ပါရှိကြောင်း သိရသည်။ ကန်စွယ်ကျေးရွာသည် မြို့နှင့်ထိစပ်လျက်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပြီး ယခုအခါ ဝန်ထမ်းအိမ်ရာများရောက်ရှိလာပြီဖြစ်၍ မကြာမီကန်စွယ်ရွာလေးသည် ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**



## တရုတ်-မြန်မာ-အိန္ဒိယနိုင်ငံများသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် လီဒိုလမ်းမကြီးပေါ်ရှိ အရှည် ပေ ၂၀၀၈ ပေရှိ တရုံတံတားကြီးဖွင့်

**မြစ်ကြီးနား မေ ၂၆**

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ရန်ပုံငွေကျပ်သန်း ၇၀၀၀ ဖြင့် ပြည်နယ်လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Power View ကုမ္ပဏီက တာဝန်ယူ၍ တရုတ်နိုင်ငံမှ ပညာရှင်များဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့ကိုဖြတ်ကျော်၍ အိန္ဒိယနိုင်ငံအထိ သွားရောက်နိုင်သည့် နာမည်ကျော် လီဒိုလမ်းမကြီးပေါ်ရှိ အရှည်ပေ ၂၀၀၈၊ အကျယ် ၂၄ ပေ၊ နှစ်လမ်းသွား ဘေလီသံပေါင်စတီးကြမ်းခင်း တရုံတံတားကြီးဖွင့်ပွဲကို မေ ၂၃ ရက် နံနက်ပိုင်းက အဆိုပါတံတားအနီး မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ပြည်မနှင့် နယ်စပ်ဒေသများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် အဓိကဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ တရုတ်-မြန်မာ-အိန္ဒိယနိုင်ငံတို့ကို ဆက်သွယ်ထားသည့် ဤတံတားကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ဒေသတစ်ခုနှင့်တစ်ခုကို ပိုမိုနီးကပ်စေရန် ဆက်သွယ်ပေးရုံသာမက ဒေသခံများ၏ စီးပွားရေး၊ လူမှုရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး ပြည်သူအချင်းချင်း တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ ရင်းနှီးမှုနှင့် ရိုင်းပင်းကူညီမှုစိတ်ဓာတ်များကိုပါ ချိတ်ဆက်ပေးမည့် တံတားတစ်စင်းဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဦးစောသိန်းက လမ်းဦးစီးဌာနမှ တနိုင်းမြို့နယ်အတွင်းနှင့် ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဘဏ္ဍာနှစ်အလိုက် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး Power View ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာက တံတားကြီးဆောက်လုပ်ခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တံတားကြီးကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးကမန်းဒူနော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာချုပ် ဦးစန်းဝေနှင့် Power View ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တံတား၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကံဆီးဆိုင်းလုံ၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရုတ်နိုင်ငံမှ ပညာရှင်များ၊ ဂျိမ်းဖော၊ လီဆူ၊ နာဂနှင့် ဒေသခံတိုင်းရင်းသားများသည် တံတားကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

အလားတူ တနိုင်းမြို့နယ်အတွင်းရှိ ပြည်နယ်လမ်းဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်သည့် အရှည်ပေ ၂၆၀ ရှိ သုံးလွှာတစ်ထပ် ဘေလီသံပေါင်သံပြားခင်း တံတားအမျိုးအစား မကွေ့တောင်တံတားကို မေ ၂၂ ရက် နံနက်ပိုင်းက အဆိုပါတံတားမုခ်ဦး၌ ဖွင့်လှစ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မေ ၂၄ ရက် နံနက်က တနိုင်းမြို့ ပုန်ခုန်းရပ်ကွက်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ်သိန်း ၄၅၀ ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောက်လုပ်ပြီးစီးသည့် အုတ်ခုံခံ သစ်သားတံတား ဆောက်လုပ်ပြီးစီးမှုနှင့် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးပစ္စည်းများ သိုလှောင်ထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေသော လူနာများကို တွေ့ဆုံအားပေးသည်။

ထို့နောက် ဆိမ်ဆာ့အထက်တန်းကျောင်းခွဲ၌ ငါးခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## နတ်စောင့်ကျေးရွာ စက်ရေတွင်းဖွင့်

**မန္တလေး မေ ၂၆**

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ မေ ၂၁ ရက်က မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် နတ်စောင့်ကျေးရွာမှ စက်ရေတွင်း၊ ရေလှောင်ကန်၊ ရေတင်စက်ဖွင့်ပွဲ အခမ်းအနားကို နတ်စောင့်ကျေးရွာ အထကကျောင်းခွဲ၌ ကျင်းပသည်။

ထို့နောက် ကျေးရွာရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၊ လွယ်အိတ်နှင့် ဆရာ ဆရာမများအတွက် အင်္ကျီ၊ လုံချည်များ၊ ကျေးရွာရှိ အဘိုး ၂၆ ဦး၊ အဘွား ၄၉ ဦးနှင့် ကိုယ်ဝန်ဆောင် ၂၅ ဦးအတွက် အဝတ်အစားနှင့် ဆေးဝါးများကို လည်းကောင်း၊ ကျေးရွာရှိ အိမ်ထောင်စုများအတွက် ပြက္ခဒိန်၊ မုန့်မျိုးစုံနှင့်ဆပ်ပြာမှုန့်၊ သွားတိုက်ဆေးနှင့် သွားတိုက်တံများ၊ ကျေးလက်ကျန်းမာရေးဆေးခန်းသို့ သွေးပေါင်ချိန်စက်နှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းပြီး ကျေးရွာအတွင်းရှိ လူမှုရေးအဖွဲ့အစည်းများနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့များသို့ အလှူငွေကျပ် ၃၀၀၀၀၀ နှင့် စက်မောင်းဆီတစ်ပီပါကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ကွန်ကရစ်ဓာတ်အားပေးတိုင်များ အစားထိုးစိုက်ထူ

**ကရသူရီ မေ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရသူရီမြို့နယ်ခွဲတွင် မြို့နေ လျှပ်စစ်ဓာတ်အားသုံးစွဲသူများ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး မြို့တွင်း လျှပ်စစ်ဓာတ်အားပေး ကွန်ကရစ်တိုင်များစိုက်ထူခြင်းလုပ်ငန်းကို မေ ၂၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမြို့နယ်ခွဲတွင် ယခင်က မြို့တွင်းပြည်သူများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်တိုင်များမှာ သစ်သားတိုင်များဖြစ်သဖြင့် မကြာခဏ ဆွေးမြည့်ကာ လျှပ်စစ်အန္တရာယ်အတွက် စိုးရိမ်ဖွယ်ဖြစ်လျက်ရှိသည်။ သစ်သားတိုင်များအစား ကွန်ကရစ်တိုင်များကို မြို့နေပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးရေးရည်ရွယ်လျက် မြို့နယ်ခွဲ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များတွင် လိုက်လံအစားထိုးလဲလှယ်စိုက်ထူပေးခြင်းဖြစ်ကြောင်း သိရသည်။

**( မြို့နယ် ပြန်/ဆက်)**

## မြန်မာ့ဆက်သွယ်ရေး တာဝါတိုင်အသစ်တိုးချဲ့

**မင်းတပ် မေ ၂၆**

ချင်းပြည်နယ် မင်းတပ်မြို့ မြို့လယ်ဧရိယာအတွင်း၌ မြန်မာ့ဆက်သွယ်ရေးတာဝါတိုင်အသစ်ကို မေ ၂၁ ရက် ညနေပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ၎င်းတာဝါတိုင်သည် အတားအဆီးမရှိ ရှစ်မိုင်အထိ အသုံးပြုနိုင်မည်ဖြစ်ပြီး လုပ်ငန်းများ နေ့ညမပြတ် ၂၄ နာရီ ပုံမှန်လည်ပတ်နိုင်စေရန်အတွက် မြန်မာ့ဆက်သွယ်ရေးနှင့် မြန်မာပိတောက်ကုမ္ပဏီတို့ ပူးပေါင်း၍ 20 KVA ရှိသည့် အင်ဂျင်နှစ်လုံး တပ်ဆင်ကာ ဝန်ထမ်းများထားရှိပေးထားကြောင်း သိရသည်။



"အရင်ကဆို အရှေ့မှာရှိတဲ့ တာဝါတိုင်က ကျွန်မတို့နေတဲ့အိမ်မှာ ဖုန်းလိုင်းမမိခဲ့ပါဘူး။ အခုတာဝါတိုင်အသစ်တိုးချဲ့လိုက်တော့ ဖုန်းလိုင်းမိတဲ့အပြင် အင်တာနက်လိုင်းပါ သုံးရတာအဆင်ပြေတော့ အလွန်ဝမ်းသာမိပါတယ်" ဟု စံပြရပ်ကွက်နေ ဒေါ်နီနီလွင်က ပြောကြားသည်။ ထန်တလန်မြို့တွင် မေ ၁၈ ရက်က တာဝါတိုင်အသစ်ဖွင့်လှစ်ပေးခဲ့ပြီး မင်းတပ်မြို့တွင် ဆက်လက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် မြင်းချိုတောင်တွင်လည်း ဖွင့်လှစ်ပေးရန်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေး ချင်းပြည်နယ်မှ မိုဘိုင်းတာဝန်ခံတစ်ဦးက ပြောသည်။ **(ခရိုင် ပြန်/ဆက်)**

## ရွှေမန်းမောင်/မယ်ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး မေ ၂၆**

မန္တလေးတိုင်းဒေသကြီးကာယဗလနှင့် ကာယကြံ့ခိုင်မှုကော်မတီကကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် ရွှေမန်းမောင်-ရွှေမန်းမယ်ပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက်က မန္တလေးမြို့ ဗထူးကာယဗလ၊ ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးစခန်း၌ကျင်းပရာ တိုင်းဒေသကြီးကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌဦးဟန်မြိုင်ကိုယ်စား ဒုတိယဥက္ကဋ္ဌဦးပြားက အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးဇော်နိုင်ဦးက ဇူလိုင် ၅ ရက်တွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပမည့် ရွှေမန်းမောင်မယ်ပြိုင်ပွဲနှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ပြိုင်ပွဲဝင်အားကစားသမားများသည် လိုင်စင်ဓာတ်ပုံ သုံးပုံနှင့် အိမ်ထောင်စုဇယားမိတ္တူတစ်စောင်တို့ဖြင့် ဗထူးကာယဗလ၊ ကာယအလှလေ့ကျင့်ရေးစခန်း ဥက္ကဋ္ဌ ဖုန်း-၀၉-၉၁၀၂၉၃၉၃၊ အတွင်းရေးမှူး ဖုန်း-၀၉-၂၀၆၀၀၉၆၊ ၀၉-၉၁၀၄၄၂၃၆ တို့သို့ ဇွန် ၃၀ ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဓာတ်ကေသာစေတီတော်မြတ်ကြီး ပြုပြင်ဆောင်ရွက်



**ကျိုက်မရော မေ ၂၆**

ဓာတ်ကေသာစေတီတော်မြတ်ကြီးသည် မော်လမြိုင်မြို့ အရှေ့ဘက် သုံးမိုင်အကွာ ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ ထပ်ကေးတောင် (ယခင်ဂီရိပဗ္ဗဇတောင်) တွင် တည်ရှိသည်။ မဟာသက္ကရာဇ် ၁၁၈ ခုနှစ်တွင် ဂီရိပဗ္ဗဇတောင် ရသေ့ညီနောင်တို့မှ ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်နှစ်ဆူကို ပင့်ဆောင်၍ ဌာပနာထားကာ တည်ထားကိုးကွယ်ခဲ့သည်။

ဓာတ်ကေသာစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်မှကြည့်လျှင် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံစေတီတော်မြတ်ကြီးနှင့် စေတီပုထိုးများကို ဖူးမြော်နိုင်ပြီး မုတ္တမကွေ့ သံလွင်တံတားကြီးကိုလည်း တွေ့မြင်နိုင်သည်။ တောင်ဘက်တွင် ဇွဲကပင်တောင်ကို မြင်တွေ့ရပြီး အရှေ့ဘက်တွင် ခရုံဂူနှင့် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးတို့ တည်ရှိသည်။ မြောက်ဘက်တွင် အတ္ထရံမြစ်ဖြတ်သန်းစီးဆင်းနေပြီး မော်လမြိုင်မြို့မှ ဘုရားဖူးသွားမည်ဆိုလျှင် အတ္ထရံကြိုးတံတားကို ဖြတ်သန်း၍ လာရသည်။

စေတီတော်မြတ်ကြီးကို ခေတ်အဆက်ဆက် အလှူရှင်တို့က ပြုပြင်မွမ်းမံခဲ့ပြီး ယခုအခါတွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အရှေ့ဘက်မုခ်ဦး၊ တန်ဆောင်း၊ တောင်ဘက်မုခ်ဦး၊ အရှေ့တောင်ဘက်တောင်တက်ကားလမ်းများကို အသစ်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နိုင်ထွန်း(iprd)**

# မေလမိုးကောင်းလွန်း၍ ပဲတီစိမ်းစိုက်ခင်းအချို့ ရေမြုပ်

**ရေစကြို မေ ၂၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် မေ ၉၊ ၁၅၊ ၁၆၊ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် မိုးရွာသွန်းခဲ့ကြောင်းနှင့် ပဲတီစိမ်းခင်းအချို့ရေမြုပ်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်မှာ ပဲတီစိမ်းတွေဆိုရင် ပထမအကြိမ်အသီး ဆွတ်လို့ရသမျှ ရောင်းတာ တစ်တင်းငွေကျပ် ၄၀၀၀၀ ဈေးရတယ်။ စောတဲ့လူက ၄၁၀၀၀ လောက်ရပါတယ်၊ ဒုတိယအကြိမ် အသီးဆွတ်ပြီးတဲ့ လူတွေကတော့ အဆင်ပြေတာပေါ့၊ ကျွန်တော်တို့ကတော့ မေ ၁၉၊ ၂၀ ရက်ရွာတဲ့မိုးကြောင့် ပဲတီစိမ်းခင်းတွေထဲရေဝင်၊ အပွင့်တွေ အသီးတွေနဲ့ ရေမြုပ်ကုန်တော့ လုံးဝဆုံးရှုံးသွားတာပေါ့၊ မိုးရွာအပြီး ဆွတ်လို့ရတဲ့ ပဲတီစိမ်းကြပြန်တော့ မိုးမိလို့အရည်အသွေးမကောင်းဘူးဆိုပြီး ပွဲရုံတွေက အရင်ဈေး မပေးတော့ဘဲ ငွေကျပ် ၃၉၀၀၀၊ ၃၈၀၀၀ ကနေ အခုရက်ပိုင်းမှာတော့ ၃၆၀၀၀ ပဲပေးတော့ ဈေးတွေက ကျသွားတယ်။ ဒါကြောင့် ကျွန်တော်တို့တောင်သူတွေမှာ ရောင်းရတဲ့ ဈေးကလည်းအတက်အကျနဲ့ အဆင်မပြေမှု အမျိုးမျိုးပါပဲ" ဟု ပဲရောင်းလာသူတောင်သူတစ်ဦးက ပြောပြ၍ သိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**



# နိုင်ငံတော်ဘတ်ဂျက်နှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သော ဆွေးနွေးမှုရရှိ

**ရန်ကုန် မေ ၂၆**

နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း သို့မဟုတ် ဘတ်ဂျက်နှင့်ပတ်သက်၍ သဘောထားအမျိုးမျိုးရှိသည့် ပါဝင်ပတ်သက်သူများအကြား ပိုမိုကျယ်ပြန့်သော ဆွေးနွေးပွဲဖြစ်ပေါ်လာနိုင်ရေးရည်ရွယ်၍ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ မြန်မာ(NESAC)၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းချုပ် (UMFCCI)နှင့် အက်ရှင်အေ့ဒ်မြန်မာ (AAM) တို့က ကျင်းပသည့် မြန်မာနိုင်ငံ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရသုံးမှန်းခြေငွေစာရင်း နောက်ဆက်တွဲ စကားဝိုင်းဆွေးနွေးပွဲကို မေ ၂၄ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ခန်းမ၌ ကျင်းပခဲ့သည်။

လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအား တိုးတက်အောင် ဖော်ဆောင်နေဆဲဖြစ်ပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်မှာ နိုင်ငံ၏စီးပွားရေးကိုကမ္ဘာသို့ ဖိတ်ခေါ်ဖွင့်လှစ်ပေးရန်အလို့ငှာ တည်ဆောက်ပုံပိုင်းပြောင်းလဲမှုများနှင့် ဘက်စုံစီးပွားရေးဖွံ့ဖြိုးမှုအရှိန်အဟုန်မြင့်မားစေရန်ရည်ရွယ်ကြောင်း သိရသည်။ ဘက်စုံပြုပြင်ပြောင်းလဲရန်အတွက် မူဘောင် (FESRs) ကို ချမှတ်အကောင်အထည်ဖော်ခဲ့ကြောင်း၊ FESRs အစီအစဉ်များထဲတွင် ဘတ်ဂျက်နှင့် အခွန်ပြုပြင်ပြောင်းလဲမှုများနှင့်ငွေကြေးနှင့် ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုများ ပါဝင်ကြောင်း သိရသည်။

"နှစ်စဉ် လုပ်ဆောင်သင့်ပါတယ်။ အထူးသဖြင့် ဘတ်ဂျက်တွေ မတိုင်ခင်အချိန် သုံးလလေးလလောက်အလိုမှာ ဒီလိုဆွေးနွေးပွဲတွေ လုပ်ဆောင်သင့်ပါတယ်။ ဒါမှအစိုးရကို ဘယ်လိုဘတ်ဂျက်တွေ ခွဲဝေသုံးစွဲဖို့ အကြံပြုမလဲ၊ ဌာနဆိုင်ရာတွေအနေနဲ့ ဘယ်လိုသုံးစွဲကြမလဲ။ အထူးသဖြင့် တိုင်းပြည်မှာ အရေးကြီးဆုံးဖြစ်တဲ့ ကျန်းမာရေး၊ ပညာရေး ဘယ်လိုအချိုးကျတိုးမြှင့်ပေးသွားမလဲ။ ပညာရေးမှာရော အခုမျှော်မှန်းထားတဲ့ ၂၀ ရာခိုင်နှုန်းအထိ ပေးနိုင်မလားဆိုတာ ဘတ်ဂျက်မသတ်မှတ်ခင်သုံးလလေးလအလိုမှာ လူထုပါဝင်တဲ့ ဒီလိုနေရာမျိုးမှာ ဝိုင်းဖွဲ့ဆွေးနွေးသင့်ပါတယ်" ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ပြောကြားသည်။

"အခုက Posr Budget က တင်ပြီးသွားပြီ။ တိုင်းပြည်ကို ကြေညာပြီးသွားပြီ။ ဒါကိုဝေဖန်တဲ့ သဘောဖြစ်ပြီး နောက်ဆွဲမယ့် ဘတ်ဂျက်အတွက် အထောက်အကူပြုနိုင်ပါတယ်။ ဘတ်ဂျက်ရေးဆွဲရာမှာ သုံးမျိုးရှိတယ်။ ဒါတွေကတော့ ဘတ်ဂျက်ရေးဆွဲရာမှာ ရငွေများနေတဲ့ ပိုငွေဘတ်ဂျက်၊ ရငွေနဲ့ အသုံးစရိတ်မျှနေတဲ့ ဘက်မျှဘတ်ဂျက်နဲ့ အသုံးစရိတ်များနေတဲ့ လိုငွေပြ ဘတ်ဂျက်တို့ဖြစ်ပါတယ်။ ဒီအထဲမှာ ဘက်မျှဘတ်ဂျက်ကတော့ ကောင်းမွန်တဲ့ဘတ်ဂျက်မူဝါဒတစ်ရပ်ဖြစ်ပြီး ကျန်ဘတ်ဂျက် နှစ်မျိုးကတော့ ရလဒ်တွေမကောင်းပါဘူး"ဟု ဘောဂဗေဒပညာရှင်တစ်ဦးဖြစ်သည့် ဦးဇော်ဖေဝင်းက ပြောကြားသည်။

**မြတ်စန္ဒီသင်းဇော်**

# မြို့နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**မိတ္ထီလာ မေ ၂၆**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် မြို့နယ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မိတ္ထီလာ အထက(၁) ၌ မေ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးမြင့်ဆွေက ယခုနှစ်တွင် မူလတန်းကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များအပြင် ကျောင်းဝတ်စုံများကိုလည်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မူလတန်းနှင့် အလယ်တန်းအဆင့်ကို အခမဲ့ပညာရေးစနစ်အဖြစ် နိုင်ငံတော်က စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီး အထက်တန်းအဆင့်ကိုလည်း အခမဲ့ပညာရေးစနစ်ဖြစ်အောင် စီစဉ်ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်မှ အခမဲ့ပညာရေးကို အကောင်အထည်ဖော်နေချိန်တွင် အခြေခံပညာကျောင်းများ၌ ငွေကြေးကောက်ခံမှုများ လုံးဝမပြုလုပ်ရန် ဆရာဆရာမများအား အသိပေးပြောကြားလိုကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းအပ်နှံရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။




ထို့နောက် မူလတန်း လာရောက်အပ်နှံသော ကျောင်းသားကျောင်းသူများအား ကျောင်းသုံးပုံနှိပ်စာအုပ်များကို တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးအောင်စိုးက ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌လိုအပ်သည့် သောက်သုံးရေအုတ်ကန်များ၊ စာသင်ဘုတ်များနှင့် လိုအပ်ချက်များအတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြကာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစောဌေးနှင့် ဦးကျော်အေး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပညာရေးမှူးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းတို့က လက်ခံရယူပြီး လှူဒါန်းမှုအတွက် ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **ချမ်းသာ(မိတ္ထီလာ)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများ ကျင်းပ

**ပခုက္ကူ မေ ၂၆**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်(၁၈)ကြိမ်မြောက် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ပခုက္ကူမြို့ အထက(၁)ကျောင်း ပညာရတနာ ခန်းမဆောင်၌ မေ ၂၄ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ ပခုက္ကူ ပေါက်၊ ရေစကြို၊ မြိုင်နှင့် ဆိပ်ဖြူမြို့နယ်များရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှဝင်း၊ ခရိုင်လက်ထောက်ပညာရေးမှူး ဦးမြင့်ကြည်၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူးဒေါ်ဝင်းမေနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများက ကြည့်ရှုအားပေးခဲ့ကြသည်။ **ဥာဏ်တိုး**(iprd)



# အက်ဖ်အေဖလား ဗိုလ်လုပွဲမှာ ချန်ပီယံအာဆင်နယ်တို့ ကာကွယ်နိုင်မလား

မိုးမြင့်လင်းလက်

ဥရောပတစ်ခွင် ပြည်တွင်းလိဂ်ပွဲစဉ်တွေရဲ့ ရာသီကုန် နောက်ဆုံးပွဲစဉ်တွေကို နှုတ်ဆက် ပိတ်သိမ်းချိန် ရောက်လာခဲ့ပြီဖြစ်ပါတယ်။ လိဂ်ပွဲစဉ်တွေအပြီးမှာ အက်ဖ်အေဖလား ဗိုလ်လုပွဲကို မေ ၃၀ ရက်မှာ အာဆင်နယ်နဲ့ဗီလာတို့ ယှဉ်ပြိုင်ကစားပါတော့မယ်။ အင်္ဂလန်ရဲ့ သက်တမ်းရင့်ဖလားပွဲစဉ်ဖြစ်တာမို့ ပရိသတ်သန်းပေါင်းများစွာတို့က စောင့်ကြည့်အားပေးကြဦးမှာ ဖြစ်ပါတယ်။

ဒီနှစ် အက်ဖ်အေဖလား ဗိုလ်လုပွဲကို တက်ရောက်လာတဲ့ အာဆင်နယ်နဲ့ဗီလာတို့ရဲ့ အနေအထားကို ကြည့်ရင်တော့ အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလား ချန်ပီယံအဖြစ် ၁၁ ကြိမ် ဆွတ်ခူးရရှိခဲ့တဲ့အတွက် အအောင်မြင်ဆုံးဖြစ်ပြီး နောက်ဆုံးအကြိမ် အက်ဖ်အေဖလား ဆွတ်ခူးခဲ့တာက ၂၀၁၄ ခုနှစ်က ဖြစ်ပါတယ်။ ဒုတိယရရှိခဲ့တာ စုစုပေါင်း ခုနစ်ကြိမ်ရှိခဲ့ပြီး ၂၀၁၁ ခုနှစ်က နောက်ဆုံးအကြိမ် ဒုတိယရရှိခဲ့ခြင်းဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ နောက်ဆုံး ၁၁ နှစ်အတွင်း ယှဉ်ပြိုင်ခဲ့တဲ့ ရလဒ်တွေကိုကြည့်ရင် ၂၀၀၀-၂၀၀၁ ဗိုလ်လုပွဲမှာ လီဗာပူးကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး ဖလားလက်လွှတ်ခဲ့ရကာ ၂၀၀၁-၂၀၀၂ ခုနှစ်မှာ ချယ်လ်ဆီးကို နှစ်ဂိုးပြတ်နဲ့နိုင်ပြီး ဗိုလ်စွဲခဲ့ပါတယ်။ ၂၀၀၂-၂၀၀၃ ခုနှစ်မှာ ဆောက်သမ်တန်ကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးပြီး ဖလားလက်လွှတ်ခဲ့ရပြန်ပါတယ်။ ၂၀၀၄-၂၀၀၅ ခုနှစ်မှာ မန်ယူနဲ့ ဗိုလ်လုပွဲမှာဆုံခဲ့ပြီး ဂိုးမရှိသရေဖြစ်ခဲ့လို့ ပယ်နယ်တီ အဆုံးအဖြတ်နဲ့ အာဆင်နယ်တို့ ဗိုလ်စွဲခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီမှာတော့ ဗိုလ်လုပွဲမှာ ဟားလ်စီးတီးတို့နဲ့ဆုံပြီး အာဆင်နယ်တို့ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရကာ အက်ဖ်အေဖလား ရရှိခဲ့ခြင်းဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလား လက်ရှိချန်ပီယံဖြစ်ပြီး သုံးနှစ်ဆက်တိုက် အက်ဖ်အေဖလားချန်ပီယံမဖြစ်ခဲ့ပေမယ့် လက်ရှိခြေစွမ်းအရ ဒီနှစ်မှာ ချန်ပီယံအဖြစ် ကာကွယ်နိုင်ဖို့ အကောင်းအဆုံး အနေအထား ဖြစ်နေပါတယ်။




ဗီလာအသင်းကတော့အက်ဖ်အေဖလားပွဲ သမိုင်းတစ်လျှောက်မှာ မှတ်တမ်းကောင်းရရှိခဲ့တဲ့အသင်း မဟုတ်ပေမယ့် နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်တာကို အကဲခတ်ရင်တော့ သူ့ရဲ့ခြေစွမ်းဟာ အညံ့စားမဟုတ်ပါဘူး။ ဗီလာအသင်းဟာ လောလောဆယ်မှာ ဝက်စ်ဟမ်းကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပွဲရထားပြီး ဆောက်သမ်တန်ကို ရှုံးပွဲကြုံခဲ့ပါတယ်။

ဗီလာမှာ ဂိုးသွင်းနေသူကတော့ ဘန်တီကီဖြစ်ပြီး ဂိုးဖန်တီးမှု အများဆုံး ပြုလုပ်တာကတော့ ဂရီယာလစ်ဖြစ်ပါတယ်။ အာဆင်နယ်နဲ့ ဗီလာတို့ရဲ့ နောက်ဆုံးငါးပွဲ တွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် ဗီလာတို့ နှစ်ပွဲသာ နိုင်ထားပြီး ကျန်သုံးပွဲကတော့ အာဆင်နယ်တို့ နိုင်ထားပါတယ်။ ဒီနှစ် ပရီမီယာလိဂ်မှာလည်း အာဆင်နယ်ကို ဗီလာက နှစ်ကျော့စလုံးမှာ ဂိုးပြတ်နဲ့ ရှုံးပွဲကြုံထားလို့ အာဆင်နယ်တို့ပဲ အသာရနေပါတယ်။

အာဆင်နယ်တို့က အက်ဖ်အေဖလားပွဲမှာ ဗီလာနဲ့ စုစုပေါင်း ၁၃ ကြိမ် ဆုံတွေ့ခဲ့တဲ့ ရလဒ်တွေကိုကြည့်ရင် အာဆင်နယ်က ခုနစ်ပွဲနိုင်ပြီး ဗီလာက သုံးပွဲနိုင်ကာ သရေသုံးပွဲဖြစ်ထားပါတယ်။ အာဆင်နယ်ရဲ့ လက်ရှိခြေစွမ်းအရ ဗီလာတို့ ခြေရည်တူကစားဖို့ မလွယ်သလို လက်ရှိချန်ပီယံတို့က အကောင်းဆုံး အနေအထားနဲ့ ဗီလာကို ဂိုးပြတ်သွင်းနိုင်ရေး ကြိုးစားပါလိမ့်မယ်။

အာဆင်နယ်မှာ ဆန်းချက်စ်၊ အိုဇေးလ်၊ မာတီဆက်ကာတို့က အကောင်းဆုံး ပုံစံရနေတာမို့ အာဆင်နယ်ဟာ ဒီပွဲမှာ ဖလားကာကွယ်ဖို့ ကြိုးစားပါလိမ့်မယ်။ ။

## ဖယ်ကာအိုကို မန်ယူဆက်ခေါ်ဖို့ မရှိတော့ပြီ

မိုနာကိုကလပ်မှ တစ်ရာသီကြာ အငှားခေါ်ယူထားတဲ့ ဖယ်ကာအိုကို မန်ယူက ဆက်ခေါ်ထားဖို့မရှိတော့ဘူးလို့ ဆုံးဖြတ်လိုက်ပါပြီ။ ဟားလ်စီးတီးနဲ့ ဂိုးမရှိသရေကျတဲ့ပွဲမှာ ဒဏ်ရာကြောင့် လွဲချော်ခဲ့တဲ့ ကိုလံဘီယာတိုက်စစ်မှူး ဖယ်ကာအိုဟာ ၂၉ ပွဲမှာ လေးဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ မန်ယူအနေနဲ့ ဖယ်ကာအိုကို ထပ်မံခေါ်ယူထားမယ်ဆိုရင် ပေါင် ၄၃ ဒသမ ၂ သန်း ထပ်မံပေးရမှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၃ ပွဲမှာ ဂိုးမသွင်းနိုင်တော့တဲ့ ဖယ်ကာအိုကို မန်ယူက ဆက်ခေါ်ထားဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ဖယ်ကာအိုအနေနဲ့ ဂိုးသွင်း စွမ်းရည်မြင့်မားနေမယ်ဆိုရင်တော့ ထပ်မံစာချုပ်ဖို့ ရှိနိုင်ပေမယ့် ဂိုးမသွင်းနိုင်တဲ့အတွက် ခေါ်ယူဖို့ စိတ်ဝင်စားမှု မရှိတော့ပါဘူး။ ဖယ်ကာအိုဟာ ထိပ်တန်းတိုက်စစ်မှူးဖြစ်ပါတယ်။ သူတစ်နေ့ အောင်မြင်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်လို့ နည်းပြဗန်ဟားလ်က ဆိုပါတယ်။ ပေါ်တိုနဲ့ အက်သလက်တီကို တိုက်စစ်မှူးဟောင်း ဖယ်ကာအိုဟာ ဇန်နဝါရီ ၃၁ ရက်က လက်စတာနဲ့ ပွဲမှာ နောက်ဆုံးဂိုးသွင်းယူပေးခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့နှစ် ဇန်နဝါရီလက ဒူးခေါင်းဒဏ်ရာပြင်းထန်စွာ ရထားတဲ့အတွက် ၂၀၁၄ ကမ္ဘာ့ဖလားနဲ့လည်း လွဲချော်သွားခဲ့ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။



## အနာဂတ် မသေချာတော့တဲ့ လီဗာပူးနည်းပြ

လီဗာပူးနည်းပြ ဘရီဒန်းရော်ဂျာဟာ ဂျရတ်ရဲ့နောက်ဆုံးပွဲမှာ အရှုံးနဲ့ ထွက်သွားပြီးတဲ့နောက် သူ့ရဲ့ အနာဂတ်နဲ့ပတ်သက်လို့ မသေချာတော့ဘူးလို့ သူက ပြောဆိုလိုက်ပါတယ်။ လီဗာပူးအသင်းဟာ ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ပွဲစဉ် (၃၈)မှာ စတုတ်ကို ခြောက်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ပြီးနောက် အသင်းခေါင်းဆောင် စတီဗင်ဂျရတ်ကို နှုတ်ဆက်ခဲ့ကြပါတယ်။



ဒီပွဲအပြီးမှာ လီဗာပူးအသင်းဟာ ပရီမီယာလိဂ်မှာ နံပါတ် ၆ နေရာနဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။ အသင်းပိုင်ရှင် အလိုမရှိတော့ဘူးဆိုရင် ထွက်ခွာပေးရတော့မှာပါလို့ ကိုးပွဲမှာ နှစ်ပွဲသာ အနိုင်ရအောင် ကြိုးစားပေးနိုင်ခဲ့တဲ့ နည်းပြရော်ဂျာက ဆိုပါတယ်။ လီဗာပူးအသင်းရဲ့ ဒီရှုံးနိမ့်မှုက ၅၂ နှစ်တာအတွင်းမှာ ပထမဆုံးအကြိမ် ခြောက်ဂိုးသွင်းခံရတာဖြစ်ပါတယ်။ လီဗာပူးရဲ့ အခြေအနေဟာ အတော်လေးဆိုးရွားလာတဲ့အနေအထားဖြစ်ပါတယ်။ အသင်းခေါင်းဆောင် ဂျရတ်ကလည်း အမေရိကန်ကလပ် အယ်လ်အေကလပ်သို့ ထွက်ခွာသွားချိန် လူငယ်တိုက်စစ်မှူး စတာလင်းကလည်း အသင်းမှ ထွက်ခွာဖို့ ကြိုးစားနေပါတယ်။

## ဖလားရတဲ့အထိ နယူးကာဆယ်မှာရှိနေမယ်ဆိုတဲ့ အသင်းပိုင်ရှင် မိုက်အက်ရှ်လေ

နယူးကာဆယ်အသင်းကို ဖလားတစ်လုံးရတဲ့တိုင်အောင် ဒါမှမဟုတ် ချန်ပီယံလိဂ်ဝင်ခွင့်ရတဲ့တိုင်အောင် ဆက်လက်ရှိနေမယ်လို့ နယူးကာဆယ်အသင်းပိုင်ရှင် မိုက်အက်ရှ်လေက ပြောဆိုလိုက်ပါတယ်။ သို့ပေမယ့် တန်းဆင်းဇုန်ကပ်ပြီးလွတ်သွားခဲ့ခြင်းကို သူက အပြစ်ပြောဆိုပါတယ်။ ကျွန်တော့်အနေနဲ့ နယူးကာဆယ်အသင်းကိုရောင်းဖို့ အစီအစဉ်မရှိသေးပါဘူးလို့လည်း အသင်းပိုင်ရှင်ကဆိုပါတယ်။ အသင်းပိုင်ရှင် အက်ရှ်လေအနေနဲ့ အကောင်းဆုံးကစားသမားတွေကို ရောင်းချနေတာ ရပ်တန့်ဖို့လိုပြီလို့ နယူးကာဆယ်တိုက်စစ်မှူးဟောင်း အလန်ရှီးယားက ပြောဆိုလိုက်ပါတယ်။ နယူးကာဆယ်အသင်းအနေနဲ့ ၁၈ လတာ ကာလအတွင်း ကစားသမားကောင်းတွေ ရောင်းထုတ်တာတွေ၊ ကစားသမားတွေ ခေါ်ယူတာတွေ မလုပ်ဖို့လည်း အလန်ရှီးယားက သတိပေးလိုက်ပါတယ်။ နယူးကာဆယ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ် ၃၈ မှာ ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုးပြတ်နဲ့ နိုင်ပြီး တန်းဆင်းဇုန်မှ လွတ်မြောက်သွားခဲ့ပါတယ်။ ဟားလ်စီးတီးကတော့ မန်ယူအိမ်ကွင်းမှာ အကြိတ်အနယ် ကစားခဲ့ပေမယ့် ဂိုးမရှိသရေဖြစ်ပြီး တန်းဆင်းသွားခဲ့ရပါတယ်။ နယူးကာဆယ်အသင်းကို တန်းဆင်းဇုန်မှ လွတ်မြောက်အောင် ကြိုးစားပေးနိုင်ခဲ့တဲ့ ယာယီနည်းပြ ဂျွန်ကလဲဗားကလည်း သူ့အနေနဲ့ နည်းပြဆက်လုပ်ဖို့ မျှော်လင့်ပါတယ်လို့ ဆိုပါတယ်။

# ပညာသင်နှစ်သစ်အတွင်း ကလေးမြို့နယ်၌ ကျောင်းပေါင်း ၃၀ တည်ဆောက်မည်

**ကလေး မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စာသင်ကျောင်းပေါင်း ၃၀ ကို အသစ်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာကျောင်းများ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် လွှတ်တော်တွင်တင်ပြတောင်းခံခဲ့သည့်အခါ ကျောင်းပေါင်း ၃၀ တည်ဆောက်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တချို့ကျေးရွာလေးတွေက စာသင်ကျောင်းတွေ ဆောက်လုပ်ချင်ပေမယ့် ငွေကြေးမတတ်နိုင်ကြဘူး။ သူတို့ကျေးရွာမှာရှိတဲ့ ကလေးတွေဆိုလည်း အမိုး အကာမလုံတဲ့ ကျောင်းတွေမှာ စာသင်နေကြရတယ်။ နောက်ပြီး ကျောင်းသားဦးရေများလို့ စာသင်ကျောင်းဆောင်သစ် လိုအပ်နေတဲ့ ကျေးရွာတွေမှာလည်း စာသင်ကျောင်းဆောင်သစ်တွေ ဆောက်လုပ်နိုင်ဖို့ လွှတ်တော်မှာတင်ပြတောင်းခံခဲ့တဲ့အခါ ၂၀၁၄-၂၀၁၅ မှာဆိုရင် အသစ်ဆောက်လုပ်ခွင့်ရတဲ့ ကျောင်းပေါင်း ၂၂ ကျောင်း ရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ မှာဆိုရင် ကျောင်းပေါင်း ၃၀ ကို အသစ်ဆောက်လုပ်ခွင့် ရရှိခဲ့ပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောသည်။

အခြေခံပညာကျောင်းများကို ကျောင်းသားဦးရေ များပြားလာသည်နှင့်အမျှ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကလေးခရိုင်အတွင်း၌ အထကကျောင်း တစ်ကျောင်း၊ အထက(ခွဲ) ၁၀ ကျောင်း၊ အလက ၁၀ ကျောင်း၊ အလက(ခွဲ) ၅၃ ကျောင်း၊ မူလတန်းလွန် ၁၈ ကျောင်း၊ အမက ၂၂ ကျောင်း၊ အမက(ခွဲ) ၄၄ ကျောင်း၊ တွဲ-အမက ၁၁ ကျောင်းကို အဆင့်တိုးဖွင့်လှစ်ခွင့်ရရှိခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက စီးစံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ နဝဒေးကျောင်းဆောင်သစ် ဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

**သျှင်နေမင်း**

"တချို့ကျေးရွာလေးတွေက စာသင်ကျောင်းတွေ ဆောက်လုပ်ချင်ပေမယ့် ငွေကြေးမတတ်နိုင်ကြဘူး။ ကလေးတွေဆိုလည်း အမိုးအကာမလုံတဲ့ ကျောင်းတွေမှာ စာသင်နေကြရတယ်။ နောက်ပြီး ကျောင်းသားဦးရေများလို့ စာသင်ကျောင်းဆောင်သစ် လိုအပ်နေတဲ့ ကျေးရွာတွေမှာလည်း စာသင်ကျောင်းဆောင်သစ်တွေ ဆောက်လုပ်နိုင်ဖို့ . . ."

# မကွေးမြို့မှ ဆုံကြိတ်နှမ်းဆီနှင့် မြေပဲဆီများ ဈေးနှုန်းမြင့်တက်

**မကွေး မေ ၂၆**

မကွေးမြို့နယ်၌ ဆီကြိတ်ဆုံပိုင်ရှင်များအနေဖြင့် နှမ်းနှင့် မြေပဲဆံများကို ဈေးအမြင့်ဖြင့် ဝယ်ယူအသုံးပြုရခြင်းကြောင့် နှမ်းဆီနှင့် မြေပဲဆီဈေးနှုန်းများလည်း မြင့်တက်နေကြောင်း မကွေးမြို့ပေါ်ရှိ ဆီကြိတ်ဆုံလုပ်ငန်းရှင်များထံမှ သိရသည်။

ဆီကြိတ်လုပ်ငန်းရှင်တစ်ဦးက"ကျွန်တော်တို့ဆုံတစ်ဆုံကို နှမ်းလေးပြည်၊ မြေပဲလေးပိဿာထည့်ကြိတ်ရင် ဆီက နှစ်ပိဿာနှစ်ဆယ်သား ထွက်တယ်။ ပဲဆံဈေးက တစ်ပိဿာ ၂၁၀၀ ကျပ်အထိ တက်လာတယ်။ နှမ်းကလည်း ဈေးအတက်ပေးဝယ်ရတော့ ဆီဈေးလည်း တက်ရောင်းရတယ်။ နှမ်းဆီ တစ်ပိဿာ ၅၂၀၀ ကျပ်ရောင်းရတယ်။ မကွေးမြို့နဲ့ ကျေးလက်ဒေသတွေအပြင် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်နဲ့ အခြားဒေသတွေကိုလည်း အော်ဒါတင်ပို့ပေးရတယ်"ဟု ပြောသည်။ ယခုနှစ် မိုးအကြိုကာလ မြေပဲ၊ နှမ်းစိုက်ပျိုးချိန်၌ တောင်သူများအနေဖြင့် နှမ်းနှင့် မြေပဲမျိုးများကို ဈေးနှုန်းအမြင့်ဖြင့် ဝယ်ယူရသည့်အတွက် နှမ်းနှင့် မြေပဲဆံများ ဈေးနှုန်းမြင့်တက်ကာ ဆီများလည်း ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း သိရသည်။

နှမ်းအဖြူတစ်တင်း (၁၅ ပိဿာ) ၄၅၀၀၀ ကျပ်အထိနှင့် စမုန်နက်နှမ်းတစ်တင်း ၅၅၀၀၀ကျပ်အထိ ပေးဝယ်ရကြောင်း၊ စမုန်နက်နှမ်းကို တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် အခြားပြည်ပနိုင်ငံများသို့လည်း တင်ပို့နေရပြီး အနက်ရောင်ရှိသော စမုံနက်နှမ်းကို အားအင်တိုးပွားစေသည်၊ အသက်ရှည်စေသည်ဟု အဆိုရှိ သဖြင့် လူကြိုက်များကြောင်း၊ တရုတ်ဝယ်လက်များ နှင့် ပြည်ပဈေးကွက်အကြိုက်ဖြစ်၍ စမုံနက် ဈေးနှုန်းမှာ တင်းမာနေကြောင်း အရောင်းအဝယ် ပွဲစားတစ်ဦးထံမှသိရသည်။

"စမုံနက်နှမ်းက ဈေးကလည်းကောင်းသလို ဆီကြိတ်ရင်လည်း အထွက်နည်းတယ်။ နှမ်းအနက်ဆီဆိုရင် တစ်ပိဿာကို ခြောက်ထောင်ငါးရာကျော်ရောင်းမှဖြစ်မယ်။ ဒီနယ်ဘက်မှာ အသုံးနည်းတယ်။ စားအုန်းဆီကတော့ အချိန်တစ်ဆယ်တစ်ပုံး တစ်သောင်းငါးထောင်ကျပ်ရှိပြီးတော့ ရောဆီကတော့ တစ်ပိဿာ နှစ်ထောင်လေးရာကျပ်ရှိတယ်"ဟု ကြိတ်ဆုံပိုင်ရှင်တစ်ဦးက ပြောသည်။ ဆီနှစ်မျိုးလုံး ဈေးနှုန်းများ မြင့်တက်သော်လည်း ပဲဆီထက် နှမ်းဆီက ဈေးနှုန်းပိုတက်ကြောင်း သိရသည်။

နတ်မောက်မြို့နယ်မှ ဒေသခံအမျိုးသမီးတစ်ဦးကလည်း ဆီဈေးများမြင့်တက်လာမှုနှင့် ပတ်သက်၍ "ကျွန်မတို့အရင်က စက်ကြိတ်နှမ်းဆီကို တစ်ပိဿာ သုံးထောင်ငါးရာ ဝယ်ရတယ်။ ပဲဆီက သုံးထောင်ခုနှစ်ရာ ဝယ်ရတယ်။ အခုပဲဆီက လေးထောင်၊ နှမ်းဆီက ငါးထောင် ပေးဝယ်ရတယ်။ မြို့ကိုလာတဲ့ဧည့်သည်တွေအတွက် ရောဆီဝယ်ပေးရတဲ့အခါ ငါးဆယ်သားဝင် ရေသန့်တစ်ဘူးကို အရင်က တစ်ထောင်ပေးရတယ်။ အခု တစ်ထောင် နှစ်ရာပေးရတယ်"ဟု ပြောပြသည်။

အညာဒေသတွင် မြေပဲဆီနှင့်နှမ်းဆီ ဆုံဆီစစ်စစ်များကို စားသုံးသူများပြားလာသဖြင့် မကွေးမြို့ပေါ်ရှိ ရန်ကင်း၊ ရန်ပယ်၊ အောင်စေတနာ စသည့် ရပ်ကွက်များတွင် ဆီကြိတ်လုပ်ငန်းလုပ်သူများလာကာ ကျေးလက်ဒေသသုံး နွားတပ်ဆုံများအစား အချိန်ကုန်သက်သာပြီး အထွက်နှုန်းကောင်းသည့် မော်တာသုံး သစ်သားဆုံများ အသုံးပြု၍ ဆီကြိတ်လာကြကြောင်း သိရသည်။ **ခွဲထက်ရှင်**

# ကျေးရွာချင်းဆက် ချောင်းကူးတံတားသစ်ဖွင့်

**ဟသ်ာတ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိ ကျေးလက်နေပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေမည့် ကျေးရွာချင်းဆက် သာစည်-သောင်ငူ ချောင်းကူး တံတားသစ်ဖွင့်ပွဲ ကို မေ ၁၉ ရက်က ကျင်းပခဲ့သည်။

တံတားသစ်သည် အရှည် ၆၂ ပေ၊ အကျယ် ၁၃ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ပြီး အလှူရှင် ဦးဝင်းဇော်မိသားစုက ကျပ်သိန်း ၁၀၀ မတည်၍ မိုးကောင်းဆရာတော်ကြီးနှင့် တပည့်များက ကျပ်သိန်း ၁၀၀၊ ဟသ်ာတမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၅၀ နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ စုစုပေါင်း ကုန်ကျငွေ ကျပ်သိန်း၄၀၀ ကျော်ဖြစ်ကြောင်း သိရသည်။



တံတားသစ်ကို မိုးကောင်းကျောင်းဆရာတော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးနှင့် တံတားမတည်အလှူရှင် ဦးဝင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ဆရာတော်၏ ဦးဆောင်မှုဖြင့် သာစည်-သောင်ငူ သံကူကွန်ကရစ်တံတားသစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် သာစည်ကျေးရွာအုပ်စုနှင့် ပြာကတတ်ကျေးရွာအုပ်စုများရှိ ကျေးရွာပြည်သူများအဖို့ သွားလာရေးလွယ်ကူချောမွေ့အဆင်ပြေစေရုံသာမက ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့ကို ဆက်သွယ်သည့် အရေးပါသော မြို့နယ်ချင်းဆက်တံတားတစ်စင်းလည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ တံတားကြီးရေရှည်တည်တံ့စေရန်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများက ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း အမှာစကား ပြောကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# ဈေးသည်ချင်းစကားများရာမှ လူသတ်မှုဖြစ်ပွား

**မင်းလှ မေ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် မြို့မဈေးကြီးအနီး၌ ဈေးသည်ချင်းစကားများရာမှ ဓားဖြင့်ခုတ်မှုကြောင့် လူနှစ်ဦးဒဏ်ရာရပြီး တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ကုန်စိမ်းရောင်းသူများဖြစ်သော မင်းလှမြို့ အမှတ်(၁) ဇီးကုန်းလေးရပ်ကွက်နေ ကိုမိုးကြီးနှင့် တ/မြို့သစ်နေ ဦးဝင်းနိုင်တို့ ကုန်စိမ်းလုရင်း စကားများရန်ဖြစ်ရာမှ ဦးဝင်းနိုင်က ကိုမိုးကြီးအား ဓားဖြင့်ခုတ်ခဲ့ပြီး ကိုမိုးကြီး၏ အစ်မနှင့် ယောက်ဖတို့က ဝင်ဆွဲသဖြင့် ၎င်းတို့ကိုပါ ဦးဝင်းနိုင်က ဓားဖြင့်ဆက်ခုတ်ခဲ့ကြောင်း သိရသည်။ ဓားဖြင့်ခုတ်မှုကြောင့် ကိုမိုးကြီးနှင့် ယောက်ဖဖြစ်သူ ကိုခင်မောင်မြင့်တို့တွင် ပြတ်ရှ (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ပြီး အစ်မဖြစ်သူ မမြင့်မြင့်မာမှာ ဝဲဘက်ချိုင်းအောက် ထိုးသွင်းဒဏ်ရာ ရရှိခဲ့ကာ မင်းလှပြည်သူ့ ဆေးရုံသို့ တင်ပို့ဆေးကုသခံစဉ် သေဆုံးခဲ့ကြောင်း သိရသည်။

အမှုနှင့် ပတ်သက်၍ ကိုမိုးကြီး၏ဇနီးဖြစ်သူ ဒေါ်တင်တင်စီက တရားလိုပြုလုပ်၍ အမှုဖွင့်ထားပြီး မင်းလှမြို့မရဲစခန်းက ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပေါက်စ**(iprd)

# အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**လှိုင်လင် မေ ၂၆**

လှိုင်လင်မြို့ပေါ်နှင့် ကျေးရွာများမှ အထွေထွေရောဂါလူနာများအား လှိုင်လင်မြို့လယ်ဓမ္မာရုံကြီး၌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနက မေ ၂၄ ရက်တွင် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အကြော၊ အရိုး၊ အဆစ်၊ လေဖြတ်ခြင်း၊ လေငန်းရောဂါနှင့် အထွေထွေရောဂါဝေဒနာရှင်ပြည်သူများအား ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံ အေးသာယာ (တောင်ကြီး)မှ ဆေးရုံအုပ်ကြီး ဒေါ်အေးအေးသိန်း ဦးဆောင်သည့် အဖွဲ့ဝင် ၂၀ ဦးက တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ တိုင်းရင်းကုသရေးအဖွဲ့သည် မေ ၂၃ ရက်ကလည်း ပင်လုံမြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ရောဂါဝေဒနာရှင် ၂၈၇ ဦးကိုလည်း အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး(လှိုင်လင်)**

# အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**ဖားကန့် မေ ၂၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကောင်ဆန်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၂၃ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်သည် အလျား ၁၂၀ ပေ၊ အနံ ပေ ၃၀ ရှိပြီး ကျောင်းဆောင်သစ်နှင့်အတူ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ လေးခန်းတွဲ ဆရာ ဆရာမနေအိမ်များလည်း ပါဝင်ကာ ကျပ်သိန်း ၇၀၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကျောင်းဆောင်သစ်ကို ကချင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်၊ ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖရောင်းဂမ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်မြင့်နှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဇော်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားကာ ကျောင်းအကျိုးတော်ဆောင် ဦးဆလိုင်းဟယ်လင်းက ကျောင်းဆောင်သစ်တည်ဆောက်ခဲ့မှုကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်များ တည်ဆောက်ရာတွင် ဝိုင်းဝန်းကူညီခဲ့ကြသော ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့သည်။ **(ဝဇ၄)**



**နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်း မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးခြင်းကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ သစ်လေးလုံးကျေးရွာအုပ်စု ပုရွက်ဆိတ်ကုန်းကျေးရွာ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မေ ၂၅ ရက်တွင် ကွင်းဆင်းဆောင်ရွက်နေစဉ်။** (အဆိုပါကျေးရွာမှ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့် ဒေသခံပြည်သူ ၂၇၈ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။) **မျိုးဇေယျာ(ပျဉ်းမနား)**

## သတင်းတိုများ

### ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာအောင်ဆုနှင်းသဘင် ကျင်းပ

ကချင်ပြည်နယ်၊ ဗန်းမော်မြို့တွင် မြို့နယ်သံဃာ့ နာယကအဖွဲ့ ဥက္ကဋ္ဌ သီရိမင်္ဂလာကန်ဦးပရိယတ္တိစာသင်တိုက်ဆရာတော် ဦးစီး၍ (၁၈)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာအောင်ဆုနှင်းသဘင်ပွဲကို မေ ၂၃ ရက်က ကျင်းပခဲ့ရာ ဆရာတော်က ဩဝါဒမြွက်ကြားပြီး ခရိုင်သာသနာရေးဦးစီးမှူး ဦးသန်းထွန်းနှင့် မြို့နယ်သာသနာရေးဦးစီးမှူး ဦးထွန်းလင်းတို့က အခြေပြုဆင့်၊ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ စတုတ္ထဆင့်နှင့် အဘိဓမ္မာစာမေးပွဲ ဖြေဆိုအောင်မြင်သူများ၊ ထူးချွန်စွာ အောင်မြင်သူများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။ **ဝါဝါ(ဗန်းမော်)**

### မြို့နယ်နှင့်ရပ်ကျေး ရွေးကောက်ပွဲကော်မရှင်များလုပ်ငန်းညှိနှိုင်းစည်းဝေး

ပခုက္ကူမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းဝေးကို မေ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်စိုးထင်က မဲစာရင်းပြုစုခြင်း၊ မဲရုံအခြေအနေများ၊ မဲစာရင်းကပ်ခြင်း၊ နယ်မြေခွဲခြားခြင်း၊ မဲရုံတည်ဆောက်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ **ဉာဏ်တိုး**(iprd)

## လေဘေးကြောင့် ပြိုပျက်သောစာသင်ဆောင်များ ပြုပြင်လျက်ရှိ

**မြင်းခြံ မေ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်း မေ ၁၇ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော စာသင်ဆောင်များကို ပြန်လည်ပြုပြင်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းအထိ ပြုပြင်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မေ ၁၇ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြင်းခြံမြို့နယ်အတွင်းရှိ နဘူးအိုင်ကျေးရွာ၊ ချောင်းလည်ကျေးရွာ၊ ရွှေဘုံသာကျေးရွာ၊ မြင်သာကျေးရွာ၊ ကန်ချောကျေးရွာများမှ လူနေအိမ်များနှင့် စာသင်ဆောင်များ အမိုးများလန်ထွက်ပျက်စီးခဲ့ခြင်းဖြစ်ကာ စာသင်ဆောင်များကို ကျောင်းဖွင့်ချိန်အမီ အမြန်ပြုပြင်လျက်ရှိကြောင်း၊ မေ ၂၃ ရက်အထိ ၉၀ ရာခိုင်နှုန်းခန့် ပြုပြင်ပြီးစီးနေကြောင်း သိရသည်။

စာသင်ဆောင်များ ပြုပြင်နေသည့်အပြင် လေပြင်းကြောင့် နေအိမ်များပျက်စီးသော ဒေသခံပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲကိုလည်း ရွှေဘုံသာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မေ ၂၃ ရက်က ကျင်းပခဲ့သည်။ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပွဲတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက အမှာစကားပြောကြားပြီး ပြိုကျပျက်စီးသော အိမ်ခြောက်လုံးအတွက် တစ်အိမ်လျှင် ငွေကျပ်ငါးသောင်းစီနှင့် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ အိမ်ခေါင်မိုးလန်ထွက်ပျက်စီးခဲ့သော အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကလေးမြို့၌ ယခင်နှစ်ထက် မီးလောင်မှုနှုန်း ပိုမိုမြင့်တက်

**ကလေး မေ ၂၆**

ကလေးမြို့၌ ယခုနှစ်မေလအထိ မီးလောင်မှု ငါးကြိမ်ဖြစ်ပွားခဲ့ပြီး ယခင် ၂၀၁၄ ခုနှစ် တစ်နှစ်လုံး မီးလောင်မှုထက် တစ်ကြိမ်ပိုများကာ ဆုံးရှုံးမှုတန်ဖိုးမှာလည်း ယခင်နှစ်ထက်ပိုများနေကြောင်း သိရသည်။



၂၀၁၄ ခုနှစ်အတွင်း မီးလောင်မှု လေးကြိမ်ကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်ငါးသိန်းနီးပါးခန့်သာ ရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မီးလောင်မှု ငါးကြိမ်ကြောင့် ဆုံးရှုံးမှုတန်ဖိုးကျပ် ၁၅သိန်းကျော်ရှိနေကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

"ကလေးမြို့မှာ လမ်းဘေးခေတ်ဆီဆိုင်တွေပေါတယ်။ တချို့ဆိုင်လေးတွေက မီးသတ်ဦးစီးဌာနက သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေ လိုက်နာကြတာရှိသလို တချို့ဆိုင်တွေကြတော့လည်း စက်သုံးဆီသာ ရောင်းတာ မီးသတ်ဆေးဘူးလေးတောင် မထားကြဘူး။ အကောင်းဆုံးကတော့ မြို့တွင်းမှာ စက်သုံးဆီဆိုင်တွေ လုံးဝမထားတာ အကောင်းဆုံးပါပဲ။ ထားမယ်ဆိုရင်လည်း နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေအတိုင်း လိုက်နာမှုရှိဖို့ လိုအပ်ပါတယ်"ဟု ကလေးမြို့ ပင်လုံလမ်းမတော်မှ ဆေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည် ။

ကလေးခရိုင်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးဘုန်းအဲရ်က "မီးလောင်မှုတွေ အရင်နှစ်ကထက် များတာက လူတွေအနေနဲ့ မီးကိုပေါ့ဆစွာ သုံးစွဲလို့ လောင်ကြတာက များပါတယ်။ နောက်ပြီး မီးသတ်ဦးစီးဌာနက ထုတ်ပြန်ထားတဲ့ ကြေညာချက်တွေကို လိုက်နာမှုအားနည်းလို့ မီးလောင်ဆုံးရှုံးမှုတွေဖြစ်ရတာပါ"ဟု ပြောသည်။ ကလေးမြို့နှင့် မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်ကား ၁၅ စီးထားရှိပြီး မီးဘေးကာကွယ်ရေး ပညာပေးလုပ်ငန်းများကိုလည်း ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့များက စဉ်ဆက်မပြတ်လုပ်ကိုင်နေကြောင်း သိရသည်။ **သျှင်နေမင်း**

# လက်ဆည်ကျေးရွာ ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီး

**ဆိပ်ဖြူ မေ ၂၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ပညာရေးကဏ္ဍ မြင့်တင်ရေးနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိရာ လက်ဆည်ကျေးရွာ စာသင်ကျောင်း၌ မြခိုင်မာကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သည့် အလျားပေ ၉၀၊ အနံပေ ၃၀ရှိ အာရ်စီတစ်ထပ်ကျောင်းဆောင်သစ်ကို တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



မကွေးတိုင်းဒေသကြီး၌ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး လွှတ်တော်ရန်ပုံငွေဖြင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်ရေး၊ အန္တရာယ်ရှိသည့် အဆောက်အအုံများကို ပြုပြင်ရေးနှင့် အသစ်ဆောက်လုပ်ရေး၊ ကျောင်းသားဦးရေနှင့် ကျောင်းဆောင်မလုံလောက်သည့် စာသင်ကျောင်းများတွင် စာသင်ကြားမှုအဆင်ပြေစေရေးတို့အတွက် ကျောင်းဆောင်သစ်များတည်ဆောက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

MA GA Manufacturing Co., Ltd.

မာဃ ကုန်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

"ရန်ကုန်မြို့ကြီး" ရေစီးရေလာ ကောင်းမွန်ဖို့ မာဃ ကွန်ကရစ်ပိုက်ကို သုံးကြစို့။

၁။ ခေတ်မီစက်ကြီးဖြင့် ထုတ်လုပ်ထားသောကြောင့် နိုင်ငံတကာ အရည်အသွေး ပြည့်မီခြင်း။
၂။ သာမန်ရေနုတ်မြောင်းများ အဖြစ်သာမက (Circular Culvert) များအဖြစ်ပါအသုံးပြုနိုင်ခြင်း။
၃။ ကွန်ကရစ် အရည်အသွေး 30 MPa ရရှိအောင် ထုတ်လုပ်ထားခြင်းကြောင့် ရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ခြင်း။
၄။ အချင်း ၃၀၀ မီလီမီတာ မှ အချင်း ၁၅၀၀ မီလီမီတာ အရွယ်အစား အထိရရှိနိုင်ခြင်း။
၅။ သယ်ယူပို့ဆောင်ရန် (Transport and Handling ) လွယ်ကူခြင်း။
၆။ နိုင်ငံတကာစံနှုန်းများနှင့် အရွယ်အစားများအတိုင်း ပြုလုပ်ထားခြင်းကြောင့် တပ်ဆင်အသုံးပြုရ လွယ်ကူခြင်း။



စွန့်ပစ်ရေဆိုးများအတွက် ရေလုံ၍ Sulphate Resistance ရှိသောကွန်ကရစ်ပိုက်များကို ထုတ်လုပ်ပေးနိုင်ပါသည်။

အမှတ်(၁၀၄)၊ ဝက်မစွတ်ဝန်ထောက်လမ်း၊ လှိုင်သာယာစက်မှုဇုံ(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ Ph : 09 73494451, 09 5018522, 09 795723761



မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၇၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေး စာအုပ်တိုက်အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာ ရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလောနှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

# "၂၉" အရှေ့အနောက်ဈေးလမ်းမ

**ဆူးငှက်**

***ယခင်အပတ်မှအဆက်***

မန္တလေးမီးသတ်ဌာနကို ၁၈၉၈ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ထို့ကြောင့် လာမည့် ၁၉၉၈ ခုနှစ်သည် မန္တလေးမီးသတ်နှစ်တစ်ရာပြည့် ဖြစ်လေသည်။ ကြိုတောင့်ကြိုခဲ မီးသတ်နှစ်တစ်ရာပြည့်ပွဲကြီး ဆင်နွှဲလျှင်ဖြင့် မန္တလေးသားတွေ အလှူငွေထည့်ဝင်ဖို့ တွန့်တိုကြမှာမဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် မန္တလေးနှင့် မီးသတ်သည် သားသမီး၊ တူဝရီးလို ရင်က မစ္စတာဂင်းနစ်၊ မစ္စတာနယူးလင်းနှင့် ဦးမောင်မောင်တို့ ဖြစ်ပါသည်။

ဦးမောင်မောင်သည် မီးသတ်ရုံကြီးနှင့် မျက်နှာချင်းဆိုင်တွင်နေထိုင်ခဲ့၍ မီးသတ်လုပ်ငန်း၊ မီးသတ်ဌာနနှင့်ပတ်သက်၍ ပါရမီရှင်ဟု ဆိုရလောက်အောင် မျက်စိရည်ဝ၊ နားရည်ဝနေသူ ဖြစ်ပါသည်။ တက်လာသော မီးခိုး၊ မီးညွှန့်ကိုကြည့်၍ ဘာပစ္စည်းလောင်တာ၊ ဘယ်အရပ်ကလောင်တာ၊ ဘယ်လိုဆက်လောင်နိုင် ကံထူးအတွဲက မန္တလေးရုပ်ရှင်၏ ခတ်ရှင်ကားများတွင် မပါလျှင် မပြည့်စုံ။

တလောဆီက မီးသတ်နှင့် သက်ဆိုင်သူတစ်ဦးနှင့် စကားစပ်မိသောအခါ " မီးသတ်ကလည်းဗျာ။ ဘုရားပွဲလုံခြုံရေးစောင့်ရ၊ ဘုန်းကြီးပျံ ရှေ့ပြေးလုပ်ရ၊ စည်းကမ်းပျက်အနေးယာဉ်ဖမ်းရ၊ ရန်ပုံငွေတန်ပိုလာဖွင့်ရ၊ ပွဲတော်စက်ဘီးအပ်ဆိုင်ဖွင့်ရနဲ့ဆိုတော့ မီးလည်းမသတ်တတ်တော့ပါဘူး" ဟု ညည်းတွားလေသည်။




ပေါက်ဖွားလာသည့် အရင်းအချာများ ဖြစ်ခဲ့ဖူးသောကြောင့် ဖြစ်ပါ၏။

မန္တလေးမီးသတ်ကို စတင်တည်ထောင်စဉ်က တာဝန်ခံဗိုလ်မှာ မစ္စတာဝီလကင်ဆင် ဖြစ်ပါသည်။ ထိုစဉ်က မီးသတ်စက်မှာ ရေနွေးငွေ့နှင့် မောင်းနှင်ရပြီး မြင်းများနှင့်ဆွဲရ၏။ ထို့ကြောင့် မီးငြိမ်းသတ်ရာတွင် ခက်ခဲနှောင့်နှေးတတ်လေသည်။ ၁၉၁၇ ခုနှစ်တွင် ဈေးချိုတော် ဂိုဒေါင်ဘေးတောင်ဘက်တိုက်တန်း မီးလောင်မှုတွင် မီးငြိမ်းသတ်နှောင့်နှေးမှုဖြင့် ဆိုင်ခန်းခြောက်ခန်းပျက်စီးသောကြောင့် မြူနီစီပါယ်ကို တရားစွဲသည်။ ရုံးတော်က မြူနီစီပါယ်ကို အနိုင်ပေးပြီး တရားလိုကို ဒဏ်ငွေသုံးရာကျပ်တပ်လေသည်။ ထိုငွေကို မီးသတ်ဌာနသို့ချီးမြှင့်ခဲ့လေ၏။

ထိုနှစ်မှစ၍ ချက်ချင်းမီးငြိမ်းသတ်နိုင်သော မော်တော်မီးသတ်စက်များဝယ်ခဲ့လေသည်။ မီးသတ်ဌာနတည်ထောင်ပြီး မစ္စတာဝီလကင်ဆင်က တာဝန်ခံဗိုလ်အဖြစ် ဦးဆောင်ခဲ့ပြီးနောက် အဆက်ဆက် တာဝန်ခံဗိုလ်များမှာ မစ္စတာဒိုဇီ၊ မစ္စတာလစ်တယ်လ်၊ မလောင်နိုင်၊ ဘယ်သို့ငြိမ်းသတ်ဆိုတာ တစ်ချက်တည်းဆုံးဖြတ်နိုင်သည်။ မီးသတ်ကားကို ဘယ်ကသွား၊ ဘယ်လမ်းဝင်၊ ဘယ်ဘက်ကပက်ဟုလည်း တစ်ချက်တည်း ညွှန်ကြားနိုင်သည်။

ဦးမောင်မောင်၏ သားသမီးများတွင် ဦးခင်မောင်သည်လည်း မီးသတ်တာဝန်ခံဗိုလ်ဖြစ်သည်။ ထို့နောက် တုတ်တုတ်၊ ဘိုဘိုဟူသော သားနှစ်ယောက်က မန္တလေး၏ သကြ်န်ယိမ်းအကများကို ထိုခေတ်ကပင် ခေတ်မီအကများဖြင့် ဦးဆောင်ကပြသင်ကြားနိုင်ခဲ့ကြသည့် သားများဖြစ်ကြသည်။ မြို့မကွဲသို့ ခေတ်ပေါ်တူရိယာဝိုင်းကြီးမှ အနောက်တိုင်း တူရိယာများ၏ အသံ၊ အသွား၊ စည်းချက်များကို မြန်မာမျက်စိနှင့်လည်းမရိုင်း၊ သစ်ဆန်းမှု၊ တီထွင်မှုလည်းရှိသောအကများဖြင့် ညက်ညောစွာကပြနိုင်ခဲ့ကြသူများဖြစ်သည်။ အထူးသဖြင့် အာဖရိကဗုံချက်များဖြင့်ကပြရာတွင် ပိုင်နိုင်လှပေသည်။ ဦးမောင်မောင်၏ သားတစ်ယောက်မှာ ရွှေမန်းမောင်လေး ဖြစ်ပါသည်။ မန္တလေးရုပ်ရှင်ခေတ်က နာမည်ကျော် ဇာတ်ပို့သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ မောင်လေး-

ဗဟိုမီးသတ်ဌာနရှိ သံထည်မီးသတ်မျှော်စင်ကြီးမှာ ရေနံမြေမှ ရေနံတွင်းတူးစင်ဟောင်းကြီးဖြစ်၏။ မူလ ရေနံစင်မှာ အမိုးနှင့်အခင်းတပ်ထားခြင်းဖြစ်သည်။ ယခုတော့ ထိုသံထည်မျှော်စင်ကြီးသည် ရှစ်ထပ်၊ ၁၀ ထပ် တိုက်ကြီးတွေ များပြားလာသည့် မန္တလေးမှာ အသုံးဝင်ဦးလေမည်လားမသိ။ မီးသတ်ပိုက်လှန်းဖို့တော့ နေရာကျနေပေဦးမည်။

လမ်း(၈၀)နှင့် (၈၁)လမ်းကြား (၂၉)လမ်းကတော့ သိပ်မပြောင်းလဲ။ ရှေ့တော်ပြေးဝင်း တောင်ဘက်ပေါက်မှာ ဆင်ခြောက်ကောင်ဖိနပ်ဆိုင်းဘုတ်ကြီး ခံ့ထည်နေသည်။ ဆန်းယဉ်နာရီ ဆိုင်ကြီးလည်း ကြော်ငြာအားကောင်းကောင်းနှင့် ဖွင့်လှစ်လာ၏။ မန္တလေးမြို့၏ ပြက္ခဒိန်လက်ကားဆိုင်ကြီးတွေလည်း ထိုအနားမှာ ရှိကြပါသည်။ ပြက္ခဒိန်ဆိုင်ကြီးများ၏ အရှေ့ဘက်မှာ ဂင်ဇာစတိုးရှိ၏။ လက်ဆောင်ပေးစရာ၊ နိုင်ငံခြားဖြစ်ဆန်းဆန်းပြားပြားပစ္စည်းတွေ၊ နိုင်ငံခြားစာရေးကိရိယာ၊ ပိုစတာ၊ ပြက္ခဒိန်များရနိုင်၏။ လမ်း(၈၀)နှင့် (၂၉)လမ်းထောင့်မှာ မန်းဧရာဝတီဟိုတယ်ကြီးရှိပါသည်။

တောင်ဘက်က လက်ဖက်ရည်နှင့် ပေါက်စီဆိုင်က မပြောင်းလဲ။ ထို့အတူ လမ်း(၈၀)နှင့်(၂၉)လမ်းထောင့်မှာ မပြောင်းလဲသေးတာ တစ်ခုရှိပါသေးသည်။ ဦးစိန်ခေါက်ဆွဲဆိုင်ဖြစ်၏။ အရင်ကတည်းက ခေါက်ဆွဲဆိုင်၊ ယခင်က တရုတ်တန်းဈေးထိပ်။

ဦးစိန်သည် ဈေးဝယ်ရက်ရောလှသောကြောင့် တရုတ်တန်းဈေးထဲဝင်လျှင် ဈေးသည်များက သူ့ထက်ငါ ဆွဲခေါ်ကြသည်။ ခေါ်သူတိုင်းထံမှဝယ်သည်။ ဦးစိန်ဈေးကပြန်လာလျှင် ဟင်းသီးဟင်းရွက်၊ အသားငါး မနိုင်မနင်း တစ်ပွေ့တစ်ပိုက်။

(၂၉)လမ်းနှင့်လမ်း(၈၀)ထောင့်တွင် ရှေးကအီစမံအင်၏ ရေခဲမုန့်ဆိုင်ရှိပါသည်။ ထိုဆိုင်မှ အလုပ်သမားကိုတော်နှင့်ရှေ့ပြေးတော်ဝင်းသား ကိုမြဗောတို့သည် ၁၉၃၉ ခု ဖေဖော်ဝါရီလ ၁၀ ရက်ညက ထိုနေရာမှနေ၍ အမှောင်ရိပ်ကွယ်ကာ သိင်္ဂါသံသီချင်းတစ်ပုဒ် သီဆိုခဲ့ကြပါသည်။ မနက်ပိုင်းက အင်္ဂလိပ်အစိုးရ နှိပ်ကွပ်သဖြင့် ကျဆုံးခဲ့ရသည့် မြန်မာ့အာဇာနည်များအကြောင်း လက်တန်းစပ်ဆိုလိုက်သည့်သီချင်းဖြစ်၏။ မန္တလေးသားများ၏ နာစရာကို လွမ်းစရာနှင့်ဖြေခဲ့ကြပုံဖြစ်၏။

(၂၉)လမ်းနှင့် လမ်း(၈၀)ထောင့်မှာ သုံးငါးဘီစကွတ် Green Iceဆိုင်၊ တစ်ဖက်မှာ နာမည်ကျော် မောင်ကိန်းရွှေဆိုင်ကြီးရှိနေသည်။ ထိုနေရာများတွင် သစ်သီးဝလံဆိုင်များရှိကြပါသည်။ ယခင်က ချင်းတောင်လိမ္မော်သီးများနေရာ၌ ထိုင်ဝမ်သခွား၊ ဂျပန်ဖရဲ၊ တရုတ်ပန်းသီးတွေ နေရာယူထားကြ၏။

(၇၉)လမ်းနှင့် (၈၁)လမ်းကြား (၂၉)လမ်းသည် တရုတ်တန်းဈေး တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ မှိုခြောက်ပန်းခြောက်၊ တရုတ်ဆေးမြစ်၊ ကလေးဆွယ်တာ၊ ခြေအိတ်၊ ခေါင်းစွပ်၊ ရှင်မတောင်သနပ်ခါး၊ ဆတ်သားခြောက်၊ တောထန်းပင်၊ ရှမ်းခေါက်ဆွဲ၊ ပဲပုပ်စို၊ ပဲပုပ်ခြောက်၊ ဆီတို့ဟူး၊ မုန်ညင်းချဉ်သည်များသည် ဘူတာကြီးအုတ်တံတိုင်းဘေး ဆိတ်သားဆိုင်၊ ဝက်သားဆိုင်များဆီအထိ၊ ပြည့်ကျပ်. . .။

ဤသို့သော မြို့ပြဈေးဆိုင်များကြား (၂၉)လမ်းပေါ်တွင် သုတေသီတစ်ဦးသည် မြန်မာ့ရုပ်သေး၏ မနုဿဗေဒသဘောကိုလေ့လာကာ စာတမ်းရေးခဲ့ဖူးသည်။ ရုပ်သေးရုပ်များ ထုတ်လုပ်ခဲ့ဖူးသည်။ ဂျာမန်ရုပ်သေးပွဲတော်သို့လည်း တက်ရောက်ခဲ့ဖူးလေသည်။ (၂၉)လမ်းသည် ဤသို့သော သားကောင်းရတနာကို ယနေ့ထိ ပွေ့ပိုက်ထားဆဲဖြစ်ပါသည်။ သုတေသီစာရေးဆရာ ဆရာဝန်တင်မောင်ကြည်သည် (၂၉)လမ်းသား ဖြစ်ချေသည်။

ဘူတာကြီး ယာဒ်ဝင်းထဲမှ ရှန်တိန်တွဲရွှေ့သံ၊ စက်ခေါင်းဥသြသံလည်း (၂၉)လမ်းမှာ မဝံ့မရဲတိုးနေဆဲဖြစ်ပါသည်။ လူသူကင်းရှင်းသော ရှေးတုန်းက (၂၉)လမ်းအပေါ် ပိုင်စိုးပိုင်နင်း ဝင်လာခြင်းမျိုးတော့ မဟုတ်။

***(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)***

## သွားနှင့်ခံတွင်းအခမဲ့စစ်ဆေးခြင်း ရန်ကုန်၌ပြုလုပ်

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်းနှင့် Colgate သွားတိုက်ဆေးကုမ္ပဏီတို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန်လျင်၊ ရွှေပြည်သာ၊ လှိုင်သာယာမြို့နယ်များ အပါအဝင် ဆေးရုံခြောက်ခုနှင့် ဆေးခန်း ၁၇၆ ခုတို့တွင် သွားနှင့်ခံတွင်း အခမဲ့စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ စစ်ဆေးပေးခြင်းကို ယခုလ တစ်လအတွင်း ပြုလုပ်သွားမည်ဟု သိရသည်။

“သွားပုံမှန်တိုက်တာနဲ့တင် ကိုယ့်သွားတွေသန့်ရှင်းတယ်ဆိုတာ အာမခံချက်မပေးနိုင်ပါဘူး။ အချို့လူတွေက သွားနဲ့ခံတွင်း ကျန်းမာရေးစစ်ဆေးတဲ့နေရာမှာ ငွေအကုန်မခံချင်ဘူး။ ဒါပေမယ့်သွားနဲ့ခံတွင်းကျန်းမာရေးကို ပုံမှန်စစ်ဆေးသွားမယ်ဆိုရင် သွားပိုးစားတာတို့ သွားဖုံးရောဂါတို့လို အစာအိမ်ရောဂါ၊ အသည်းရောဂါနဲ့ ကျောက်ကပ်ရောဂါတို့ကိုဖြစ်စေနိုင်တဲ့ ဆိုးရွားတဲ့ သွားနဲ့ခံတွင်းအခြေအနေတွေကနေ ကာကွယ်ပေးမှာပါ။ သွားနဲ့ခံတွင်းကို တစ်နှစ်ကို အနည်းဆုံး နှစ်ကြိမ်စစ်ဆေးမှုပြုလုပ်ပေးသင့်ပါတယ်”ဟု သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာသိန်းဝင်းက ပြောကြားသည်။

သွားနှင့်ခံတွင်း ရောဂါဖြစ်ပွားသည့် လူနာ ၉၀ ရာခိုင်နှုန်းကျော်မှာ သင့်တင့်သော ကျန်းမာရေးဗဟုသုတ မရှိကြကြောင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးကတစ်ဆင့် ဆီးချိုရောဂါ၊ အစာအိမ်ရောဂါ၊ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါများဖြစ်ပွားနိုင်ကြောင်း၊ အစာစားပြီးတိုင်း ပလုပ်ကျင်းရန်နှင့် ပုံမှန်သွားနှစ်ကြိမ်ခန့် တိုက်ပေးသင့်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

## ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ ကျင်းပ

**တောင်ငူ မေ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သူနာပြုသင်တန်းကျောင်းတွင် (၁၃)ကြိမ်မြောက် သူနာပြုဒီပလိုမာသုံးနှစ် သင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲကို မေလတတိယပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် သူနာပြုသင်တန်းကျောင်းအုပ် ဒေါ်မိုးနွဲ့နွဲ့အောင်နှင့် တိုင်းဒေသကြီး အထွေထွေရောဂါကုဆေးရုံကြီးမှ သူနာပြုအုပ်ဒေါ်ခင်နှင်းဝေတို့က သင်တန်းဆင်းသူနာပြု ၆၄ ဦးအား ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းခဲ့သည်။

**မောင်ရွှေဝင်း(ပြည်)**

# လျှပ်စစ်ဓာတ်အားအသုံးပြုကာ မြစ်ရေများကို ရယူသုံးစွဲ



**မြင်းမူ မေ ၂၆**

မြင်းမူမြို့၏ အရှေ့ဘက် နှစ်မိုင်ခန့်သာဝေးသည့် ပုလဲတန် ရွာသည် အိမ်ထောင်စု ၁၉၀၊ လူဦးရေ၈၉၀ခန့် နေထိုင်လျက် ရှိသည်။

ယခင်က ဧရာဝတီမြစ်ရေကို ရွာ၏တောင်ဘက်တွင် နွေရာသီရေနည်းသည့်အခါ သဲသောင်များပေါ် ထွန်းလျှင် ငါးဖာလုံခန့် သွားရောက်ခပ်ယူသုံးစွဲကြရသည်။ ၂၀၁၄/၂၀၁၅ ခုနှစ် လွှတ်တော်ရန်ပုံငွေဖြင့် စက်ရေတွင်းနှင့် ရေကန်ကို တူးဖော်တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

ယခုအခါ ပုလဲတန်ရွာဆိပ်ကမ်းမှ သုံးမိုင်ဝေးသောရွှေရတု တိပိဋကစက္ကုပါလကုသိုလ်ဖြစ် မျက်စိဆေးရုံသို့ ရေပိုက်များသွယ်တန်း၍ လျှပ်စစ်ဓာတ်အားအသုံးပြုကာ မြစ်ရေများကို ရယူသုံးစွဲနေကြရပြီ ဖြစ်သည်။

ရွှေရတုတိပိဋကဓရမှ ဘဏ္ဍာဂါရိက ဘဒ္ဒန္တဝံသပါလာလင်္ကာရက ပုလဲတန်ကျေးရွာအတွက် နှစ်လက်မရေပိုက်လိုင်းတစ်ခု ဆက်သွယ်ပေးခဲ့သည်။ ရေပိုက်လိုင်းကို လွှတ်တော်ရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့သော ရေကန်သို့ပို့လွှတ်ပြီး ရေကန်မှတစ်ဆင့် ကျေးရွာအတွင်းသို့ လျှပ်စစ်မော်တာအသုံးပြုပြီး အိမ်တိုင်းစေ့ ရေမီတာများတပ်ဆင်ပေးပြီး နံနက်ပိုင်းတွင် အရှေ့ခြမ်း၊ ညနေပိုင်းတွင် အနောက်ခြမ်းရေပေးဝေလျက်ရှိပါသည်။ လက်ရှိရေပေးဝေမှုအနေဖြင့် စမ်းသပ်ကာလဖြစ်၍ ရေမီတာခများ သတ်မှတ်ကောက်ခံခြင်းမရှိသေးကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဆွေ၏ ပြောပြချက်အရသိရှိရသည်။ (၀၇၉)

# ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးခွင့်ရှိသူစာရင်းများ ထုတ်ပြန်ကြေညာ

**ပျဉ်းမနား မေ ၂၆**

၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပတော့မည့် ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ် ပြည့်မီသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိ လူဦးရေစာရင်းကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် မေ ၂၅ ရက် နံနက်ပိုင်းက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ၂၀၁၅ ခုနှစ် မေ ၂၅ ရက်နေ့တွင် မဲပေးခွင့်ရှိသူစာရင်းများကို အတည်ပြုနိုင်ပြီး ထုတ်ပြန်ကြေညာခဲ့ပါတယ်၊ အကြောင်းအမျိုးမျိုးကြောင့် အသက်ပြည့်မီပြီး မဲပေးခွင့်စာရင်းတွင် ကျန်ရှိနေသူများကိုလည်း ထပ်တိုးစာရင်း၊ ဖြည့်စွက်စာရင်းများဖြင့် ထည့်သွင်းပေးသွားမှာ ဖြစ်ပါတယ်"ဟု ရွာကောက်ရပ်ကွက်အုပ်စု ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က ရှင်းပြသည်။

ပျဉ်းမနားမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၃၆ စုရှိပြီး မဲပေးခွင့်ရှိသူစာရင်းများအား ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာသကဲ့သို့ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ နယ်မြေများတွင်လည်း ဆယ်အိမ်စုမှူးများက မိမိနယ်မြေများတွင် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# နေအိမ်ဖောက်ထွင်းသူ အမျိုးသမီးဖမ်းမိ

**အင်းတော် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အောင်မင်္ဂလာရပ်ကွက် (လယ်ပြင်စု)တွင် မေ ၂၀ ရက် နံနက် ၆ နာရီခွဲက အမျိုးသမီးတစ်ဦးအား နေအိမ်ဖောက်ထွင်းနေစဉ် ဒေသခံများက ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် နံနက် ၆ နာရီခွဲက အိမ်ရှင် မခင်ဝင်းရီ နေအိမ်တံခါးများကို သော့ခတ်ကာ အဝတ်လျှော်သွားခဲ့ပြီး နံနက် ၇ နာရီခန့်တွင် နေအိမ်သို့ပြန်လာရာ အိမ်တံခါးသော့မှာပျက်၍ အိမ်ပေါ်တွင် အမျိုးသမီးတစ်ဦးတွေ့ရှိသဖြင့် အိမ်ရှင်က အနီးအနားရှိအိမ်များသို့ အကူအညီတောင်း၍ ဝိုင်းဝန်းဖမ်းဆီးသည်။ ထို့နောက် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာကာ ၎င်းအမျိုးသမီးမေးမြန်းရာ မခင်နွယ်ဝင်းဆိုသူဖြစ်ကြောင်း သိရသည်။

နေအိမ်တံခါးများကိုဖျက်ပြီး အိမ်အတွင်းသို့ ပစ္စည်းများခိုးယူရန်ကြံစည်သည့် မောင်ကိတ်ရွာ၊ အင်းတော်မြို့နေသူ မခင်နွယ်ဝင်းကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နိုင်စိုးလင်း**



**ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဝွေးကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးဖွင့်ပွဲနှင့် ကောက်မယ်သူကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၂၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစောလင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။**

နေလင်း(ညောင်လေးပင်)

မြန်မာ့အလင်း

## စာတည်းထံပေးစာများ

# အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား -**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်တွင် အရက်ချက်ဖိုလိုင်စင်ရထားသူ တစ်ဦးသည် အမှတ်(၂) ရပ်ကွက်၊ ရန်ကြီးအောင်ရပ်ကွက်နှင့် ဇေယျာသုခရပ်ကွက်အစပ်တို့တွင် တရားမဝင် အရက်ချက်ဖိုများခွဲချထားပြီး လုပ်ငန်းများလုပ်ကိုင်ရာမှ ထွက်ရှိသည့် အရက်ချက်နံ့မှ ဓာတုအနံ့အသက်ဆိုးများ၊ ရေဆိုးများအပြင် အရက်ချက်သူများက ဝက်များမွေးမြူထားသောကြောင့် ဝက်ချေးအနံ့များက ရပ်ကွက်နေပြည်သူများ၏ ကျန်းမာရေးထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ ဆောင်ရွက် ပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာရေးစိုးရိမ်သူ**

# ရပ်ကွက်အတွင်းမှဂျုံစက် ကြပ်မတ်ဆောင်ရွက်ပေးစေလို

**စာတည်းခင်ဗျား -**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိလမ်းမကြီး (အောင်သိဒ္ဓိ ၃ လမ်းထိပ် မျက်နှာချင်းဆိုင်)ရှိ ဂျုံစက်ရုံမှ နေ့/ည လည်ပတ်၍ ဂျုံမှုန့်၊ ဖုန်မှုန့်၊ အမှုန် အမွှားအနံ့အသက်ဆိုးများကို ပတ်ဝန်းကျင်နေထိုင်သူများ အမြဲရှူရှိုက်နေရခြင်း၊ ညအချိန်မတော် ကုန်တင်ကားများဆူညံစွာ အတင်အချပြုလုပ်ခြင်း၊ အလုပ်သမားများ မူးယစ်သောက်စား အော်ဟစ်ဆဲဆိုရန်ဖြစ်ခြင်းများ နေ့တိုင်းလိုလို ပြုမူဆောင်ရွက်နေသဖြင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းတို့ကြောင့် အဆိုပါစက်ရုံကို လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

# ကြက်ခြံမှအနံ့ ဆိုး ပတ်ဝန်းကျင်မခံနိုင်

**စာတည်းခင်ဗျား -**

လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၂) နားအိုက်ခန့်အတွင်းရှိသော ကြက်မွေးမြူရေးခြံမှ အနံ့ဆိုးများသည် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာ ရေးကိုထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**စိုးရိမ်သူများ**

# ဝက်သားတုတ်ထိုးဆိုင် ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား -**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်စံပြဈေးရှေ့ (၄)လမ်းထိပ် ဝက်သားတုတ်ထိုးဆိုင်နှင့် ငါးပိ၊ ငါးခြောက်မျိုးစုံ ရောင်းချသောဆိုင်သည် လမ်းပိတ်၍ ထိုင်ခုံများခင်းကာ ရောင်းချသောကြောင့် လမ်းသူလမ်းသားများနှင့် ခရီးသွားပြည်သူများ အခက်အခဲဖြစ်ရသည့်အပြင် အညှော်နံ့များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ သက်ဆိုင်ရာကလိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**


## International Banking Training Program

ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းကျွမ်းကျင်ပညာရှင်များနှင့် ပါရင့်ဘဏ်လုပ်ငန်းဆရာကြီးများမှ အောက်ပါ ဘဏ်လုပ်ငန်း နည်းစနစ်များ၊ ဘဏ်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပါသည်။

| | |
|---|---|
| Financial banking system, Banking' Laws | International Trade |
| Method of payment system | U.C.P.D.C (600) |
| Type of letter of credit | Trade service (Import/Export) |
| In-co term | Collection |
| Remittance | Correspondent banking |
| Foreign Account | Forex |
| Fund Management | |

နိုင်ငံတကာ/ပြည်တွင်းဘဏ်များတွင် လက်ရှိလုပ်ကိုင်နေသူများ၊ ဘဏ်လုပ်ငန်းနယ်ပယ်တွင်အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေရန်ကြိုးစားနေသူများ၊ International Banking ကို စိတ်ပါဝင်စားသူများ အထူးတက်ရောက် လေ့လာသင်ယူနိုင်ရန် ဖိတ်ခေါ်ပါသည်။

စုံစမ်းရန် ။ ။ မစုစုနိုင်
Empower office
504,Buliding C,Delta Plaza, Middle Shwe Gone Daing Road, Bahan Tsp., Yangon.
Ph: +95 (1) 558822, 09421752660 Fax: +95 (1) 552865
Email: admin@empowermyanmar.net

ရုံးချိန် ။ ။ နံနက် (၉:၀၀) နာရီ မှ ညနေ ၅:၃၀ နာရီအတွင်း








မွေးသက္ကရာဇ်မလိုပဲ၊ ကောင်းကင်နက္ခတ်ဖြင့် တိကျစွာဟောနိုင်သည့်
ကမ္ဘာကျော်အဆင့်မြင့် K.P နက္ခတ်ဗေဒင်
ဘဝအတွက်ဆုံးဖြတ်ရန်ခက်ခဲသည့်ပြဿနာကိစ္စအမှုအခင်း/အရှုံးအမြတ်သိန်းသန်းကုဋေ ရင်းနှီးမည့်လုပ်ငန်း၊ အနုပညာ၊ အမတ်/ဝန်ကြီး၊ ထိပ်တန်း ရာထူးများရကိန်း၊ အိမ်ထောင်ရေးအချစ်ရေးစသည့်နက်နဲသည့်ကိစ္စများကို ရက်လတိကျစွာဟောပေးမည်။
ကမ္ဘာကျော် K.P နက္ခတ်ပါရဂူ ဦးမြတ်ဆွေဦး
ဃ/၂၈၉၊ ဒေဝဟသီလမ်းမ၊ မ/ဥက္ကလာ၊ ရန်ကုန်။ ၀၉-၅၀၁၀၁၉၆
(သန်းထီဆုကြီးပေါက်ကိန်းနှင့် ထီဂဏန်း/မင်္ဂလာနာမည်ရွေးသီးသန့် ဟောပေးသည်)
ဖုန်းဖြင့် (အထူး) ဟောပေးသည်။



စာအုပ်
စာပေ
လူ့မိတ်ဆွေ

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

**(က) ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းသုံးပစ္စည်း 1 Lot**

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၅-၂၀၁၅ရက်မှ ၁၃-၆-၂၀၁၅ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၆-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

## ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး
## ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့် ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၆-၂၀၁၅ ရက် (ညနေ ၄း၀၀နာရီ)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများ အသေးစိတ်ကိုသိရှိ လိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀) ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့**
ဖုန်း-၀၄၂-၇၀၄၉၂

## ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာန ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ဂျပန်နိုင်ငံ၏ (ODA)ချေးငွေဖြင့်ဆောင်ရွက်မည့် တောင်နဝင်းတူးမြောင်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

ဝယ်ယူလိုသည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၂)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၅-၅-၂၀၁၅ ရက်မှစ၍ ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါထုတ်ယူနိုင်သည့်ရက်** - ၂၉-၅-၂၀၁၅ ရက်
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၉-၆-၂၀၁၅ ရက် ၁၅း၀၀ နာရီ
**ဆက်သွယ်ရန်တယ်လီဖုန်း** - ၀၅၃-၂၈၅၃၃
**တင်ဒါပေးပို့ရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၂)၊ ငွေစာရင်းဌာနစိတ်တွင် ၂၉-၅-၂၀၁၅ ရက်မှ ၅-၆-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**တည်ဆောက်ရေး (၂)၊ ပြည်မြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းပမာဏ |
|---|---|---|
| ၁ | 07/DHPI(P&W) 2015-2016<br>ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၊ မိုးမိတ်မြို့ရှောင် ဘေလီတံတားတည်ဆောက်ခြင်း | ၂၀၀ ပေ |
| ၂ | 08/DHPI(P&W) 2015-2016<br>အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ နားမခေါ်-တာလုံကျေးရွာ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်း | ၈ မိုင် |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၂၅-၅-၂၀၁၅ ရက် ၉း၃၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန်** - ၁၅-၆-၂၀၁၅ ရက် ၁၅း၀၀နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်နေ့ရက်၊ အချိန်** - ၁၅-၆-၂၀၁၅ ရက် ၁၅း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံ တစ်စောင်လျှင် ၁၀၀၀၀ ကျပ် နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

## The Republic of the Union of Myanmar
## Ministry of Energy
## Myanma Petrochemical Enterprise

**Title: Invitation for Letter of Expression of Interest (LOEI) for Joint Venture Project of laboratory services of petroleum and petrochemical products.**

1. Myanma Petrochemical Enterprise (MPE), Ministry of Energy of the Republic of the Union of Myanmar is planning to establish a Joint Venture Project of laboratory services which analyses the specification and qualification of the petroleum and petrochemical products and certifies or recertifies in accordance with the standard of International Organization of Standardization (ISO).
2. MPE hereby announces an invitation to submit the Letter Expression of Interest (LOEI) for the Joint Venture Project of laboratory services between MPE and a company which shall have the accreditation of International Organization of Standardization (ISO) and also have experience(s) for the analysis of specification and qualification of the petroleum and petrochemical products.
3. The required data for LOEI submission and information related to the above Joint Venture Project are available in the Ministry of Energy website (http://www.energy.gov.mm/index.php/en/information/announcement) and Facebook (www.facebook.com/MinistryOf Energy.Myanmar) as well as the following address during the office hours starting from 27.5.2015;

Director (Planning) Fax-067-411124
Myanma Petrochemical Enterprise Email:labjvp@gmail.com
Building No 44, Nay Pyi Taw

4. No telephone inquiries shall be facilitated.
5. LOEI shall be submitted to following address in person no later than 12:00 noon on 15.7.2015;

Managing Director
Myanma Petrochemical Enterprise
Building No 44, Nay Pyi Taw

## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ(ကျပ်ငွေ)ဖြင့် စက်ပစ္စည်းကိရိယာတန်ဆာပလာများ ဝယ်ယူလိုပါသဖြင့် အောက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) တင်ဒါအမှတ်စဉ်၊01-DISI (ဘွိုင်လာစစ်ဆေးရေးပစ္စည်းကိရိယာများ)
(ခ) တင်ဒါအမှတ်စဉ်၊02-DISI (လျှပ်စစ် စစ်ဆေးရေးပစ္စည်းကိရိယာများ)
(ဂ) တင်ဒါအမှတ်စဉ်၊03-DISI (စက်မှုလုပ်ငန်းစစ်ဆေးရေးပစ္စည်းကိရိယာများ)
(ဃ) တင်ဒါအမှတ်စဉ်၊04-DISI (ရုံးသုံးစက်ပစ္စည်းကိရိယာများနှင့်ရုံးသုံးပစ္စည်းများ)

၂။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၁-၅-၂၀၁၅ ရက် (တနင်္လာနေ့) ၀၉း၃၀ နာရီ
(ခ) **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၀-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၃၀ နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၌ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ၊ ဖုန်း-၀၆၇-၄၀၈၂၉၁၊ ၄၀၈၃၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၅/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း
(က) စက်နှင့်စက်အရန်ပစ္စည်းများ-Fire Extinguisher(3)Items, Flexible Hose Pipe (23)Nos,Sewing Head (1)Set
(ခ) ကုန်ကြမ်းပစ္စည်းများ-(4 ½" x 6½" ) Plastic Bag (10,000)Lb, Candle Wick (5, 500)Viss
(ဂ) စက်ဆီ/ချောဆီ-Ultra Coolant Oil(400)Liter

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း
(က) ဓာတုဗေဒပစ္စည်းများ-Propylene Dichloride (PDC) (74)Kg

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၆-၂၀၁၅ ရက် ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်**
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

## The Republic of the Union of Myanmar
## Ministry of Energy
## Myanma Petrochemical Enterprise
### Invitation for the Letter of Expression of Interest

**Title:** Joint Venture Project for the Construction of Liquefied Petroleum Gas (LPG) terminal and Supply Chain of LPG Business (Importation, Storage, Distribution and Marketing)

Myanma Petrochemical Enterprise (MPE) hereby announces an invitation for the Letter of Expression of Interest to implement a joint venture project between MPE and interested investors who shall be a consortium of a local company (or companies) and a foreign company (or companies) and shall have the ability in terms of worldwide experiences in LPG importation, storage, wholesales distribution, marketing and services, financial capability, reliability for long term cooperation.

The scope of the business shall include the construction of a new LPG terminal (i.e.storage tank(s), jetty, etc) on available land area in No.(1) Refinery (Thanlyin) and the supply chain of LPG business of importation, storage, wholesale distrubtion and marketing.

Detailed information for LOEI submission and information related to the joint venture project are available in the Ministry of Energy's website (www.energy. gov.mm/index.php/en/information/announcement) and the facebook (www. facebook.com/Ministry Of Energy. Myanmar) as well as at the following address during office hour starting from 27-5-2015;

**Planning Department**
3rd Floor, Myanma Petrochemical Enterprise
Building No (44), Nay Pyi Taw
1pgbusinessjv@gmail.com

Letter of Expression of Interest must be delivered together with all the necessary materials requested in the detailed information to the following addres in person before 12:00 noon on 15-7-2015;

Managing Director
Myanma Petrochemical Enterprise
Building No (44), Nay Pyi Taw

No telephone enquiries shall be facilitated.

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဘားအံမြို့-ပြည်နယ်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသောလူနာများအား ကုသပေးရန်လိုအပ်သောဆေးဝါးများကို ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ပထမအရစ်အဖြစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန်ခေါ်ယူအပ်ပါသည်။
FDA အသိမှတ်ပြုဆေးဝါးများသာ တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများရောင်းချမည့်ရက် - ၂၇-၅-၂၀၁၅ရက်မှ ၁၁-၆-၂၀၁၅ ရက်အထိ

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၂-၆-၂၀၁၅ရက် ညနေ ၁၆း၀၀နာရီ
သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်နယ်ပြည်သူ့ဆေးရုံကြီး-ဘားအံမြို့၊ ဖုန်း-၀၅၈-၂၁၂၅၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ပုသိမ်ကြီး၊ စဉ့်ကူး၊ မြစ်သား၊ တံတားဦး၊ မလှိုင်၊ မြင်းခြံ၊ နွားထိုးကြီး၊ ပျော်ဘွယ်၊ ကျောက်ပန်းတောင်း၊ ညောင်ဦး(ပုဂံမြို့) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များဆောက်လုပ်ရန်ရှိပါသဖြင့် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း၊ လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါအဆောက်အအုံဆောက်လုပ်လိုသော လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၆-၅-၂၀၁၅ ရက်မှစ၍ ၂၃ လမ်းနှင့် ၆၄ လမ်းထောင့်၊ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၅-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ၃၀-၆-၂၀၁၅ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ အဆောက်အအုံဆောက်လုပ်ခွင့်လိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၄။ အောက်ပါတယ်လီဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ဖုန်း-၀၂-၆၇၃၄၀၊ ၀၂-၃၉၀၇၉

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အောက်ဖော်ပြပါ ၆၆ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများအား တည်ဆောက်ရေးလုပ်ငန်းအပါအဝင် Turnkeyစနစ်ဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

(က) ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
   (၁) ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ်ဓာတ်အားလိုင်း
   (၂) မော်လမြိုင်တိုးချဲ့နှင့် ၆၆/၃၃ကေဗွီ၊ (၂၀)အမ်ဗွီအေသံဖြူဇရပ်ခွဲရုံ
(ခ) ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
   (၁) ၆၆ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောဓာတ်အားလိုင်း
   (၂) ပုဏ္ဏားကျွန်းတိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေရသေ့တောင်ခွဲရုံ
   (၃) ၆၆/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ ဘူးသီးတောင် ဓာတ်အားခွဲရုံ
   (၄) ၆၆/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ
(ဂ) ၆၆ကေဗွီ ရာဇကြိုလ်-ကလေး-ကလေးဝ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
   (၁) ၆၆ကေဗွီ ရာဇကြိုလ်-ကလေး-ကလေးဝ ဓာတ်အားလိုင်း
   (၂) ကလေးတိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ ကလေးဝဓာတ်အားခွဲရုံ
(ဃ) ၆၆ကေဗွီ ပုသိမ်-ငွေဆောင်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
   (၁) ၆၆ ကေဗွီ ပုသိမ်-ငွေဆောင်ဓာတ်အားလိုင်း
   (၂) ပုသိမ်တိုးချဲ့နှင့် ၆၆/၃၃/၁၁ကေဗွီ (၁၀)အမ်ဗွီအေ ငွေဆောင်ဓာတ်အားခွဲရုံ
(င) ၆၆ ကေဗွီ ရာဇကြိုလ်-မော်လိုက်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
   (၁) ၆၆ ကေဗွီ ရာဇကြိုလ်-မော်လိုက်ဓာတ်အားလိုင်း
   (၂) ရာဇကြိုလ်တိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၁၀)အမ်ဗွီအေ မော်လိုက်ဓာတ်အားခွဲရုံ
(စ) ၆၆ ကေဗွီ မြင်းခြံ-ငါန်းဇွန်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
   (၁) ၆၆ ကေဗွီ မြင်းခြံ-ငါန်းဇွန်ဓာတ်အားလိုင်း
   (၂) ၆၆/၁၁ ကေဗွီ၊ (၁၀)အမ်ဗွီအေငါန်းဇွန်ဓာတ်အားခွဲရုံ
(ဆ) ၆၆ကေဗွီ ပုဏ္ဏားကျွန်း-ပုဏ္ဏားကျွန်း စက်မှုဇုန်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
   (၁) ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ပုဏ္ဏားကျွန်းစက်မှုဇုန် ဓာတ်အားလိုင်း
   (၂) ပုဏ္ဏားကျွန်းတိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၁၀)အမ်ဗွီအေ ပုဏ္ဏားကျွန်းစက်မှုဇုန် ဓာတ်အားခွဲရုံ
(ဇ) ၆၆ ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
   (၁) ၆၆ ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်း
   (၂) မင်းတပ်တိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ မတူပီ ဓာတ်အားခွဲရုံ
(ဈ) ၆၆ ကေဗွီ မိုးမိတ်-မဘိမ်းဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
   (၁) ၆၆ ကေဗွီ မိုးမိတ်-မဘိမ်းဓာတ်အားလိုင်း
   (၂) မိုးမိတ်တိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ (၅)အမ်ဗွီအေ မဘိမ်းဓာတ်အားခွဲရုံ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၂-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

## အောင်စကြာရတနာဓာတ်နန်း
## အမှန်ဟောဆရာ စကြာအောင်ပွင့်ခေါင်
## မနောဗေဒပညာ

နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီ အမှတ် ၉၅၆၊ ယသဝတီ ၁၂ လမ်း၊ (၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဖုန်း-၀၉-၂၅၀၅၀၄၁၄၄၊ ၀၉-၇၃၂၀၄၀၈၅၊ ၀၉-၂၅၂၆၀၀၅၆၇၊

တစ်နေ့(၁၀)ဦးသာ၊ ဗုဒ္ဓဟူးနေ့တိုင်း နားသည်။

---

# ကွန်ကရစ်ဓာတ်မီးတိုင်

ဝယ်ယူလိုသူများ အောက်ပါလိပ်စာများတွင် ဝယ်ယူရရှိနိုင်ပါသည်။ မော်လမြိုင်မြို့၊ သီရိမြိုင်နယ်မြေ၊ သရက်ကုန်းလမ်းမရှိ ကွန်ကရစ်စက်ရုံတွင် ရရှိနိုင်ပါသည်။

**ဆက်သွယ်ရန် ဦးစိုးသိန်း ဖုန်း-၀၉-၅၆၆၁၆၇၇၊**
**ဦးအောင်မင်း ဖုန်း-၀၉-၅၃၂၂၈၂၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ဃ/၄၇၄၆၃ Luojia 110 (M/C)ယာဉ်လက်ဝယ်ရှိသူ ထွန်းထွန်းဝင်း ၁၄/ပသန(နိုင်)၂၄၄၅၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

---

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေးမြောက်ပိုင်း၊ မြေကွက်အမှတ် (၁၀၉/ခ)၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧကသည် နှစ်၆၀မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးစိန်မြင့်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ် (၂၇၆၈/၂၀၁၅) တင်ပြ၍ ဦးခင်ကြည်+၂ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## တင်ဒါပိတ်မည့်ရက်တိုးမြှင့်သတ်မှတ်ခြင်း

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ Network နှင့် Hospital Management Information (HMI) တည်ထောင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါပိတ်မည့်ရက်/အချိန်အား ၂၉-၅-၂၀၁၅ရက် (သောကြာနေ့) ၁၆း၀၀နာရီအစား ၅-၆-၂၀၁၅ရက်(သောကြာနေ့) ၁၆း၀၀နာရီဟု ရက်တိုးမြှင့်သတ်မှတ်လိုက်သည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**ဇီဝနည်းပညာနှင့်ဒြပ်ပစ္စည်းသိပ္ပံသုတေသနဦးစီးဌာန**
**ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန (ကျောက်ဆည်)တွင် Helium Gas and Mixture Gas များ ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဤဦးစီးဌာန၏ ငွေစာရင်းဌာန(ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ငွေစာရင်းဌာန(ကျောက်ဆည်)**
**ဖုန်း-၀၆၆-၅၀၅၉၈၊ ၀၆၆-၅၀၆၀၆**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**ဟားခါးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ် ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ (ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း)၊ လျှပ်စစ်နှင့်စက်မှုပိုင်းဆိုင်ရာပစ္စည်းများဝယ်ယူခြင်းနှင့် ဓာတ်အားလိုင်းများတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသောကုမ္ပဏီနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ချင်းပြည်နယ်၊ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ၂၆-၅-၂၀၁၅ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၉-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-
   (က) ၀၇၀-၂၁၉၄၄
   (ခ) ၀၇၀-၂၂၄၂၄

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်သော Transmission Line Maintenance ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၆-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂၊ ၀၆၇-၄၁၀၂၀၉**

---

## ပိုင်ရှင်ကိုယ်တိုင်ငှားမည်

၁။ လမတ-မင်းရဲကျော်စွာလမ်း၊ UNFCCI အနီး 76'x110' RC ၂ ထပ် 120 -L
၂။ king tower Condo - Sq-3000 4 MRB-1-BR 5-AC-FF
နှင်းဆီကုန်းလမ်း၊ အလုံ၊ 26.L
အကျိုးဆောင်ခပေးပါမည်။

**ဖုန်း-၀၉-၅၁၂၅၂၂၅၊ ၀၉-၅၁၄၀၁၄၁**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်ဘောဂလမ်း၊ အမှတ်(၈/၃၃)၊ အကျယ်အဝန်း( $\frac{၆၇'}{၄၈'} \times \frac{၈၀'}{၇၈'}$ )ခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးမိုးဟိန်း ၁၂/ကမရ(နိုင်)၀၃၂၉၆၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)** | **ဒေါ်ဝင်းသဇင်ဦး(စဉ်-၃၁၀၀၃)** | **ဒေါ်ညိုမာ(စဉ်-၃၅၇၇၆)** |
| **LL.B.,LL.M,D.B.L** | **LL.B,D.B.L,C.B.M** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊**
**မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀**

---

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**၂၀၁၅-၂၀၁၆ ပညာသင်နှစ်**
**အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်**

## သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် သင်တန်းသားသစ်များခေါ်ယူမည်ဖြစ်ပါ၍ မည်သည့်နှစ်တွင်မဆို အခြေခံပညာအလယ်တန်း(အဋ္ဌမတန်း) အောင်မြင်သော ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်သည်။

၂။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက နည်းပညာတက္ကသိုလ်များသို့ သက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း တက်ရောက်ခွင့် ရရှိမည်ဖြစ်ပါသည်။

၃။ (၂)နှစ်သင်တန်းတွင် ရိုးရိုးအဆင့်ဖြင့် အောင်မြင်ပါက လုပ်ငန်းခွင်လက်တွေ့သင်တန်း (၄)လတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးပါက A.G.T.I ပထမနှစ်သင်တန်းသို့ သက်ဆိုင်ရာ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းအောင်လက်မှတ် (Certificate)ရရှိပြီးပါက အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများသို့ စက်မှုကျွမ်းကျင်ဝန်ထမ်းအဖြစ် အလုပ်လျှောက်ထားနိုင်မည်ဖြစ်သည်။ အစိုးရနည်းပညာအထက်တန်းကျောင်း ဒုတိယနှစ်သင်တန်းကို အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုလိုပါက ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

၅။ အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူများအား တစ်ဦးလျှင် တစ်လ ၃၀၀၀ဝိ/-နှုန်းဖြင့် သင်တန်းတက်သည့်ကာလများအတွင်း ထောက်ပံ့ကြေးပေးအပ်မည့်အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
   (က) အဆောက်အအုံနည်းပညာသင်တန်း(Building Technology)
   (ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း(Electronics Technology)
   (ဂ) လျှပ်စစ်နည်းပညာသင်တန်း(Electrical Technology)
   (ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း(Auto Mechanics Technology)
   (င) စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)
   (စ) ရေခဲသေတ္တာနှင့် လေအေးပေးစက်နည်းပညာသင်တန်း (Refrigeration and Air Conditioning Technology)
   (ဆ) သတ္တုပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်း (Metal Process Technology)
   (ဇ) သုတနည်းပညာသင်တန်း(Information Technology)

၇။ သင်တန်းများကို မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအဆင့်များရရှိစေရန် စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပေးမည်ဖြစ်ပါသည်။

**သင်ကြားရမည့်ဘာသာရပ်များ**

၈။ အောက်ပါဘာသာရပ်များကို သင်ကြားရမည်ဖြစ်သည်-

| | |
|---|---|
| (က) မြန်မာစာ | (င) ဓာတုဗေဒ |
| (ခ) အင်္ဂလိပ်စာ | (စ) ဘောဂဗေဒ |
| (ဂ) သင်္ချာ | (ဆ) မိမိသင်တန်း၏အထူးပြုဘာသာရပ် |
| (ဃ) ရူပဗေဒ | (ဇ) ပုံဆွဲဘာသာရပ် |

**ကျောင်းအပ်စတင်လက်ခံမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
**ကျောင်းစတင်ဖွင့်လှစ်မည့်ရက်** - ၁-၆-၂၀၁၅ ရက်
**ကျောင်းအပ်လက်ခံမည့်နောက်ဆုံးရက်** - ၂၁-၆-၂၀၁၅ ရက်

၉။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို နီးစပ်ရာအစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ရရှိနိုင်မည်ဖြစ်ပြီး သတ်မှတ်ကျောင်းအပ်ရက်အတွင်း မိမိတက်ရောက်လိုသည့် အစိုးရ နည်းပညာအထက်တန်းကျောင်းသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၁၀။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

---

## အများသိစေရန်ကြေညာအပ်ပါသည်

ကျွန်မ ဒေါ်နီလာမြင့်စော ၁၂/မဘန(နိုင်)၀၈၃၁၇၀သည် တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၁၂၅၇ (၁၄ပေ×ပေ ၅၀) အကျယ်အဝန်းရှိ မြေညီ(ခြေရင်းထောင့်ခန်း)တိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးခင်မောင်ဝင်း ၁၂/ကခက(နိုင်)၀၀၄၈၉၉ နှင့်ဇနီး ဒေါ်အေးမြင့်ကြည် ၈/မထန(နိုင်)၀၀၇၇၇၉တို့ထံမှ ၁၆-၇-၂၀၁၄ရက်တွင် သက်ဆိုင်ရာအသိသက်သေများရှေ့မှောက်၌ အပြီးအပိုင်ငွေပေးချေ၍ ဝယ်ယူခဲ့ပြီး လိုအပ်သည့်အထောက်အထား စာရွက်စာတမ်းအပြည့်အစုံဖြင့် ယနေ့တိုင် လက်ဝယ်ပိုင်ဆိုင်လျက်ရှိပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်မ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ တစ်ဆင့်ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများကို ဆောင်ရွက်ပိုင်ခွင့်မရှိပါကြောင်း အကယ်၍ ဆောင်ရွက်ပါက တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတစ်ဦးတည်းသာလျှင် တိုက်ခန်းပိုင်ရှင်ဖြစ်ပါကြောင်း အများသူငှာ သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

**တိုက်ခန်းလက်ဝယ်ပိုင်ဆိုင်သူ**
**ဒေါ်နီလာမြင့်စော**
**၁၂/မဘန(နိုင်)၀၈၃၁၇၀**

---

## ဦးအောင်ဌေးနှင့် သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

မှော်ဘီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၆၅/က)၊ သဲဖြူကွင်း၊ ဦးပိုင်အမှတ် (N -၄၆)၊ ဧရိယာ ၀ဒသမ၆၇ဧကရှိ မြေအား ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ ဦးအောင်ဌေးမှ လွန်ခဲ့သောငါးနှစ်ခန့်၌ ဝယ်ယူခဲ့ရာ လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ဦးအောင်ဌေးမှ ဝယ်ယူပြီးသည့်အချိန်မှစ၍ ယနေ့အထိ ကပလင်းရွာ၊ ရင်းတိုက်ပင်ကျေးရွာအုပ်စုနေ ဦးဇော်မင်းသိန်း ၁၂/မဘန(နိုင်)၁၂၂၀၁ နှင့် ဒေါ်ဝေဝေ(ခ) ဒေါ်ရီရီဝေ ၁၂/မဘန(နိုင်)၀၂၉၇၂၄ တို့အား ဖော်ပြပါမြေ၌ ခြံစောင့်အဖြစ် ထားခဲ့ပါသည်။

သို့ပါ၍ မှော်ဘီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ ကပလင်းရွာနေ ဦးဇော်မင်းသိန်းနှင့် ဒေါ်ရီရီဝေ(ခ)ဒေါ်ဝေဝေအား ခြံစောင့်အဖြစ်ထားခဲ့သူ ဦးအောင်ဌေး(သို့မဟုတ်)ဦးအောင်ဌေး၏အမွေဆက်ခံသူ မိသားစုများမှ အမှန်တကယ်မိသားစုဝင်များဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ဦးဇော်မင်းသိန်းနှင့် ဒေါ်ဝေဝေတို့ထံ (သို့မဟုတ်) ကျွန်ုပ်ထံ အမြန်ဆုံးအကြောင်းကြားဆက်သွယ်ပါရန် ကြေညာပါသည်။

**ဒေါ်တင်ဦးဝေ LL.B**
**အထက်တန်းရှေ့နေ (စဉ်-၃၆၃၆၉)**
**အမှတ် (၁)ရပ်ကွက်၊ ဇီးကုန်းလေး၊ မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၁၈၉၆၂၁**

ဒေါက်တာကျော်စော၊ ဒေါ်မေမျိုးမြတ် B.Sc ( Chem:)
ဦး စီး တည် ထောင် သော

ကိုယ်ပိုင်အထက်တန်းကျောင်း
ပြင်ဦးလွင်မြို့



နဝမတန်း Grade 10 တန်းခွဲသစ်ကို ၂၀၁၅၊ ဇွန်လ ၂ ရက်နေ့ (အင်္ဂါနေ့)တွင် စတင်သင်ကြားမည်။
အမှတ်(၁၄၄)၊ R/A III မြို့ပတ်လမ်း၊ အထက(၄) အနီး၊ ပြင်ဦးလွင်မြို့။ ✆ ၀၈၅- ၂၂၃၉၀၊ ၂၃၃၂၈

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B.)နှင့်ဆက်သွယ်ပါ။(ဒီဇံရက်မနီ)
01-394727, 01-399426 09-73009994-
တိုက်(၃၅)ယာ်(၈၇)မြေညီထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဦးနိုင်ဝင်း၏ အားသစ်
ပညာရေးကောလိပ် (နည်းပြ)(စာပေ) ဝင်ခွင့်အတွက်နေ့စဉ်တက်
Daily - 9:00(am)to 12:00(am)
မြန်မာစာ၊ ဗတုသုတ၊ အင်္ဂလိပ်စာ (၃)ဘာသာစာအုပ် မေ (၂၉) ထွက်မည်၊ ရောင်းမည်။
၁၄၈(၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)ပန်းဆိုးတန်းမှတ်တိုင်
09 500 1599,09 450017415, 09 8632973

**အမှားပြင်ဆင်ခြင်း**

၂၃-၅-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်း သတင်းစာတွင် အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း ကြော်ငြာပါ ၂၅-၁၁-၂၀၁၅ရက်အစား ၂၅-၁၁-၂၀၁၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဦးသန်းဝင်း ၁၂/ဥကမ(နိုင်)၀၃၅၃၃၅**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၆၆၀၉၈ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြအေး ၁၄/အမန(နိုင်)၀၈၅၃၉၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ငွေးရီ(ကညွတ်ကွင်း)**
**အသက်(၉၂)နှစ်**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်တို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ငွေးရီ အသက်(၉၂)နှစ်သည် ၂၀၁၅ ခုနှစ်၊ မေလ(၂၃)ရက်၊ စနေနေ့ညတွင် ကွယ်လွန် အနိစ္စရောက်ရှိကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း၊ မိခင်ကြီး ဒေါ်ငွေးရီ မြင့်မြတ်သော ဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်
ဥက္ကဋ္ဌနှင့် အမှုဆောင်များ

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ငွေးရီ(ကညွတ်ကွင်း)**
**အသက်(၉၂)နှစ်**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်တို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ငွေးရီ အသက်(၉၂)နှစ်သည် ၂၀၁၅ ခုနှစ်၊ မေလ(၂၃)ရက်၊ စနေနေ့ညတွင် ကွယ်လွန် အနိစ္စရောက်ရှိကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း၊ မိခင်ကြီး ဒေါ်ငွေးရီ မြင့်မြတ်သော ဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်

***Chairmanနှင့်ဝန်ထမ်းများ***
***Art Wave Group Co.,Ltd***

## ဝမ်းနည်းကြေကွဲခြင်း
**ဦးအောင်သန်း**
**အသက် (၇၉)နှစ်**

အမှတ် ၆၆၊ ၁၄ လမ်း၊ လမ်းမတော်မြို့နယ်နေ စိဏ်ကြီး(S & W Fashion)၏ ဖခင်သည် ၂၄-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြောင်း။ **King & King clinic**

**ရတနာအောင်မြေကျောင်းတိုက်၊ ဖမိုင် ၁၁လှိုင်**

